မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၄၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ယနေ့ မာတိကာ

ဆီးနှင်းထူထပ်စွာကျဆင်းမှုကြောင့် တောင်ကိုရီးယား၌ အဆောက်အအုံပြိုကျ ၁၀ ဦး သေဆုံး — စာ - ၄

ချစ်သော မျက်စိဖြင့်သာ — ဆောင်းပါး — စာ - ၆

နိုင်ငံခြားဝင်ငွေရရှိစေသည့် မြိတ်ကျွန်းစုဒေသမှ ကဏန်းပျော့မွေးမြူရေး — စာ - ၁၂

ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး အတက်ကြမ်းနေ — စာ - ၁၃

အသင်းကြီးတွေ ခက်ခဲဦးမယ့် လာလီဂါပွဲစဉ် (၂၅) — စာ - ၁၄

ပြင်ပခြံလှောင်အိမ်စနစ်ဖြင့် မွေးမြူမှုအောင်မြင်လာသည့် မြန်မာ့ကြယ်လိပ် — စာ - ၁၈

ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အလေးထားဆောင်ရွက်နေမှုဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E.General Iqbal Kaim Byuiyan, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ၌ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံသို့ ဦးတည်လာသည့် ဖောက်ခွဲဖျက်ဆီးရေးသမားသုံးဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် အလေးထားမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Maj-Gen(Retd.) Anup Kumar Chakma နှင့် စစ်သံမှူး Brig-Gen, Md Mahbubul Haque, ndc, afwc,psc တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E.General Iqbal Kaim Byuiyan, psc အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်များ ရထားဖြင့်ခရီးသွားရာတွင် ဆွဲဆောင်မှုရှိသည့် ရေနွေးငွေ့စက်ခေါင်းများကို ပြုပြင်မွမ်းမံထားစဉ်။

ရေနွေးငွေ့စက်ခေါင်းများသည် ကမ္ဘာလှည့်ခရီးသည်များအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် အင်းစိန်စက်ခေါင်းစက်ရုံသို့ စက်ခေါင်းစွမ်းအား ပြန်လည်မြှင့်တင်ခြင်း ဆောင်ရွက်နေမှုနှင့် ကမ္ဘာလှည့်ခရီးသည် အထူးရထား၌ အသုံးပြုရန် ရေနွေးငွေ့စက်ခေါင်းများ အထူးအကြီးတန်းပြုပြင်မှုနှင့် ပတ်သက်၍ မှာကြားရာတွင် ရထားစက်ခေါင်းများအား စွမ်းအားပြန်လည် မြှင့်တင်ခြင်းလုပ်ငန်း သတ်မှတ်လျာထားချက်များကို ပြည့်မီအောင် ဦးစားပေးဆောင်ရွက်ရန်၊ ကမ္ဘာလှည့်ခရီးသည် အထူးရထား၌ အသုံးပြုရန် ရေနွေးငွေ့စက်ခေါင်းများ အထူးအကြီးတန်း ပြုပြင်ခြင်းလုပ်ငန်းကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန်၊ ရေနွေးငွေ့စက်ခေါင်းများသည် ကမ္ဘာလှည့်ခရီးသည်များ အထူးနှစ်ခြိုက်ကြသဖြင့် ခရီးသွားလုပ်ငန်းတွင် ဆွဲဆောင်မှုတစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ ရှေးဟောင်းစက်ခေါင်းများဖြစ်၍ စာရင်းမှပယ်ဖျက်မည့် စက်ခေါင်းများမှ အရန်ပစ္စည်းအားလုံးကို ဆယ်တင်စုဆောင်းထားရန်မှာကြားပြီး စက်ရုံအတွင်း စက်ခေါင်းများ ပြင်ဆင်မွမ်းမံနေခြင်းများ၊ ရေနွေးငွေ့စက်ခေါင်းများ အထူးအကြီးတန်း ပြုပြင်နေခြင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၆ ✱

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည့်အလျောက် စားနပ်ရိက္ခာလိုအပ်ချက်မှာလည်း တဖြည်းဖြည်း တိုး၍လာသည်။ စားနပ်ရိက္ခာဖူလုံပြည့်ဝရေးသည် လူသားတစ်ရပ်လုံးအတွက် အလွန်ပင်အရေးကြီးသော ကိစ္စဖြစ်သည်။ လူသားတစ်ဦးအနေဖြင့် အရေးတကာအရေးတို့တွင် စားရေးကိစ္စသည် မရှိမဖြစ်ပေ။ အစားအသောက်များ ချို့တဲ့ခြင်း၊ အစားအစာမလုံလောက်ခြင်းတို့၏ နောက်ကွယ်တွင် ပြဿနာများစွာ ပေါ်ပေါက်လာနိုင်သည်။

စားနပ်ရိက္ခာလျော့ပါးလာသည်နှင့်အမျှ ကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ အာဟာရချို့တဲ့၍ ကျန်းမာရေးထိခိုက်လာခြင်း၊ စီးပွားရေးအကျပ်အတည်းဖြစ်လာခြင်း၊ အမှုအခင်းများ တိုးပွားလာခြင်း စသော ဆိုးကျိုးများ ဆက်တိုက်ဖြစ်ပွားတတ်လေသည်။ စားရေရိက္ခာပြည့်စုံသော နိုင်ငံအသီးသီးတို့တွင် အများအားဖြင့် အေးချမ်းစွာဖွံ့ဖြိုးလေ့ရှိသည်။ စားရေရိက္ခာ မပြည့်မစုံသော နိုင်ငံတို့တွင် နောက်ဆက်တွဲဆိုးကျိုးများကို ကြုံတွေ့ကြရလေသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) က ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ အထိ ရှိလာမည်ဖြစ်၍ စားနပ်ရိက္ခာများကို လက်ရှိထုတ်လုပ်မှုထက် ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်သွားကြရန် ကြေညာချက် ထုတ်ပြန်ထားသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ကလည်း လာမည့်ဒိုဟာဆွေးနွေးပွဲတွင် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးကို ဦးစားပေးကဏ္ဍအဖြစ် ဆွေးနွေးသွားရန် ပြင်ဆင်လျက်ရှိသည်။ ဤအချက်များကို ထောက်ရှုလျက် စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေးသည် အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်ကိစ္စပင် ဖြစ်ပါသည်။

သို့သော် ထိုကိစ္စသည် လူတစ်ဦးတစ်ယောက်တည်းဖြင့် လုပ်ဆောင်၍မရ၊ လူတစ်ဦးတစ်ယောက်ချင်းမှစပြီး အားလုံးပါဝင်ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။ စားရေရိက္ခာတိုးမြှင့်ထုတ်လုပ်ရေး မိမိတို့ကျရာနေရာက အားကြိုးမာန်တက် ဝိုင်းဝန်းအားထုတ်ကြရမည်ဖြစ်သည်။ စားရေရိက္ခာဖူလုံရေးအတွက် လယ်သမားများသာ တာဝန်ရှိသည်မဟုတ်ပေ။ အလုပ်သမားတို့၏ ကုန်ထုတ်စွမ်းအားများလည်း တိုးမြှင့်ရမည်ဖြစ်သည်။ ထို့အတူ ဝန်ထမ်းများကလည်း တွန်းအားပေးလုပ်ဆောင်ရန် တာဝန်ရှိပါသည်။ ထိုသို့ ဟန်ချက်ညီစွာဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ တစ်နှစ်ထက်တစ်နှစ် တိုးလာမည်ဖြစ်သကဲ့သို့ မွေးမြူရေး၊ သားငါးတို့လည်း တိုးမြှင့်ထုတ်လုပ်လာနိုင်ရမည် ဖြစ်ပါသည်။ ပုဂ္ဂလိကများ၏ ထုတ်လုပ်မှုမြင့်မားလာဖို့ လိုပါသည်။

တစ်ဖက်က စားနပ်ရိက္ခာကို တိုးမြှင့်ထုတ်လုပ်ရင်း အခြားတစ်ဖက်တွင်လည်း ကုန်ထုတ်စွမ်းအားများ မြင့်မားလာရမည် ဖြစ်သည်။ သို့မှသာ စားရေရိက္ခာဖူလုံပြီး စီးပွားရေးမှာလည်း တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ စီးပွားရေး တည်ငြိမ်စွာ ဖွံ့ဖြိုးလာသည်နှင့်အမျှ အခြားသောပြဿနာများမှာလည်း အထိုက်အလျောက် လျော့နည်းကျဆင်းသွားမည်ဖြစ်ပါသည်။ သို့ပါ၍ လူတိုင်းဖူလုံစွာစားသုံးနိုင်ရေးအတွက် စားနပ်ရိက္ခာ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ပြည်သူအားလုံး ကျရာကဏ္ဍမှနေ၍ ဝိုင်းဝန်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်)များ လုပ်ငန်းခွင်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဥပဒေအရာရှိတစ်ဦး၏ လုပ်ဆောင်ချက်သည် မိမိတစ်ဦးတည်းသာမက ပြည်ထောင်စုရှေ့နေချုပ်ရုံးတစ်ရုံးလုံးနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း၊ မိမိ၏ကိုယ်ကျင့်တရားကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နေထိုင်ခြင်းသည် တစ်မျိုးသားလုံး၏ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်ကြောင်း၊ ကောင်းမွန်သည့် အစဉ်အလာများ တည်တံ့သွားနိုင်ရေးသည် မျိုးဆက်သစ်ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်ပေါ်တွင်မူတည်ကြောင်း၊ ဥပဒေအရာရှိများသည် ယခုကတည်းက အသိအလိမ္မာ ကျွမ်းကျင်မှုတို့ကို မိမိတို့အတတ်ပညာဖြင့် ယှဉ်တွဲလျက် ရည်ရွယ်ချက် ကောင်းမွန်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဥပဒေအရာရှိများသည် ပြည်တွင်းဥပဒေများကိုသာမက ဘာသာစုံနိုင်ငံတကာ ဥပဒေများကိုလည်း နှံ့စပ်စွာလေ့လာသွားကြရန် လိုအပ်ကြောင်းဖြင့် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသော ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ၏ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို သုံးလတာကာလကြာမြင့်စွာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာပြုပြင်စရာ

မြေသယ်ယာဉ်နှင့် သဲကျောက်သယ်ယာဉ်များ စည်းကမ်းလိုက်နာစေချင်

ရန်ကုန်မြို့တွင်း အမှိုက်သယ်ယာဉ်၊ မြေသယ်ယာဉ်၊ သဲကျောက်သယ်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် အဖုံးအကာများသေချာစွာ ဖုံးအုပ်ပြီးသွားလာရန် သက်ဆိုင်ရာမှ ညွှန်ကြားထားသော်လည်း လိုက်နာမှုအားနည်းသဖြင့် ဖေဖော်ဝါရီ ၁၅ ရက် ၁၁ နာရီဝန်းကျင်က လမ်းမတော်မြို့နယ်အတွင်း ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်းဆုံ ဘုန်းကြီးလမ်းတောင်မှမြောက်သို့ သွားသည့်ယာဉ်ကြောပေါ်တွင် မြေကြီးခဲလွင့်စဉ်ကျနေသည့် လမ်းကြောင်းရှည်ကို မြင်တွေ့ရသည်ဟု လမ်းသွားလမ်းလာများကဆိုသည်။

အဆိုပါလမ်းဆုံနေရာသည် မကြာခဏယာဉ်တိုက်မှုဖြင့် သေကျေဒဏ်ရာရမှု မကြာခဏဖြစ်ပွားလေ့ရှိရာ ယခုကဲ့သို့ စည်းကမ်းမဲ့မြေသယ်ယာဉ်အချို့၏ အဖုံးအကာ သေချာလုံခြုံစွာမပြုလုပ်ဘဲ မောင်းနှင်မှုကြောင့် လမ်းမပေါ်သို့ တောက်လျှောက်ကျနေသော မြေစိုင်ခဲလမ်းကြောင်းရှည်ကြောင့် ယာဉ်များသွားလာရာတွင် အန္တရာယ်ရှိသကဲ့သို့ ပြည်ပခရီးသွားများ အများအပြား လာရောက်မှုရှိသော ယခုကာလတွင် မြို့အလှသာယာမှုရှိရေး သက်ဆိုင်ရာမှ လုပ်ဆောင်နေမှုအပေါ် ထိခိုက်မှုရှိစေကြောင်း ယင်းလမ်းကြောင်းပေါ် မောင်းနှင်သွားလာနေသော ယာဉ်လုပ်သားတစ်ဦးကဆိုသည်။

သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များအပေါ် မလိုက်နာမှု၊ စည်းကမ်းမဲ့မှုများကို ကျူးလွန်မှုနှင့်အတူ တစ်ပြေးညီ အရေးယူမှသာ စည်းကမ်းလိုက်နာမှုများ တိုးတက်လာပြီး အများ ပြည်သူသွားလာရာလမ်းများ သန့်ရှင်းမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းလာကြောင်း ပြည်ပခရီးသွားများ အမြင်တွင်ပါ မြို့အလှ ပုံရိပ် တင့်တယ်လှပလာမည်ဟု ရန်ကုန်မြို့တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

အာဆီယံဖိုရမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မကွေး ဖေဖော်ဝါရီ ၁၈

၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက တာဝန်ယူထားသည်ဖြစ်ရာ မြန်မာနိုင်ငံရှိ ပြည်သူများအား အာဆီယံ၏ သဘောသဘာဝများ၊ လူထုဆွေးနွေးပွဲများကို ဒေသတွင်းပြည်သူများပါ သိရှိနိုင်ရန်အတွက် Myanmar People Forum Working Group က တာဝန်ယူဆောင်ရွက်သည့် အာဆီယံဖိုရမ် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ကျင်းပသည်။

Asean People Forum အတွက် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုတွင် အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ရာ ယခု မကွေးမြို့တွင် ဖွင့်လှစ်သည့် အလုပ်ရုံဆွေးနွေးပွဲမှာ (၁၄)ခုမြောက် ဖြစ်ကြောင်း သိရသည်။

ခင်မာလာ(မကွေး)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Yang Houlan လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Yang Houlan လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

အင်းစိန်စက်ရုံမှ ပြုပြင်ပြီးစီးခဲ့သော ပထမ ရေနွေးငွေ့စက်ခေါင်း အမှတ် ဝိုင်ဒီ -၉၆၇ သည် ပြေးဆွဲရန် အသင့်ဖြစ်နေပြီး မလွှကုန်း စက်ခေါင်းစက်ရုံ၌ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့မီးရထား အင်းစိန်ဆေးရုံ (ခုတင်-၅၀ဆံ့)၌ တက်ရောက်နေကြသော ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံအားပေးသည်။

ထို့နောက် ဆေးရုံတက်လူနာများအား ဆေးဝါးအထောက်အပံ့ပေးနေမှုများ၊ ကုသနေမှု အခြေအနေများ၊ လူနာများ လက်တွေ့အကျိုးခံစားနေရမှုများကို စစ်ဆေးပြီး ဆေးရုံသန့်ရှင်းရေးအတွက် တိုးမြှင့်လုပ်ဆောင်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှုအခြေအနေများ ဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာကင်တားနားနှင့် အဖွဲ့သည် ယနေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်းနှင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း **(အောက်ပုံ)**၊ ဦးအောင်မင်း၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာ ဖေသက်ခင်တို့နှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးဌေးဦးနှင့် လည်းကောင်း၊ ဦးစစ်အေး ခေါင်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် အခြေအနေ၊ ရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ ဥပဒေရေးရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ထို့ပြင် သတင်းမီဒီယာဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ အခြေအနေနှင့်တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံရေးအကျဉ်းသားဆိုင်ရာ ကိစ္စရပ်များ၊ သိမ်းဆည်းမြေယာများနှင့် ပတ်သက်၍ ဖြေရှင်းပေးနေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နေမှု၊ အပစ်အခတ်ရပ်စဲရေး၊ စစ်ဘေးဒဏ်ကြောင့် ပြောင်းရွှေ့နေထိုင်နေရသည့် ဒုက္ခသည်များ၏ လူမှုစီးပွားဘဝ ပြန်လည်မြှင့်တင် ထူထောင်ပေးရေးဆိုင်ရာများ၊ သန်းခေါင်စာရင်းကောက်ယူခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ၊ ဥပဒေအသစ်များရေးဆွဲပြင်ဆင်ပြဋ္ဌာန်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာကင်တားနားနှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ယနေ့မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

အစ္စရေး၊ အီဂျစ်၊ ဂျော်ဒန် - (၃) နိုင်ငံခရီး
US$ (၃၃၀၀)
BUSINESS PLUS
BUSINESS PLUS TRAVEL & TOURS

(၂၀၁၄)ခုနှစ်အတွက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ရေးအတွက် ကြေညာချက်

ရက်စွဲ။ ၁၇-၂-၂၀၁၄

၁။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၂၀၁၄)ခုနှစ်အတွက် အမှုဆောင်သစ်များကို ပြန်လည်ရွေးချယ်တော့မည်ဖြစ်ပါ၍ မိမိတို့ကိုင်ဆောင်ထားကြသော ယခင်အစည်းအရုံးဝင်-ကတ်အဟောင်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၂၀၁၂)မှ ထုတ်ပေးခဲ့သောကတ်အသစ်များနှင့် အမြန်ဆုံးလာရောက် လဲလှယ်ကြပါရန် အသိပေးအပ်ပါသည်။

၂။ ဆန္ဒမဲပေးခြင်းနှင့်ရွေးချယ်ခံမည့်သူများသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(၂၀၁၂) အစည်းအရုံးဝင်ကတ်အသစ်လဲလှယ်ကိုင်ဆောင်ထားသူများကိုသာ မဲဆန္ဒပေးခွင့်နှင့်ရွေးချယ်ခံပိုင်ခွင့်ပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 209348, 09-731 67000

WOODEN HARP
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
09-403741383, 09-420100118

Feb 28, Mar 4,7,11,14
240860/372290
09-49282825
0973494339

GOLDEN STAR
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
ရွှေစက်တော်/ငွေဆောင်(သော်ကြာ)
Ph:209200, 430480, 544383, 703448, 09-5046000

ဦးရာလူရောင်းမည်

ပေ ၇၀×၁၃၃ပေ (၉၅၀၀ စပေခန့်) မြေကွက်၊ ဘိုးဘွားပိုင်၊ ရေမီးစုံ၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ **ကျပ်သိန်း ၁၅၀၀**၊ အကျိုးဆောင်ခ ၂%၊

ဖုန်း-၀၉-၄၂၁၀၀၄၆၁၅၊ ၀၁-၂၁၆၅၄၄၊ ၀၉-၄၄၄၀၀၆၅၇၁

နိုင်ငံတကာသတင်း

ထိုင်းရဲနှင့် ဆန္ဒပြသူများ ထိပ်တိုက်စတင်ရင်ဆိုင်

ဗန်ကောက် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ အစိုးရအိမ်တော်အပြင်ဘက်၌ ရဲတပ်ဖွဲ့က ဆန္ဒပြသူများသိမ်းပိုက်ထားသော ဝန်ကြီးရုံးတစ်ရုံးကို ပြန်လည်ရယူလိုက်ပြီး အခြားဆန္ဒပြသူများနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သည်။ ဆန္ဒပြသူများ ပိတ်ဆို့ထားသော အစိုးရရုံးများ ပြန်လည်ရယူရန် ကြိုးပမ်းမှု အစိတ်အပိုင်းအဖြစ် ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် စွမ်းအင်ဝန်ကြီးဌာနရုံး၌ ဆန္ဒပြသူ ၁၀၀ ခန့်ကို ဖမ်းဆီးလိုက်သည်။ ထိုအတောအတွင်း ရာပေါင်းများစွာသော အဓိကရုဏ်း နှိမ်နင်းရေး ရဲအရာရှိများက အစိုးရအိမ်တော်အပြင်ဘက်၌ ဒိုင်းများ၊ ဓာတ်ငွေ့ကာများ ကိုင်ဆောင်ကာ ဆန္ဒပြလူအုပ်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

ထိုင်းအစိုးရသည် နိုဝင်ဘာလအတွင်း ဆန္ဒပြမှုစတင်ကတည်းက နိုင်ငံရေး အကျပ်အတည်းများ ပေါ်ပေါက်ခဲ့သည်။

ဆန္ဒပြသူများက လွန်ခဲ့သောလများက အစိုးရတရားဝင်နေရာများကို သိမ်းထားပြီး အစိုးရဆင်းပေးရန် တောင်းဆိုလျက်ရှိသည်။

မိမိတို့အနေဖြင့် ဆန္ဒပြသူ ၁၀၀ ကျော်ကိုလည်း ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲ ပါရာဒွန်ပတ္တနားတာဘတ်က ရိုက်တာသို့ ပြောကြားသည်။ ရဲတပ်ဖွဲ့က ဆန္ဒပြသူများနှင့် လွန်ခဲ့သောရက်များက အစိုးရရုံးနေရာများမှ ဖယ်ရှားပေးရန် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း ဆန္ဒပြမှုများ အလျှော့မပေးဘဲ ဆက်လက်ဆန္ဒပြရန် ဆုံးဖြတ်ခဲ့သည်။ **(ရိုက်တာ)**

ရာဂျစ်ဂန္ဒီလုပ်ကြံသူသုံးဦးအား သေဒဏ်မှလျှော့ပေါ့ပေး

နယူးဒေလီ ဖေဖော်ဝါရီ ၁၈

အိန္ဒိယဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီအား ၁၉၉၁ ခုနှစ်က လုပ်ကြံရာတွင် သေဒဏ်ချမှတ်ခံရသူ အမျိုးသားသုံးဦးအား သေဒဏ်ချမှတ်ခြင်းမှ လျှော့ပေါ့ပေးလိုက်ကြောင်း အိန္ဒိယတရားရုံးချုပ်က ပြောသည်။

တရားသူကြီးချုပ် ပီပါဆက်သာဗီဗန်က အဆိုပါအမျိုးသားသုံးဦးအား သေဒဏ်ချမှတ်ထားခြင်းမှ လျှော့ပေါ့သတ်မှတ်လိုက်သည်။ မူရူဂန်၊ ဆန်သန်း၊ ပါရာဗီဗာလန်တို့သည် ၂၀၀၉ ခုနှစ်က သီရိလင်္ကာအစိုးရတပ်များက ချေမှုန်းခဲ့သည့် တမီလ်ကျားသူပုန်အဖွဲ့ဝင်များဖြစ်ကြသည်။

၂၀၀၆ ခုနှစ်တွင် အဆိုပါ ကျားသူပုန်အဖွဲ့က အိန္ဒိယကို တုန်လှုပ်စေခဲ့သည့် ယင်းလုပ်ရပ်အပေါ် နောင်တရမိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အိန္ဒိယအစိုးရအနေဖြင့် အဆိုပါ သေဒဏ်ချမှတ်ထားခြင်းခံရသူများအား သေဒဏ်မှလျှော့ပေါ့ပေးရန် ၁၁ နှစ်ကြာ အချိန်ယူဆုံးဖြတ်ခဲ့ရကြောင်း တရားသူကြီးချုပ်က ပြောကြားသည်။

ရာဂျစ်ဂန္ဒီသည် တမီလ်နာဒူပြည်နယ် ရွေးကောက်ပွဲမဲဆွယ်စဉ် လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်သည်။ **(ဘီဘီစီ)**

•••••••••••••••

သြစတြေးလျရောက် ဒုက္ခသည်များစခန်း၌ ပဋိပက္ခဖြစ်ပွား တစ်ဦးသေဆုံး၊ ၇၇ ဦးဒဏ်ရာရရှိ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၈

ပါပူဝါနယူးဂီနီရှိ သြစတြေးလျနိုင်ငံရောက် ဒုက္ခသည်များထိန်းသိမ်းရာစခန်း၌ ဆူပူမှုပဋိပက္ခဖြစ်ပွားခဲ့ရာ နှစ်ညမြောက်၌ ဒုက္ခသည်တစ်ဦးသေဆုံးပြီး အခြား ၇၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဒဏ်ရာရရှိသူများအနက် ၁၃ ဦးမှာ ပြင်းထန်လျက်ရှိပြီး နှစ်ဦးကိုမူ ဆေးကုသမှုခံယူရန် သြစတြေးလျသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ တစ်ဦးမှာမူ သေနတ်ဒဏ်ရာရထားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သြစတြေးလျနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး၏ ပြောကြားချက်အရ ဒဏ်ရာရသူများမှာ ထိန်းသိမ်းရာစခန်းအပြင်တွင် တွေ့ရှိရခြင်းဖြစ်သည်ဟု သိရသည်။ သြစတြေးလျနိုင်ငံသည် နိုင်ငံတွင်းခိုလှုံရန် စက်လှေဖြင့် ရောက်လာသူများအား ပါပူဝါနယူးဂီနီရှိ ဒုက္ခသည်များထိန်းသိမ်းရာစခန်းသို့ ပို့ပေးလျက်ရှိသည်။ **(ဘီဘီစီ)**

ယူကရိန်းနိုင်ငံ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွား

ကိယက်ဗ် ဖေဖော်ဝါရီ ၁၈

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒင်းတက်ဒေသရှိ ကျောက်မီးသွေးတွင်း တနင်္လာနေ့ညက ပေါက်ကွဲမှုဖြစ်ပွားရာမှ အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး အခြားကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုသည် ယူကရိန်းနိုင်ငံ မာကီကာမြို့ ဆဗန်နာယာမိုင်းတွင်း၌ မြေပြင်အောက် ၈၁၅ မီတာနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ မီသိန်းဓာတ်ငွေ့ပမာဏများစွာကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ပြည်နယ် အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ပေါက်ကွဲမီးလောင်မှုဖြစ်စဉ်အတွင်း ခုနစ်ဦးမှာ ပွဲချင်းပြီးသေဆုံးသွားပြီး မီးလောင်ဒဏ်ရာများနှင့် အခြားအလုပ်သမားကိုးဦးကို ဒေသခံဆေးရုံများသို့ပို့ဆောင်ပေးထားပြီးဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် မိုင်းတွင်းကို လုပ်ငန်းများ ရပ်ဆိုင်းထားပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်သည်။ **(ဆင်ဟွာ)**

အီရန်နျူကလီးယားဆွေးနွေးပွဲစတင်

ဗီယင်နာ ဖေဖော်ဝါရီ ၁၈

အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့သည် အငြင်းပွားဖွယ် အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်ပြီး ကာလရှည်သဘောတူညီချက်တစ်ရပ်အပေါ် ပထမအကျော့ ဆွေးနွေးပွဲကို စတင်လိုက်သည်။

ဗီယင်နာ၌ ဆွေးနွေးသည့် အဆိုပါဆွေးနွေးပွဲတွင် အီရန်က ၎င်း၏ ယူရေနီယံသန့်စင်မှုကို ထိန်းချုပ်ရန် နိုဝင်ဘာလက သဘောတူညီခဲ့သောအချက်အပေါ် ဆက်လက် ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။

ဆွေးနွေးပွဲမတိုင်မီ အီရန်နှင့် အမေရိကန် တာဝန်ရှိသူများက ဆွေးနွေးပွဲ အလျင်အမြန်အောင်မြင်ရန် မျှော်လင့်ထားသည်။

ဆွေးနွေးပွဲကို အီရန်၊ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်များက သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဒေသစံတော်ချိန် ၁၁ နာရီတွင် ဖွင့်လှစ်ခဲ့သည်။ **(ဘီဘီစီ)**

အိန္ဒိယစီးပွားရေးတိုးတက်လာစေရန် ကားနှင့် ဖုန်းအပေါ် အခွန်လျှော့ချမည်

နယူးဒေလီ ဖေဖော်ဝါရီ ၁၈

အိန္ဒိယနိုင်ငံ၌ စီးပွားရေးတိုးတက်လာစေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကားနှင့် မိုဘိုင်းလ်ဖုန်းများအပေါ် ကောက်ခံသည့်အခွန်ကို လျှော့ချလိုက်ပြီဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပါဟောနီယာပန်ချီဒန်းဘာရမ်က ပြောကြားလိုက်သည်။

အဆိုပါဝန်ကြီးက ယခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ ကြားဖြတ်ဘတ်ဂျက်တင်ပြရာတွင် အထက်ပါအတိုင်း ကားနှင့် မိုဘိုင်းလ်ဖုန်းများအပေါ် ကောက်ခံသည့် အခွန်ကို လျှော့ချမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ကျန်းမာရေးစရိတ်စက ကြီးမြင့်လာမှုနှင့် ကုန်ဈေးနှုန်းမြင့်တက်လာခြင်းကိုလည်း စိုးရိမ်မိကြောင်း ၎င်းက ပြောကြားလိုက်သည်။ အိန္ဒိယစီးပွားရေးသည် တည်ငြိမ်မှုရှိမည့်အနေအထားဖြစ်ကြောင်းလည်း ၎င်းကပြောကြားလိုက်သည်။ အိန္ဒိယရွေးကောက်ပွဲကို လာမည့်လတွင် ကျင်းပသွားရန် စီစဉ်ထားသည်။ အစိုးရသစ်အနေဖြင့် တာဝန်ယူပြီးနောက် ပြည့်ဝသောဘတ်ဂျက်တစ်ရပ် တင်ပြလိမ့်မည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံသည် အာရှ၏ တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည်။ ယင်းနိုင်ငံသည် ငွေကြေးဖောင်းပွမှု၊ ငွေတန်ဖိုးကျဆင်းလာမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းလာမှုတို့နှင့် ရင်ဆိုင်နေရသည်။ **ပီတီအိုင်**

အဆောက်အအုံအပျက်အစီးအောက်တွင် ပိမိနေသူတစ်ဦးကို ကယ်ဆယ်စဉ်။

ဆီးနှင်းထူထပ်စွာကျဆင်းမှုကြောင့် တောင်ကိုရီးယား၌ အဆောက်အအုံပြိုကျ ၁၀ ဦး သေဆုံး

ဆိုးလ် ဖေဖော်ဝါရီ ၁၈

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းမြို့တော်၌ အပန်းဖြေအဆောက်အအုံတစ်လုံး ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ပြိုကျခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသမီဒီယာတွင် ဖေဖော်ဝါရီ ၁၈ ရက်က ဖော်ပြသည်။

ဆိုးလ်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၇၀ အကွာ ဂွမ်ဂျူမြို့ မန်နာ အပန်းဖြေစခန်းရှိ အားကစားရုံတစ်ရုံ ဒေသစံတော်ချိန် ည ၉ နာရီ ၁၅ မိနစ်က ပြိုကျခဲ့ကြောင်း ရဲများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်း ရုပ်/သံဌာနနှင့် ယွန်ဟတ်သတင်းအေဂျင်စီတို့က ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းအားကစားရုံ၌ ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသား ၅၆၅ ဦး မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပနေချိန်ဖြစ်သည်။

ယင်းအားကစားရုံပြိုကျမှုကြောင့် ကျောင်းသား ကိုးဦးနှင့် ပွဲစီစဉ်သူတစ်ဦးသေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ကျောင်းသား ၁၀၁ ဦးအနက် ၁၇ ဦးမှာ ပြင်းထန်သောဒဏ်ရာများ ရရှိခဲ့ခြင်းကြောင့် အရေးပေါ်ကုသမှုများ ပြုလုပ်နေရပြီး ကျောင်းသား သုံးဦးနှင့် ပွဲစီစဉ်သူ ၁၁ ဦးမှာပျောက်ဆုံးနေရာ အဆောက်အအုံအောက်၌ ပိတ်မိနေခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းကြသည်။

အဆိုပါမြို့နှင့်ပတ်ဝန်းကျင်နေရာများ၌ ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ဆီးနှင်းကျဆင်းမှုမှာ ၅၀ စင်တီမီတာထုအထိ ရှိခဲ့သည်။ အခင်းဖြစ်နေရာသို့ မီးသတ်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် စစ်သားများ အပါအဝင် ကယ်ဆယ်ရေးသမား ၄၀၀ လွှတ်ထားခဲ့သည်။

၎င်းအဆောက်အအုံမှာ တောင်ထိပ်၌ တည်ရှိခြင်း၊ မြေပြင်ပေါ်တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲလုပ်ဆောင်ခဲ့ရကြောင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်းလည်း သိရသည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သံဓာတ်နှင့်ဖောလစ်အက်စစ်ဆေးပြားများကို နေ့စဉ်စားသုံးသော အာဟာရတွင် ဖြည့်စွက်စားခြင်းဖြင့် မွေးရာပါကိုယ်အင်္ဂါချို့တဲ့သည့်ကလေးများမွေးဖွားခြင်းကာကွယ်နိုင်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှု ကာကွယ်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကျန်းမာရေးဦးစီးဌာန အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုကာကွယ်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က အမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝန်း၌ မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ဖြစ်လာကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် တစ်နှစ်အောက်ကလေးသေဆုံးမှု၏ ၃၀ ရာခိုင်နှုန်းသည် မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှုကြောင့်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် သံဓာတ်နှင့်ဖောလစ်အက်စစ်ဆေးပြားများကို တိုက်ကျွေးခြင်းဖြင့်သော်လည်းကောင်း၊ နေ့စဉ်စားသုံးသော အာဟာရတွင် ဖြည့်စွက်စားသုံးခြင်းဖြင့် သော်လည်းကောင်း၊ မွေးရာပါကိုယ်အင်္ဂါ ချို့တဲ့သည့်ကလေးများ မွေးဖွားလာခြင်းကို ကာကွယ်နိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆိုပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူပိုမိုများပြားလာပြီး ဆီးချိုသွေးချိုရောဂါရှင်မိခင်များမှ မွေးရာပါကိုယ်အင်္ဂါချို့တဲ့သောကလေးများ မွေးဖွားလာနိုင်ကြောင်း ရေရှည်ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန်လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသော နည်းဗျူဟာများကို ရေးဆွဲပြီး အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ သိန်းသိန်းဌေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (WHO/SEARO) နှင့် အမေရိကန်နိုင်ငံ Centers for Disease Control and Prevention (CDC) တို့မှ ပညာရှင်များ၊ UNICEF မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများမှ ကမ္ဘာနှင့်မြန်မာနိုင်ငံ၏ မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှုအခြေအနေများ၊ ကာကွယ်ရေးနည်းဗျူဟာများကို တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးမြို့ မြောင်းချောင်းရေလွှဲဆည် ရေတံခါးနှင့် မြေကာနံရံများပြုပြင်

ကလေး ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စည်းဟောင် ငါးအုပ်စုကို ရေပေးဝေနေသော မြောင်းချောင်းရေလွှဲဆည်နှင့် ရေပေးမြောင်းသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မိုးရေချိန် ခုနစ်လက်မ ကျော်ရွာသွန်းခဲ့သောကြောင့် ရေလွှဲဆည်ကျိုးပြတ်ခြင်း၊ ရေသွင်းမြောင်းပေါင် ကျိုးခြင်းများဖြစ်ပေါ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ မှာကြားချက်ဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီက ဥက္ကဋ္ဌ ဦးမောင်ထူး၏ နိုင်ငံတော်မှ သီးသန့်ရန်ပုံငွေ ကျပ်သန်း ၂၀ ဒသမ ၈ သန်း အကုန်အကျခံ၍ ပြန်လည်တည်ဆောက်နေပြီ ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

ရေပေးဝေနိုင်မည်

မြောင်းချောင်းရေလွှဲဆည်ပြီးစီးပါက လယ်ဧက ၂၆၄၄ ဧကကို နွေစပါး၊ မိုးစပါး ရေရရှိနိုင်ပြီး စုစုပေါင်း ဧက ၃၃၄၂ ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြောင်းချောင်းရေလွှဲဆည်ကို ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ပြီး မြောင်းချောင်းကို သစ်ရိတ်ကျောက်ဖြည့်ရေလွှဲဆည် တည်ဆောက်ခြင်း ရေထိန်းတံခါးတည်ဆောက်ခြင်း၊ ရေလွှဲဆည်နှင့်ရေတံခါးအကြား မြေကာနံရံတည်ဆောက်ခြင်း မြောင်းထိပ်မှ ပေ ၅၀၀၀ ကျော်အထိ မြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

သျှင်နေမင်း

(၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ မင်းတပ်မြို့၌စည်ကားစွာကျင်းပမည်

မင်းတပ် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ် အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့ မြို့မ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် ချင်းအမျိုးသားနေ့တွင် မြန်မာနိုင်ငံတော်အစိုးရ၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများကိုလည်း ဖိတ်ကြားထားပြီး ရှေးအစဉ်အဆက်နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့်ပြောင်းလဲလာခဲ့သော လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများ အကြောင်းကို ပြည်နယ်ဝန်ကြီးဌာန အသီးသီးက ပြခန်းများပြုလုပ်၍ ပြသရန်စီစဉ်ထားကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ သတ္တုတွင်းဝန်ကြီးဦးကျော်ငြိမ်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ချင်းအမျိုးသားနေ့ကို ၁၉၄၈ ခုနှစ်က ဖလမ်းမြို့တွင် ပထမဆုံးစတင်ပြုလုပ်ခဲ့သော ချင်းအမျိုးသားညီလာခံကို အစွဲပြု၍ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ယခုလက်ရှိ နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၃ ခုနှစ်မှစတင်ကာ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့၌ ပထမကြိမ်မြောက်အဖြစ် ချင်းအမျိုးသားနေ့ဟု တရားဝင်အမည် ပြန်လည်သတ်မှတ်၍ ကျင်းပပေးခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်သည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် မြန်မာအမျိုးသမီးများလမ်းလျှောက်ပွဲ ကျင်းပမည်

မြန်မာအမျိုးသမီးများ ကျန်းမာစွာဖြင့် လှပသော အနာဂတ်ကို ပိုင်ဆိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မတ် ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်ရှေ့မှစ၍ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အထိ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် မြန်မာအမျိုးသမီးများလမ်းလျှောက်ပွဲကို ကျင်းပသွားရန် အားကစားဝန်ကြီးဌာနနှင့် Mega Lifesciences Ltd,.(Ferrovit)တို့က စီစဉ်ထားကြောင်း သိရသည်။

စာရင်းပေးပို့နိုင်

လမ်းလျှောက်ပွဲသို့ ပါဝင်လိုသူ အမျိုးသမီးတိုင်းသည် အမည်၊ မှတ်ပုံတင်၊ အသက်၊ လိပ်စာတို့ကို www.facebookferrovitmyanmar SMS-18877 နှင့် နီးစပ်ရာဆေးဆိုင်များသို့ မတ်လ ၁၀ ရက်နောက်ဆုံးထား၍ စာရင်းပေးပို့နိုင်သည်။

လမ်းလျှောက်ပွဲအပြီးတွင် ပါဝင်သည့် အမျိုးသမီးတိုင်းကို သွေးအားနည်းရောဂါရှိမရှိ အခမဲ့စမ်းသပ်ပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ အကျွေးအမွေးများဖြင့် ဧည့်ခံခြင်း၊ ဂီတစမ်းပဟေဠိဂိမ်း အစီအစဉ်များ စီစဉ်ထားကြောင်းနှင့် လမ်းလျှောက်ပွဲ၏ ဆောင်ပုဒ်မှာ "မြန်မာအမျိုးသမီးများ ကျန်းမာပြီး လှသောအနာဂတ်ဆီသို့" နှင့် "မြန်မာအမျိုးသမီးများ ကျန်းမာဖို့ စုပေါင်းပါဝင် လမ်းလျှောက်စို့" တို့ ဖြစ်ကြောင်း သိရသည်။ **ရီရီသန့်**

ချစ်သောမျက်စိဖြင့်သာ

ချစ်နိုင်
(စိတ်ပညာ)

"သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသောစကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု၊ ပြုမပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ကောင်းသောအမှု၊ မကောင်းသောအမှု ပြုမပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။"

ဂေါတမဗုဒ္ဓ(၅၆၃-၄၈၃ ဘီစီ)ဓမ္မပဒ-၅၀

'ကိုအောင်ရေ'

'ဗျာ ကိုဝိုင်း'

'သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ လုံးချင်းစာအုပ်လောကမှာ ယခင်အစိုးရများ လက်ထက်က စာပေစိစစ်ရေးရှိနေလို့ မထွက်ဖြစ်၊ မထုတ်ဝေခဲ့ရ၊ မရေးနိုင်တဲ့ စာပေမျိုးစုံဟာ ယနေ့အခါမှာ ရေတံခွန်စီးကျသလိုပဲ၊ ပေါပေါလိှုင်လှိုင်ကြီးကို သွန်ချပြီး ထွက်နေကြတာဗျနော်'

'မှန်တယ် ကိုဝိုင်းရေ၊ အရည်အသွေးအရည်အချင်း တိုးတက်သလား ဆုတ်ယုတ်သလားဆိုတာ ယခုအချိန်မှာ သုံးသပ်ဖို့စောသေးပေမယ့် အရေအတွက်ဘက်မှာ ဘုံးပေါလအောထွက်နေကြတာကတော့ လွတ်လပ်ခွင့်အပြည့်အဝပေးလိုက်တဲ့ နိုင်ငံတော်အစိုးရရဲ့ အပြုသဘော၊ ကောင်းမွန်တဲ့ သဘောထားဆိုတာ အသိအမှတ်ပြုကြရမှာပါ'

'သုတစာပေတွေ တစ်နှစ် နှစ်နှစ်ကာလအတွင်း သိသိသာသာ ကျယ်ပြန့်အားကောင်းလာပေမယ့် ကလေးစာပေ၊ လူငယ်စာပေ၊ သိပ္ပံဆိုင်ရာစာပေနဲ့ ပညာရပ်ဆိုင်ရာ အဆင့်မြင့်သုတေသနစာပေများကတော့ အားရစရာမရှိလှသေးပါဘူးဗျာ'

'ဒါလည်းမှန်ပါတယ်။ အခုမှ စဖွင့်တာဆိုတော့ နောင်လေးငါးနှစ်မှာ သုတစာပေ စာကောင်းပေကောင်းတွေ နောက်ထပ် အများကြီးထွက်ပေါ်လာမယ်လို့ မျှော်လင့်ရပါတယ်'

'ကိုအောင်ရေ ရသစာပေဘက်ကကြည့်ရင်လည်း ပြဇာတ်ဆိုတာ ကွယ်ပျောက်သလောက်ဖြစ်နေပြီ။ ဇာတ်သဘင်ရဲ့ ကျဆင်းသွားခြင်းနဲ့အတူ စင်တင်ပြဇာတ်များ အားနည်းသွားခဲ့သလို အရေးဘက်မှာလည်း ပြဇာတ်စာပေဟာ ခေတ်တိမ်ပြီး တိမ်ကောလုနီးနီးအခြေအနေဆိုက်လာတာ စိတ်မကောင်းစရာပဲ'

'ဒါကတော့ စာဖတ်သူတွေရဲ့ အားပေးမှုအဆုံးအဖြတ်ပါ'

'ကဗျာနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်မတတ်ဘူး။ ကိုယ်တိုင် မဖွဲ့တတ် မစပ်တတ်တာကြောင့် အကဲမဖြတ်တတ်ပါဘူး။ စာပေမြတ်နိုးသူ စာဖတ်သူတစ်ယောက်အနေနဲ့ တင်ပြရရင်တော့ ကဗျာတော်တော်များများဟာ စာဖတ်သူကို ဆွဲဆောင်အား နည်းပါးကြတယ်။ဂန္ထဝင်ကဗျာရေးဖွဲ့ပုံပဲဖြစ်ဖြစ်၊ မော်ဒန်၊ ပို့စ်မော်ဒန်ပုံစံပဲဖြစ်ဖြစ်၊ စာဖတ်သူကို စိတ်ဝင်စားအောင်၊ ဖတ်ချင်အောင် ဆွဲဆောင်မှုနဲ့ ခံစားမှုရသတစ်ခုခုပေးဖို့ အောင်မြင်တာ ရှားတယ်။ ဒါကလည်း ကဗျာဆိုတဲ့ စာပေအဖွဲ့အနွဲ့ရဲ့ သဘောက ရတနာလိုပဲ အဖိုးတန်ပြီး ရှားပါးခက်ခဲတဲ့အရာဆိုတာ နားလည်ပါတယ်။ အပုဒ်တစ်ရာရေးပေမယ့် စာဖတ်သူနားစွဲစေလောက်အောင်ကောင်းတဲ့ ကဗျာတစ်ပုဒ်ရဖို့ရာ ခက်ခဲပါတယ်လေ'

'ဟုတ်တာပေါ့'

'ရသစာပေဘက်မှာ ဝတ္ထုတို၊ ဝတ္ထုရှည်တွေ ထွက်နေကြတာကော ဘယ်လိုအခြေအနေရှိသလဲ'

'ပုံမှန်လို့ ကြားရတာပဲ'

'ရွှေဥဒေါင်း၊ ပီမိုးနင်းစတဲ့ စာအုပ်များ၊ သိပ္ပံမောင်ဝ၊ မင်းသုဝဏ်၊ တက္ကသိုလ်ဘုန်းနိုင်၊ ဗန်းမော်တင်အောင်၊ ခင်နှင်းယု၊ ခင်ဆွေဦးတို့ရဲ့ ယခင်က အကြိမ်ကြိမ်ထုတ်ဝေခဲ့ဖူးတဲ့ စာအုပ်ကောင်းများလည်း စာရွက်ကောင်းကောင်း၊ အဖုံးကောင်းကောင်း၊ စာအုပ်အရည်အသွေးကောင်းကောင်းနဲ့ ပြန်လည်ထွက်ရှိကြတာ တွေ့ရသဗျနော်'

'မြန်မာစာပေရေစီးကြောင်းရဲ့ အတိတ်ခရီးကို မသိလိုက်မမီလိုက်တဲ့ ယနေ့ခေတ်လူငယ်တွေအတွက် စာဟောင်းပေဟောင်း စာကောင်းပေကောင်းတွေကို စေတနာထားပြီး အခုလိုပြန်လည်ထုတ်ဝေပေးကြသူတွေကို ကျေးဇူးတင်စရာပဲ'

'စာပေထုတ်ဝေရေးလုပ်ငန်းဟာ အမြတ်အစွန်းငွေကြေးသက်သေ တစ်ခုတည်းကိုရည်ရွယ်ရှေးရှုလုပ်လို့ မအောင်မြင်ဘူးဗျ။ စာဖတ်သူများအတွက် အမျိုး၊ ဘာသာ၊ သာသနာအကျိုး၊ စာပေအကျိုးကို ရှေးရှုရည်ရွယ်ပြီး ထုတ်ဝေမှ တာရှည်ခံတယ်။ ရေရှည်အောင်မြင်ပါတယ်။'

'ကိုဝိုင်းပြောတာ မှန်တယ်၊ ဟံသာဝတီစာပေတိုက်၊ မြန်မာပြည်စာပေတိုက်၊ ပုဂံ၊ နံ့သာ၊ နှလုံးလှ၊ ပါရမီ၊ ရာပြည့်၊ မြဝတီ၊ ဂုဏ်ထူး၊ တုဒေး၊ စိတ်ကူးချိုချို၊ အားမာန်သစ်၊ စာပေလောက၊ လောကသစ်၊ လူထု၊ ပန်းရွှေပြည်၊ မှုဝံအစရှိတဲ့ စာပေတိုက်များဟာ စာကောင်းပေကောင်းအချို့ကို ငွေကြေးအမြတ်မရနိုင်မှန်းသိလျက်နဲ့ တမင်အရှုံးခံပြီး ပုံနှိပ်ထုတ်ဝေတာတွေ ရှိခဲ့ကြတယ်ဗျ'

'စာကောင်းပေကောင်းဆိုတာ ရေးသူကလည်းရေးမှ၊ ထုတ်ဝေသူလည်းရှိမှ စာကောင်းပေကောင်းကို ဖတ်ရှုအားပေးကြတဲ့ ပရိသတ်လည်းရှိပါမှဗျနော်'

'ရေးသူအချို့က လွန်ခဲ့တဲ့အနှစ် ၂၀ ကာလလောက်အတွင်း ဝတ္ထုတို၊ ဝတ္ထုရှည်စာအုပ်ကောင်းတွေပေါ်ထွက်တာနည်းရခြင်းရဲ့ အကြောင်းရင်းတွေထဲမှာ အဓိကအကြောင်းရင်းက စာပေစိစစ်ရေးဆိုတာကြီးရှိနေလို့ပါဆိုပြီး အကြိမ်ပေါင်းများစွာ အပြစ်ဆိုလက်ညှိုးထိုးပြီး ယိုးမယ်ဖွဲ့ခဲ့ကြတာဗျ။ စာပေစိစစ်ရေးကမတည်းဖြတ်၊ မဖြတ်တောက်တော့ပါဘူး။ ရေးချင်ရာရေး၊ ရေးချင်သလိုရေး၊ ကိုယ်ရေးတာကို ကိုယ်တာဝန်ယူ၊ ကိုယ်ထုတ်ဝေတာကို ကိုယ်တာဝန်ယူ၊ ဒီမိုကရေစီအခွင့်အရေးအရ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာထုတ်ဝေခွင့်များ၊ လက်ရှိအစိုးရက ခွင့်ပြုပေးလိုက်ပါပြီ။ ကဲ-ယခင်အစိုးရလက်ထက်က စိစစ်မှု၊ တားဆီးမှု၊ ပိတ်ပင်မှု အားလုံးကိုပယ်ဖျက်ရုပ်သိမ်းလိုက်ပါပြီ။ သို့သော် ရသစာပေဝတ္ထုတို၊ ဝတ္ထုရှည်လောကမှာ အဲသလို ပြောင်းလဲခြင်းကြောင့် သိသာတဲ့ရသစာပေကောင်းများ ထွက်ပေါ်လာခြင်းတော့ မတွေ့မိသေးဘူး။'

'ကိုအောင်ပြောတာ စိတ်ဆန္ဒအစွဲပါနေတယ်။ ခင်ဗျားထွက်သမျှ ဝတ္ထုရှည် စာအုပ်တွေကို အကုန်ဖတ်တာလည်းမဟုတ်ဘဲနဲ့ စကားကိုလွန်အောင် မပြောသင့်ဘူး။ ယခင်စာပေစိစစ်ရေးရှိခဲ့စဉ်ကလည်း နိုင်ငံနဲ့လူမျိုးကို အကျိုးထိခိုက်စေမှာဆိုရင် ဖြုတ်တယ်၊ တိုင်းရင်းသားအချင်းချင်းချစ်ခင်စည်းလုံးမှုကို ထိပါးနိုင်တယ်ဆိုရင်ဖြုတ်တယ်။ ရသစာပေကျဆင်းပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖိနှိပ်ခဲ့တာမှမဟုတ်ဘဲ၊ စာပေစိစစ်ရေးကို ရမယ်ရှာပြီး ရန်လုပ်နေစရာတော့မလိုပါဘူး။ သို့သော် စာပေစိစစ်ရေးမရှိတော့တဲ့ နောက်ပိုင်း လက်ရှိကာလမှာ ရသစာပေဘက်မယ် သိသိသာသာ ထူးခြားတဲ့ ကောင်းကျိုးတော့ မတွေ့ရသေးဘူး။ ဒီသဘော မဟုတ်လား"

> **"ဘယ်သူမှတော့ ပြီးပြည့်စုံတဲ့လူရယ်လို့ မရှိနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ လူဟာ လူပါပဲ။ အကောင်းရော အဆိုးပါရှိကြတဲ့ လူချည်းပါပဲ။ အပြစ်မရှာဘဲ မေတ္တာနဲ့ ကြည့်မြင်ကြရမှာ မဟုတ်လား။ မီဒီယာများ အားလုံးက ချစ်သောမျက်စိဖြင့် ကြည့်နိုင်ကြပါစေ။**

'မှန်တယ် ကိုဝိုင်းရေ၊ ဝတ္ထုရှည်စာအုပ်တစ်အုပ်ထဲမှာ ထားဝယ်သားတွေ ဘယ်လိုဆိုးတယ်ဆိုတာ ရေးထားတာကို တွေ့လိုက်မိသဗျ။ စာပေစိစစ်ရေးသာရှိရင် ဒါမျိုးကိုဖြုတ်ပစ်ခဲ့လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ထားဝယ်သားတွေဖတ်မိရင် ဒီဝတ္ထုရေးဆရာကို စိတ်ဆိုးကြမှာပဲ။ ဝတ္ထုတစ်ပုဒ်ထဲမှာ ဇာတ်ကောင်ရဲ့အဖေဟာ သာစည်မှာ တော်တော်ကြီးဒုက္ခရောက်ခဲ့ရတယ်တဲ့။ သာစည်သားများဟာ တစ်ယောက်မှ မကောင်းပါဘူး ဆိုတာမျိုး၊ သာစည်နယ်ကို ချိုးနှိမ်ပုတ်ခတ်တဲ့စာသားတွေ အာဃာတနဲ့ရေးထားတာ တော်တော်များများတွေ့ရတယ်။ ဒါလည်း ဒီမိုကရေစီအခွင့်အရေးမို့ လွတ်လပ်စွာရေးခွင့်ရလာတာနဲ့ ဟိုကလော် ဒီခတ်လုပ်တဲ့ လက္ခဏာပဲ၊ ဟိုချော် ဒီချော်ဖြစ်တာ သူ့ဘာသာသူတောင်မှ သိပုံမရပါဘူး'

'ဘယ်သူရေးတဲ့ ဘယ်ဝတ္ထုများလဲဗျာ'

'မပြောတော့ပါဘူး။ လူတစ်ဖက်သား ထိခိုက်နစ်နာစေမှာကို မလိုလားပါဘူး။ သူရေးတဲ့ဝတ္ထုဟာ အမျိုးသားစာပေဆုပေးထိုက်သလား အဆင့်ဆင့်ဆန်ခါတင်စဉ်းစားကြရတဲ့အထိ ကောင်းနေပါတယ်။ သို့သော်အခု ကျွန်တော်တင်ပြသလို ဝတ္ထုကြောင်းအရ မလိုအပ်ဘဲ အရပ်ဒေသတစ်ခုခုရှိ ပြည်သူများကို စိတ်အနှောင့်အယှက်ဖြစ်စေလောက်အောင် စာပေထဲမှာ ထိပါးပုတ်ခတ်တာ ပါနေတဲ့အတွက် ဆုမရရှာဘဲ ပျောက်ကွယ်သွားခဲ့ရပါတယ်'

'အလို- စာနဲ့ ပေနဲ့ အက္ခရာတင်တဲ့ အရေးအသားစာလေးတစ်ကြောင်း နှစ်ကြောင်း၊ တစ်ပိုဒ် နှစ်ပိုဒ် ဒေါသသင့်တာနဲ့တင် နတ်သုဒ္ဓါမှန်ပါလျက် မစင်တစ်စက် ပါဝင်စွက်လို့ ပျက်ယွင်းရသလို နစ်နာရရှာတာပဲနော်'

'ကိုဝိုင်းရေ၊ နေ့စဉ်ဖတ်နေတဲ့ သတင်းစာတွေမှာရော အပတ်စဉ်ဖတ်နေတဲ့ ဂျာနယ်တွေမှာရော၊ ရာဇဂိုဏ်း၊ ဓမ္မဂိုဏ်း၊ ဒေါသသင့်တဲ့ဆောင်းပါးတွေ၊ သဘောထားပါတဲ့ခေါင်းစီးတပ်ပုံတွေ၊ ကာတွန်းတွေ တော်တော်များများကို တွေ့နေရတယ်ဗျာ။ အမုန်းနဲ့ ဒေါသနဲ့ မာနအာဃာတနဲ့ ရေးတာသားတာဟူသမျှ ချဉ်ချဉ် ခါးခါးအရသာဆိုးရွားတာ ခံစားနေကြရပါတယ်။ လောကဝန်းကျင်ကို အဆိပ်သင့်စေတာပဲဗျ'

'အစိုးရကို ဆော်ရရင် ပြီးရော၊ ဝန်ထမ်းတွေကို တီးရရင် ပြီးရော၊ မှန်တာရော မှားတာရော ရောချပြီး နာနာဆော်လေကောင်းလေ၊ တီးလေကောင်းလေဆိုတဲ့ မူဝါဒမျိုးနဲ့ သတင်းစာအယ်ဒီတာအချို့၊ ဂျာနယ်အယ်ဒီတာအချို့ လွဲချော်နေတာတော့ ကိုယ်တိုင်ဆင်ခြင်တုံတရားနဲ့ သုံးသပ်ပြုပြင်ကြမှ တော်မယ်ထင်တာပဲ'

'ပညာရှိသတိဖြစ်ခဲပေါ့လေ။ ငါသိတယ်၊ ငါတတ်တယ်၊ ငါတော်တယ်ထင်တဲ့အထင်အတွေးက သွေးနားထင်ရောက်ပြီး ဘဝင်မြင့်နေတာ မိမိကိုယ်ကို သတိမထားမိပါဘူး။ စာဖတ်ပရိသတ်ကတော့ သိတာပေါ့။ မပြည့်တဲ့အိုးလေး ဘောင်ဘင်ခတ်နေရှာပြီဆိုတာ။ မာနရယ်၊ အာဃာတရယ် ပေါင်းလိုက်တော့ သူက မိမိနဲ့သူတစ်ပါးကို မိမိနဲ့ရန်သူလို့ ထင်မှတ်မှားနေတာပဲ'

'ကိုအောင်ပြောတာမှန်တယ်။ သူတစ်ပါးကို ရန်လုပ်မှ ပုတ်ခတ်ရမှ၊ တိုက်ခိုက်ချိုးနှိမ်ရမှ၊ ချေမှုန်းဖယ်ရှားပစ်ရမှ၊ ငါနဲ့ငါသာနိုင်းစရာထင်နေလို့ပါ။ တကယ်တော့ အမေရိကန်ပြည်ထောင်စု ကမ္ဘာပေါ်မှာအောင်မြင်တယ်ဆိုတာဟာ ဒီမိုကရက်တစ်ပါတီချည်းကောင်းလို့လည်း မဟုတ်ဘူး။ ရီပတ်ဘလီကင် ပါတီချည်းတော်လို့လည်း မဟုတ်ဘူးဗျ။ ဘယ်ပါတီက ဘယ်သမ္မတပဲ တက်တက်၊ ကိုယ့်ပါတီက ရွေးကောက်ပွဲမှာရှုံးခဲ့ရင် နိုင်တဲ့ပါတီမှ သမ္မတကိုလည်း အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံ့အကြီးအကဲအဖြစ် ရိုသေတယ်။ လေးစားတယ်။ လိုက်နာတယ်။ နာခံတယ်။ ယခု ကျွန်တော်တို့ မြန်မာပြည်မှာရှိတဲ့ မီဒီယာအချို့ရဲ့သဘောထားမှာ ငါတို့အုပ်စု ငါတို့အသင်းအဖွဲ့ မဟုတ်ရင်တော့ ရန်သူလို့ သဘောထားပြီး ရှုတ်ချပုတ်ခတ်နေမယ်။ အုပ်ချုပ်သူ မှန်မှန်မှားမှား၊ ကောင်းကောင်းဆိုးဆိုး၊ ရှုံ့ပုပ်ရည်နဲ့ မပြတ်တမ်းပက်နေမယ်။ ထိုးနှက်တိုက်ခိုက်နေရမယ်ဆိုတဲ့ လုပ်ရပ်မျိုးတွေ တွေ့နေရတယ်'

'တိုင်းပြည်နဲ့လူမျိုးရဲ့ အနာဂတ်ကောင်းကျိုးအတွက်ဆိုရင် အဲသလို အယ်ဒီတာမျိုး၊ ဘာမဆိုကတ်ဖွဲ့ရေးပြီး ကလော်မှာပဲဆိုတဲ့ ဆောင်းပါးရှင်မျိုး၊ အပြစ်မရှိအပြစ်ရှာပြီး (သတင်းအတည်ဖြစ်ဖြစ် မဖြစ်ဖြစ်) ကာတွန်းဆွဲပြီး ဟားပစ်မှာပဲဆိုတဲ့ ကာတွန်းဆရာမျိုးဟာ အမြင်မှန်ရတဲ့တစ်နေ့မှာ နောင်တတစ်ဖန်ပူပန်စိတ်ဆင်းရဲကြရမှာပဲ။ ငါဟာ အပြုသဘောပြောသင့်၊ ရေးသင့်၊ ဆွဲခဲ့သင့်ပါလျက်နဲ့ အဖျက်သဘောတွေကို ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လွဲချော်မှားယွင်းမိခဲ့တယ်။ ပြည်သူတွေကို စည်းလုံးအောင်၊ ထက်သန်တက်ကြွအောင်၊ ချစ်ခင်ညီညွတ်အောင်၊ အားတက်ပျော်ရွှင်အောင်၊ ပြုစုပျိုးထောင် မြှင့်တင်ပေးရမယ့်အစား ငါဟာ ငါ့နာမည်ကျော်ကြားရေး၊ ငါမှငါကွ ထင်ပေါ်အောင်မြင်ရေးအတွက် ပြည်သူလူထုကို စိတ်ပျက်အောင်၊ စိတ်ဓာတ်ကျဆင်းအောင်၊ ယုံကြည်မှုပျက်ပြားအောင်၊ အစိုးရနဲ့ပြည်သူ၊ ဝန်ထမ်းနဲ့လူထု၊ အထင်သေး၊ အထင်လွဲ၊ စိတ်ဝမ်းကွဲပြားအောင်၊ မေတ္တာတရားခေါင်းပါးပြီး အမျက်ဒေါသနဲ့ မလိုမုန်းထားစိတ်များ တိုးပွားအောင် လှုံ့ဆော်ဆွဲဆောင်ခဲ့မိလေတယ်။ ငါမှားလေစွ၊ ငါအကုသိုလ်တရားတွေ ပြုမိမှားလေစွလို့ တစ်နေ့နေ့မှာ နောင်တရကြရပါလိမ့်မယ်'

'Us and Them ငါနဲ့သူတို့ သူစိမ်းတစ်ရံ၊ ပြဒါးတစ်လမ်းသံတစ်လမ်းလို့ အယူလွဲကို မှတ်ယူစွဲနေသမျှ ရပ်တည်ချက်များနေဦးမှာပဲ။ အသင်းအဖွဲ့တူတူ-မတူတူ၊ ဝါဒတူတူ-မတူတူ၊ ပါတီတူတူ-မတူတူ၊ ငါတို့အားလုံးဟာ We ပြည်ထောင်စုသားတွေ၊ မြန်မာပြည်သားတိုင်းရင်းသားတွေ၊ ပြည်သူတွေ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရဟာ (အချို့အချက်များကို ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ)ငါတို့အစိုးရ၊ ငါတို့ရဲ့ နိုင်ငံအကြီးအကဲဆိုတဲ့ သဘောထားအမြင်မျိုး ရှိနေကြဖို့လိုပါတယ်။ နေရာတကာ အတိုက်အခံလုပ်နေရန် မဟုတ်ဘူး။ အရာရာမှာ ဆန့်ကျင်ကွဲလွဲနေဖို့ မသင့်ဘူး။ အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိစ္စမှာ တရားဝင်နိုင်ငံတော်အစိုးရကို အပြည့်အဝထောက်ခံအားပေးရမှာ ဖြစ်ပါတယ်။ ဒါဟာ ပြည်သူ့နီတိပါဗျာ'

'လက်နက်ကိုင်အဖွဲ့အစည်းများကိုတောင် ယခင်က ရင်ဆိုင်တိုက်ခိုက်နေခဲ့ကြရာမှ တစ်စားပွဲတည်း မျက်နှာချင်းဆိုင်ပြီး ရင်းရင်းနှီးနှီးဆွေးနွေးနေတဲ့ အချိန်ရောက်လာပြီ။ တစ်ယောက်ကိုတစ်ယောက်၊ တစ်ဖက်ကိုတစ်ဖက် အထင်သေးစကား၊ မုန်းစေ မျက်စေမည့် စကားမျိုးတွေကို မပြောမိ မရေးမိစေဖို့၊ ကုန်းချောကုန်းတိုက်သလို High Light မလုပ်မိစေဖို့ သတင်းစာ၊ ဂျာနယ်တာဝန်ခံအယ်ဒီတာမင်းများကို လေးလေးစားစားပန်ကြားမေတ္တာရပ်ခံချင်ပါတယ်ဗျာ'

'ဘယ်သူမှတော့ ပြီးပြည့်စုံတဲ့လူရယ်လို့ မရှိနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ လူဟာလူပါပဲ။ အကောင်းရော အဆိုးပါရှိကြတဲ့ လူချည်းပါပဲ။ အပြစ်မရှာဘဲ မေတ္တာနဲ့ကြည့်မြင်ကြရမှာ မဟုတ်လား။ မီဒီယာများအားလုံးက **ချစ်သောမျက်စိဖြင့် ကြည့်နိုင်ကြပါစေ။** ဒါမှသာ အနာဂတ်ဟာ လှပသာယာမှာပါ။ သွေးခွဲတာ၊ ဘေးတီးတာ၊ သပ်လျှိုတာ၊ နောင်ဂျိန်ဆိုင်းတီးပေးတာမျိုးတွေ တော်ကြပါတော့။ တော်လောက်ပါပြီ'။

မီးဘေးကြိုတင်ကာကွယ်သတိပေးနှိုးဆော်

ရေစကြို ဖေဖော်ဝါရီ ၁၈

ပူပြင်းခြောက်သွေ့သော ရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် အများပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ကြေညာချက်များကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပါ အားဖြည့်ပူးပေါင်း၍ ရပ်ကွက်များအတွင်း လှည့်လည်ဆော်ဩ သတိပေးလျက်ရှိသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကင်းရပ်ကွက် လမ်းမတော်လမ်းတွင် တွေ့ရသည်။

အလားတူမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၆ ရက်က မြို့ပေါ်ရှိ မီးသတ်ရေလှောင်ကန်များအတွင်း မီးသတ်ရေသယ်ယာဉ်ဖြင့် ရေဖြည့်တင်း ဆောင်ရွက်လျက်ရှိရာ အမှတ်(၄) ရပ်ကွက်ရှိ မီးသတ်ရေလှောင်ကန်အတွင်း ရေဖြည့်တင်းနေသည်ကို တွေ့မြင်ရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံတော်နှင့်ပြည်သူများအတွက်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ် အကောင်ထည်ဖော်နိုင်ရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များပါဝင်သည့် ကော်မတီက လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက် နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဒေါက်တာဒေါ်ခင်စန်းရီက ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်တွင် ကတိသစ္စာပြုသည်။

ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီသည့် **တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု အစိုးရအဖွဲ့က တင်သွင်းသော **မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များဖြင့် ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဥက္ကဋ္ဌထံသို့ ကော်မတီလုပ်ငန်းဆိုင်ရာ အခြေခံမူပေးပို့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်သို့ တင်ပြရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက် အစီရင်ခံစာကို ၁-၁-၂၀၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး အစီရင်ခံစာပါအကြောင်းအရာများကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၁ ဦး ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို ၃-၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်၏အခြေခံမူများ ပုဒ်မ(၄)တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းဖော်ပြထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူကိုဗဟိုပြုသည့် လက်ရှိခေတ်ကာလတွင် မိမိတို့လွှတ်တော်များအနေဖြင့်လည်း ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တရားမျှတမှုရှိသည့် ပြည်သူများ၏ဆန္ဒကို အလေးထားပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်ကို စိတ်ကောင်းစေတနာများဖြင့် ကြိုးစားပမ်းစားဆောင်ရွက်လျက်ရှိကြသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း။

ယခုအခါ နိုင်ငံတော်နှင့်ပြည်သူများအတွက် အထူးအလေးအနက်ထားဆောင်ရွက်အပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ကော်မတီသည် ၎င်း၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ပထမအကြိမ် အစည်းအဝေးကို ၁၁-၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများအရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် သင့်တော်သည့်လုပ်ငန်းလမ်းညွှန်မှု ရရှိရန်လိုအပ်သည့်အတွက် ကော်မတီ ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကထံသို့ အခြေခံမူချမှတ်ပေးရန် တင်ပြလာပါကြောင်း၊ ယခုကဲ့သို့ ကော်မတီ၏ တင်ပြချက်အရ ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် ကြားသိ၊ တွေ့မြင်နေရသည့် ပြည်သူများ၏အသံ၊ ဆန္ဒအမှန်များကို အလေးထားသတိပြုလျက် အဘက်ဘက်မှလေ့လာသုံးသပ်ပြီး ကော်မတီက လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်အဆင်ပြေစေရေးအတွက် လုပ်ငန်းဆိုင်ရာ အခြေခံမူအဖြစ် သုံးသပ်ဆောင်ရွက်နိုင်ရန် ကော်မတီသို့ စာတစ်စောင် ပေးပို့ထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း မိတ္တူဖြန့်ဝေထားပါကြောင်း၊ သက်ဆိုင်ရာ ကော်မတီအနေဖြင့် ကော်မတီလုပ်ငန်းဆိုင်ရာ အခြေခံမူကို မူဝါဒအနေဖြင့် သုံးသပ်ဆောင်ရွက်ပြီး လုပ်ငန်းများ အောင်မြင်အဆင်ပြေ ချောမွေ့စေရေးအတွက် ဆက်လက်လုပ်ဆောင်နိုင်ပါကြောင်း ဖြင့် အသိပေးတင်ပြခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄)ဒုတိယနေ့ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားအစီအစဉ်အရ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ (မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးနှင့် စီမံရေးရာကော်မတီအတွင်းရေးမှူးက အတည်ပြုပေးရန် ထောက်ခံတင်ပြခြင်းအပေါ် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုခဲ့သည်။

ယင်းနောက် ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်စိုးက "၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနှင့်အညီ လွှတ်တော်ရုံး အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ရေးရာကော်မတီအဖွဲ့ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများ ဖွဲ့စည်းပုံ(မူကြမ်း)" အဆိုကို အတည်ပြုပေးရန် တင်ပြချက်အပေါ် လွှတ်တော်၏ဆန္ဒကို ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံသည့်အတွက် ယင်းအဆိုကို အတည်ပြုခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးလွှတ်တော်၏ လုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံတင်ပြခြင်းအပေါ် လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် မှတ်တမ်းတင်ခြင်းတစ်ခုနှင့် အတည်ပြုခြင်းနှစ်ခုတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း (Debate) အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကို **"ဒီမိုကရေစီအပြောင်းအလဲနှင့် ဖွံ့ဖြိုးရေးမျက်နှာစာများ"** ခေါင်းစဉ်ဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင် စာရေးသူဆရာ ဦးကျော်ဝင်းက အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါက်တာခင်ရွှေ၊ ဦးဇော်နိုင်ဦး၊ ဒေါက်တာမြင့်ကြည်၊ ပါမောက္ခ ဒေါက်တာမြဦး၊ ဦးဇုန်လှယ်ထန်းနှင့် ဦးကံညွန့်တို့က **"ဒီမိုကရေစီအပြောင်းအလဲနှင့် ဖွံ့ဖြိုးရေးမျက်နှာစာများ"** ခေါင်းစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ စာတမ်းရှင် ဦးကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပအိုဝ်တိုင်းရင်းသားအဖွဲ့ဝင် ၆၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၁၀ တို့သည် လွှတ်တော်အစည်းအဝေးများ ကျင်းပနေပုံကို လာရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော စီမံချက်အသိပေးခြင်းနှင့် မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

လားရှိုး ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ဒီနှစ်အတွက် (၇)ချက်စီမံချက်အသိပေးခြင်းနှင့် မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို လားရှိုးမြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မူမူဆွေက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိခင်နှင့်ကလေး

စောင့်ရှောက်ရေးအသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမေစိုးဦးက ဒီနှစ်အတွက် (၇)ချက်စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလီက မြို့နယ်အတွင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လားရှိုးခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်/စာစောင်များနှင့် လားရှိုးမြို့နယ်အသင်းပိုင် မူလတန်းကြိုကျောင်း ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံနှင့် အလှူငွေများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက ပေးအပ်လှူဒါန်းထောက်ပံ့သည်။ **(အောက်ဝဲပုံ)**

ယင်းနောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားဆောင်တွင် ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးတို့ကို အာဟာရပစ္စည်းများ ပေးအပ်ခဲ့ပြီး မူလတန်းကြိုကလေးငယ်များအတွက် အာဟာရအစားအစာများကို ကျွေးမွေးခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွားဗိမာန်သို့ သွားရောက်ပြီး အဘိုးလေးဦး၊ အဘွား ၁၉ ဦးတို့ကို အဝတ်အထည်များ၊ အာဟာရအစားအစာများ၊ ဆေးဝါးများ၊ အလှူငွေများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ ဖွင့်လှစ်ထားသည့် ကိုယ်ကာယအလှသင်တန်းဖွင့်လှစ်ထားရှိမှုအခြေအနေများနှင့် တိုင်းရင်းဆေးဖြင့် ဆေးကုသသည့်လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

သရက်မြို့၌ ဆိုင်ကယ်လိုင်စင်များ ဆောင်ရွက်ပေး

သရက် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ ဆိုင်ကယ်လိုင်စင်မပြုလုပ်ရသေးသည့် ဆိုင်ကယ်များကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲကစတင်ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးအတွင်းနှင့် သရက်မြို့မအားကစားကွင်း၌ ဆိုင်ကယ်များတန်းစီပြီး လိုင်စင်များဆောင်ရွက်လုပ်ကိုင်ပေးခဲ့ရာ နံနက်ပိုင်းတွင် ၂၇ စီး လာရောက်လုပ်ကိုင်ကြကြောင်း သိရသည်။ အဆိုပါဆိုင်ကယ်လိုင်စင်ပြုလုပ်ရာတွင် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဂျပန်နိုင်ငံထုတ် ၁၉၈၈-၂၀၀၀ မှ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်နောက် ဆိုင်ကယ်များကို နှစ်အလိုက် ဈေးနှုန်းများ ခွဲခြားသတ်မှတ်၍ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါဆိုင်ကယ်များအား ထိုင်းနိုင်ငံထုတ် ၂၀၁၃ ခုနှစ်နှင့် အထက် (110)ဆိုင်ကယ်အမျိုးအစား လိုင်စင်ပြုလုပ်ပါက ၁၂၂၁၅၀ ကျပ်၊ (125) ပြုလုပ်ပါက ၁၃၈၅၅၀ ကျပ် ကုန်ကျမှုရှိပြီး တရုတ်နိုင်ငံထုတ် ၂၀၁၃ ခုနှစ်နောက် (110) ပြုလုပ်ပါက ၆၅၇၇၅၊ (125) ပြုလုပ်ပါက ၆၉၈၇၅ ကျပ် ပေးဆောင်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ဆိုင်ကယ်လိုင်စင်များကို ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင် ၄ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ဇော်ထက်(iprd)**

ပြည်တွင်းသတင်း

ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုချုပ်ငြိမ်းရေး အစိုးရနှင့်တပ်မတော်က အောင်မြင်ရန်ကြိုးစားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှား သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Prof. Dr. Purnomo Yusgiantoro နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီး H.E. Prof. Dr. Purnomo Yusgiantoro နှင့်အတူ အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်ဒိုနီးရှား-မြန်မာနိုင်ငံ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ရှိပြီးသား ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန်အတွက် ယခုလို ချစ်ကြည်ရေးခရီးလာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ရှည်လျားသော ဆက်ဆံရေးကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဗန်ဒေါင်းညီလာခံမှချမှတ်ခဲ့သော မူဝါဒများအတိုင်း လိုက်နာကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များကို စိတ်ဝင်စားပါကြောင်း၊ ပါတီစုံစနစ်သို့ စနစ်တကျ အဆင့်ဆင့်တိုးတက်အောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ရာ သုံးနှစ်သက်တမ်းသာရှိသေးသဖြင့် ရင့်ကျက်မှုမရှိသေးကြောင်း၊ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှု ချုပ်ငြိမ်းရေးအတွက် အစိုးရနှင့်တပ်မတော်သည် စိတ်ရှည်သည်းခံပြီး အောင်မြင်စေရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ နိုင်ငံကိုချစ်မြတ်နိုးသူတိုင်း တိုးတက်လိုသည့်စိတ်ဆန္ဒရှိပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ အတွေ့အကြုံများသည်လည်း မိမိတို့အတွက် အထောက်အကူရမည်ဟု ယုံကြည်ပါကြောင်းဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဒိုနီးရှားသမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီး H.E. Prof.Dr. Purnomo Yusgiantoro အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (မြဝတီ)

ထို့နောက် အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌအဖြစ် အပြည့်အဝထောက်ခံပါကြောင်း၊ နှစ်နိုင်ငံတပ်မတော် ယခုထက်ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ လာမည့်မေလတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် အာဆီယံကာကွယ်ရေးဝန်ကြီး အစည်းအဝေးတွင် မိမိတက်ရောက်မည်ကို အသိပေးပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်သူ့ဝန်ဆောင်မှုအပေါ် ပြည်သူလူထု၏တိုင်ကြားချက်များစီမံခန့်ခွဲမှုဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်သူ့ဝန်ဆောင်မှု စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ (PSPA)၊ MDRI-CESD နှင့် Denmark Ombdusman တို့ပူးတွဲပြီး "ပြည်သူ့ဝန်ဆောင်မှုများအပေါ် ပြည်သူလူထု၏တိုင်ကြားချက်များ စီမံခန့်ခွဲမှု" ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း **(ယာပုံ)**တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ လူထုအခြေပြု ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာတွင် အစိုးရအနေဖြင့် ပြည်သူတို့၏ ဆန္ဒနှင့်လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းပေးနေသော်လည်း အခက်အခဲများ၊ စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးကြောင်း၊ နိုင်ငံတိုင်း၏ အကူးအပြောင်းကာလများတွင် တွေ့ကြုံရသောပြဿနာများ ရှိတတ်ကြောင်း၊ ပြည်သူလူထု၏တောင်းဆိုချက်များတွင် လိုအပ်ချက်များရှိသလို ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းလုပ်ဆောင်ပေးရေးတွင် ဘတ်ဂျက်မှအစ အကန့်အသတ်ရှိကြောင်း၊ ၄င်းအခြေအနေနှစ်ခုအပေါ် မတူညီသောအမြင်များကို ညှိနှိုင်းယူခြင်းများဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးကို တတ်နိုင်သမျှ တိုးတက်ဖြည့်ဆည်းလျက်ရှိကြောင်း၊ ထို့ကြောင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်နေသည့်အတွက် ပြည်သူဗဟိုပြုကို သွားရောက်ရာတွင် ပိုမိုထိရောက်စေရန် ပြည်သူ့အသံကို နားထောင်နိုင်ရန် နိုင်ငံတော်သမ္မတကြီးက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲအဖြတ်အဖွဲ့နှင့် Delivery Unit များကို ဖွဲ့စည်းပြီး ပြည်သူလူထု၏ အကြံပြုချက်များကို လက်ခံဖြေရှင်းပေးခဲ့ပါကြောင်း၊ ယခင်က Complaint Mechanism မရှိသဖြင့် ပြည်သူလူထု၏ဆန္ဒဖော်ထုတ်ရန် နေရာမရှိခဲ့သည်ကို ယင်းအဖွဲ့များက ဆောင်ရွက်ဖြေရှင်းပေးခြင်းပင်ဖြစ်ကြောင်း၊ ယခုဆွေးနွေးချက်များ၊ အခြားနိုင်ငံများ၏ ပြုလုပ်ဆောင်ရွက်နေမှုများကို ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် သင့်လျော်ကိုက်ညီမည့်အချက်များ၊ သင်ခန်းစာများရယူဖော်ဆောင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒိန်းမတ်နိုင်ငံ Ombudsman အဖွဲ့မှ Mr.JENS က အခြားနိုင်ငံများ၏ Ombudsman အတွေ့အကြုံများကို ရှင်းလင်းတင်ပြရာတွင် Ombudsman ၏ သမိုင်းကြောင်း၊ Ombudsman ကို ကျင့်သုံးနေသော နိုင်ငံများအကြောင်း၊ Ombudsman ကို ကျင့်သုံးရာတွင် ထားရှိရမည့် အခြေခံတန်ဖိုးထားမှုများ၊ လွှတ်တော်နှင့် ဆက်နွှယ်မှု၊ တရားစီရင်ရေးနှင့် ဆက်နွှယ်မှု၊ အုပ်ချုပ်ရေးနှင့် ဆက်နွှယ်မှု၊ Ombudsman ၏အကျိုးဆက်၊ Ombudsman အပေါ် တုံ့ပြန်မှုများ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများစသည်တို့ကို ဆွေးနွေးသည်။

ယင်းနောက် ဒေါက်တာဇော်ဦးက ပြည်သူ့ဝန်ဆောင်မှုများအပေါ် ပြည်သူလူထု၏ တိုင်ကြားချက်များ စီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်အတူ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Denmark Ombudsman မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်အတွင်း မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များရှင်းလင်းဆွေးနွေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအတွင်းရေးမှူး မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ဆပ်ကော်မတီဝင်များသည် မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတီထောဇောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဝင်များနှင့် စီမံကိန်းရေးဆွဲရေးဦးစီးမှူးများ၊ မြေသိမ်းဆည်းမှုများနှင့် သက်ဆိုင်သောကုမ္ပဏီအဖွဲ့အစည်းများ၊ မြေယာပြဿနာများအား ဖြေရှင်းဆောင်ရွက်ပေးနေသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာအစွန်ပုံ)**

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီ အောက်ရှိ Cabinet Committee ငါးခုနှင့် ဆပ်ကော်မတီ ၂၇ ခုတို့မှ နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှု ဆပ်ကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဖြေရှင်းဆောင်ရွက်

ထို့နောက် ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးဆန်းဝင်းက ပြည်နယ်အတွင်း မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်များအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေ/လုပ်ထုံးလုပ်နည်း/ညွှန်ကြားချက်များဆိုင်ရာ အတားအဆီးအခက်အခဲများ၊ မြေအသုံးချမှုဆိုင်ရာမြေဂရန်နှင့် လုပ်ငန်းလိုင်စင်များဆောင်ရွက်ပေးရာတွင် ဖြေလျှော့ဆောင်ရွက်နေမှုများကို အသီးသီးတင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် ဆပ်ကော်မတီဝင်များက လိုအပ်သည်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကချင်ပြည်နယ်အတွင်း ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)ပါ မြေယာကိစ္စရပ်တစ်ခု၊ အစီရင်ခံစာအပိုင်း(၃) နောက်ဆက်တွဲပါမြေယာကိစ္စရပ် ၂၇ ခုနှင့် မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှု ဆပ်ကော်မတီသို့ သီးခြားပေးပို့ တိုင်ကြားစာများပါ မြေယာကိစ္စရပ်သုံးခု စုစုပေါင်း မြေယာကိစ္စရပ် ၃၁ ခုရှိပြီး မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီအနေဖြင့် ပြည်နယ်/ခရိုင်/မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဝင်များမှ ဖြေရှင်းဆောင်ရွက်ရာတွင် မြေပြင်တွေ့ကြုံရသောအခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခြင်း၊ ပြန်လည်စွန့်လွှတ်မည့်မြေများကို သက်ဆိုင်ရာ မူလလက်ငုတ်တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောလျင်စွာ ပြန်လည်ပေးအပ်နိုင်ရေး၊ ထို့အပြင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများက မြေယာဆိုင်ရာကိစ္စရပ်များ တင်ပြဆွေးနွေးကြရာ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ မြေအသုံးချမှုဆိုင်ရာစီမံခန့်ခွဲမှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များက ပြန်လည်ရှင်းလင်း ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့ အင်ဒိုနီးရှားရိုးရာယဉ်ကျေးမှုအဖွဲ့နှင့်အမှတ်တရဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့အား ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Gen.Dr. Moeldoko နှင့်ဇနီးတို့က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Borobudur Hotel Banda Room ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးနှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံကာကွယ်ရေးဦးစီးချုပ် Gen.Dr.Moeldoko နှင့်ဇနီး၊ အင်ဒိုနီးရှား တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြ ဖျော်ဖြေကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Gen.Dr.Moeldoko တို့သည် နှုတ်ခွန်းဆက်စကား အပြန်အလှန်ပြောကြားကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြကာ ဖျော်ဖြေရေးအဖွဲ့များအား လက်ဆောင်ပစ္စည်းများ ပေးအပ်၍ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘိုဂေါ (Bogor) မြို့ရှိ Peace Keeping Mission Center သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး Brig.Gen. A.M Putranto နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား Peace Keeping Mission Center ကျောင်းအုပ်ကြီးက ကျောင်းအစည်းအဝေးခန်းမတွင် သင်တန်းကျောင်း ဖွင့်လှစ်ထားရှိမှု အခြေအနေများကို Power Point ဖြင့်ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Peace Keeping Mission Center အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ကျိုက်ဝိုင်းစေတီတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၁ ရက်အထိ ကျင်းပလျက်ရှိသည်။ ဖေဖော်ဝါရီ ၂၈ ရက်ညနေပိုင်းတွင်အလှူရှင်များက ပင့်သံဃာအပါး ၂၀၀ တို့ကို ဆွမ်းဆန်စိမ်းလောင်းလှူကြမည် ဖြစ်သည်။ **ဦးချစ်**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် H.E.General Iqbal Karim Bhuiyan, psc နှင့် တွေ့ဆုံစဉ်။ (မြဝတီ)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် H.E.General Iqbal Karim Bhuiyan, psc အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် H.E. General Iqbal Karim Bhuiyan, psc က ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

တွေ့ဆုံ

ဆက်လက်ပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့်စစ်သံမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

▲ *ကျောဖုံးမှ*

ထိုရေကန်အနီး နေထိုင်သူ ရပ်ကွက်ပြည်သူတစ်ဦးက “ဒီမနက်မှာ အဲဒီရေကန်ထဲက ငါးတွေသေနေပြီး တချို့ငါးတွေပေါလောဖြစ်နေတယ်၊ အဆိပ်မိလို့နဲ့ တူပါတယ်” ဟု ပြောခဲ့သည်။

မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးကြည်တို့အဖွဲ့ ဓာတ်ခွဲစစ်ဆေးချက်အရ ငါးများသေရခြင်းမှာ အဆိပ်မိ၍ သေခြင်းမဟုတ်ဘဲ ကန်အောက်ရေ အလွန်ညစ်ညမ်းပြီး ဓာတ်ငွေ့များထွက်နေသောကြောင့် ဖြစ်ကြောင်းနှင့် ရေအရည်အသွေး အလွန်ညံ့ဖျင်းခြင်းကြောင့် လူများအတွက်လည်း ဘေးဥပဒ်အန္တရာယ်ရှိကြောင်း၊ သုံးစွဲရန်မသင့်သောရေ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကန်ရေအရည်အသွေးမှာ Ph-(5.5)သာရှိပြီး AL(48)၊ H-(60)၊ CO_2(35)၊ DO(1.5)၊ NH_3(0.1)၊ NO_2(0.001) နှင့် ရေအပူချိန် 28 ဒီဂရီစင်တီဂရိတ်ရှိကြောင်း၊ ကန်ရေသန့်ရှင်းကောင်းမွန်လာအောင် နုန်းဆယ်ခြင်း၊ သန့်ရှင်းရေးအမြဲဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် ပြန်လည်အသုံးပြုနိုင်အောင် လုပ်ဆောင်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြား၍ အနီးအနားရှိ ရေကန်များကိုလည်း ဓာတ်ခွဲစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဘိန်းအစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ စုံညီအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဘိန်းအများဆုံး စိုက်ပျိုးသည့် ရှမ်းပြည်နယ်တွင် ဘိန်းစိုက်ပျိုးမှုလျှော့နည်း ပပျောက်ရေးအတွက် ဘိန်းခင်း ဖျက်ဆီးမှုများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ဘိန်းခင်းဖျက်ဆီးခံရသည့် ဘိန်းစိုက်တောင်သူများ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိသည်။ ဘိန်းခင်းများကို ဖျက်ဆီးခံရသည့်အတွက် ဘိန်းစိုက်တောင်သူများ၏ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှု ဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ မြေယာသစ်ဖော်ထုတ်ရေးတို့ကို ရည်ရွယ်ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းကာ ဟိုပုံး၊ လွိုင်လင်နှင့် ပင်လုံမြို့နယ်တို့တွင် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း သုံးခုရေးဆွဲ အကောင်အထည်ဖော်ခဲ့သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ်(WFP) နှင့် UNODC တို့ ပူးပေါင်းပြီး ဟိုပုံးနှင့် လွိုင်လင်မြို့ရှိ ဘိန်းခင်းဖျက်ဆီးခံရသည့် ဘိန်းစိုက်တောင်သူများအား ဆန်အိတ် ၆၆၀၀ ကို ၂၀၁၂ ခုနှစ်က ဖြန့်ဝေပေးနိုင်ခဲ့သည်။

ကြည့်ရှုအားပေး

၂၀၁၂ ခုနှစ်က ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော စီမံကိန်းကျေးရွာများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ဘိန်းစိုက်တောင်သူများ စားနပ်ရိက္ခာဖူလုံမှုသာ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်မည် ဖြစ်သည့်အတွက် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို UNODC နှင့် ပူးပေါင်းဆောင်ရွက်ပြီး မိုးနဲ၊ မိုင်းပန်၊ ပင်လောင်း၊ ဖယ်ခုံ၊ လင်းခေး၊ မိုင်းတုံ စသည့်မြို့နယ်များတွင် တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ်တွင် အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသများကို UNODC အပါအဝင် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ထိုင်းနိုင်ငံ ONCB နှင့် မယ်ဖာ့လုံဖောင်ဒေးရှင်း စသည့်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တရုတ်နိုင်ငံ NNCC နှင့်လည်းကောင်း ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊ ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်ကြီး၊ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ UNODC ရုံးချုပ်နှင့် ရန်ကုန်မြို့ UNODC တို့မှ ကိုယ်စားလှယ်များပါဝင်သော အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့အား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲနှင့် မိုင်းပန်ဒေသများသို့ ဘိန်းစိုက်ပျိုးမှုလျှော့ချရေး၊ အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီရေး၊ နယ်မြေဒေသ အခြေအနေနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တွေ့မြင်နိုင်စေရန် လေ့လာရေးခရီး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်း ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက သင်္ဂဟဟိုတယ်၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အလှူရှင်နိုင်ငံများနှင့် UNODC တို့၏ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးဆိုင်ရာ စုံညီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

UNODC ဌာနေမန်နေဂျာ Mr. Jason Eligh ကလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများ အန္တရာယ်တား ဆီး ကာကွယ်ရေး ဗဟိုအဖွဲ့၊ အလှူရှင်နိုင်ငံ များနှင့် UNODC တို့၏ ဘိန်း အစားထိုး ဖွံ့ဖြိုးရေးဆိုင်ရာ စုံညီအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သတင်းဆောင်းပါး

သန်းခေါင်စာရင်းဥပဒေနှင့် လူထုအသိပညာပေးရေးဆိုင်ရာများ

နှုတ်ခမ်းသတ်ပါရှိသည့် တောင်းသည်သာ တာရှည်ခိုင်မြဲပေလိမ့်မည်။ ထို့အတူ နိုင်ငံနှင့် လူမျိုးအကျိုး ဖြစ်ထွန်းကာကွယ်ပေးမည့် ဥပဒေစည်းမျဉ်း စည်းကမ်းများရှိမှသာ နိုင်ငံရေရှည်တည်တံ့ခိုင်မြဲ့ဖြိုး တိုးတက်ပေလိမ့်မည်။ တရားမျှတပြီး ပြည်သူကို ဗဟိုပြုသည့် ဥပဒေစည်းမျဉ်း၊ စည်းကမ်းဟူသည့် ပြည်သူတိုင်းအတွက် မရှိမဖြစ်။ နိုင်ငံသားတိုင်း၊ ပြည်သူတိုင်းသည် "ဇာတိ" ဟူသည့် "မွေးဖွားခြင်း"မှ အစပြု၍ "မရဏ"ဟူသည့် "သေဆုံးခြင်း"ကာလ ထိတိုင်ဥပဒေ၏အကာအကွယ်ကို ရရှိခံစားကြရမည်ဖြစ်ရာ လူထုအသိပညာ ပေးရေးနှင့် သန်းခေါင်စာရင်း ဥပဒေဆိုင်ရာများအား သန်းခေါင်စာရင်း လုပ်ငန်းသတင်းနှင့်ပြန်ကြားရေးကဏ္ဍ၊ လူထုအသိပညာပေးရေးလုပ်ငန်းနှင့် သန်းခေါင်စာရင်းဥပဒေဆိုင်ရာလုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ခင်ခင်ညိုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်။

တွေ့ဆုံမေးမြန်းသူ မင်းမင်းဇော် (သတင်းစဉ်-ပြည်တွင်း)

မေး။ ။ သန်းခေါင်စာရင်းကောက်ယူရာမှာ လူထုအသိပညာပေးရေး လုပ်ငန်းက ဘာကြောင့် အရေးပါသလဲဆိုတာကို ပထမဆုံးအနေနဲ့ ရှင်းပြ ပေးစေချင်ပါတယ် ခင်ဗျာ။

ဖြေ။ ။ သန်းခေါင်စာရင်းလုပ်ငန်းဟာ ပြည်သူအားလုံးပါဝင်ခွင့်ရတဲ့ တစ်ခုတည်းသော လုပ်ငန်းစဉ်ကြီး ဖြစ်ပါတယ်။ တချို့သော လုပ်ငန်းစဉ် တွေက အသက်၊ ကျန်းမာရေးစသည်ဖြင့် ကန့်သတ်ချက်တွေ တစ်ခုမဟုတ် တစ်ခု ရှိတတ်ပေမယ့် သန်းခေါင်စာရင်းကောက်ယူခြင်းကတော့ ဘာကန့် သတ်ချက်မှ မရှိဘဲ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ ကိုယ်နိုင်ငံထဲမှာရှိတဲ့ လူသားတစ်ဦးဖြစ်နေဖို့ပဲလိုတယ် ဆိုတဲ့အချက်ကြောင့် လူအားလုံးနဲ့ သက်ဆိုင်နေပါတယ်။ ဒါ့ကြောင့် လူသားအားလုံးပါဝင်ဖို့ လိုပါတယ်။ လူထုတစ်ရပ်လုံးက သန်းခေါင်စာရင်းအကြောင်း၊ အကျိုးကျေးဇူးစသား တွေကို ပြည့်ပြည့်ဝဝသိရှိပြီး ပူးပေါင်းပါဝင်ဖို့က အဓိကဖြစ်တာကြောင့် ပြည်သူအားလုံးကို အသိပေးခြင်းလုပ်ငန်းဟာ အင်မတန်အရေးကြီးတယ်လို့ ဆိုရတာဖြစ်ပါတယ်။

မေး။ ။ လူထုအသိပညာပေးရေးလုပ်ငန်းတွေအနေနဲ့ ဘယ်အတိုင်း အတာအထိ လုပ်ပြီးပြီလဲဆိုတာ ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ။ ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတို့ ဦးဆောင်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကိုသွားပြီး လူထုနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ဆက်စပ်ပတ်သက်နေတဲ့ ဝန်ကြီးဌာနများ၊ စက်ရုံအလုပ်ရုံများ၊ ဟိုတယ်/မိုတယ်များ၊ လုပ်ငန်းရှင်များ၊ ဘာသာရေးအဖွဲ့ အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုး စုများ၊ သတင်းမီဒီယာများ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့အစည်းများနဲ့ တွေ့ဆုံ ရှင်းလင်းပြောကြားခြင်း စတာတွေကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၃၃၀ မှာ မြို့နယ်လူဝင်မှုကြီးကြပ် ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးတွေ ဦးဆောင်တဲ့ အဖွဲ့တွေက တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာပေါင်း ၆၃၃၆၄ ကို ကွက်ပြည့် နင်းပြီး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ သတင်းမီဒီယာ တွေမှာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာ Talk Show တွေ့ဆုံ မေးမြန်းခန်းများကို ထုတ်လွှင့်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သန်းခေါင်စာရင်းအကြောင်း သိမှတ်စရာစာစောင်များ၊ ဆောင်ပုဒ်များ၊ Logo များ၊ သီချင်းများ၊ ဇာတ်လမ်းတိုများ၊ စာပေ/ သဘင်/ ဂီတပညာ ရှင်များရဲ့ ပူးပေါင်းပါဝင်ကူညီမှုနဲ့ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေတာကို လည်း တွေ့ရှိမယ်လို့ ထင်ပါတယ်။

ပညာပေး လက်ကမ်းစာစောင်များကိုလည်း တိုင်းရင်းသားဘာသာ (၁၆) မျိုးနဲ့ ရေးသားပြုစုပြီး တိုင်းဒေသကြီး/ ပြည်နယ်တွေအလိုက်ဖြန့်ဝေခြင်း၊ မြေစိုက်ကိုစတာကြီးများ စိုက်ထူခြင်း၊ Website, Facebook တွေကနေ လှုပ်ရှားမှုတွေကို ရယူပြီး အမေး/အဖြေ ကဏ္ဍတွေကိုလည်း ထပ်ဆင့် ဖော်ပြနေပြီး ဖြစ်ပါတယ်။ ဒါတွေဟာ ဆောင်ရွက်ပြီးသမျှတွေထဲက အချို့ကို ပြောပြတာပါ။ အသေးစိတ်ကတော့ အများကြီးပါ။

မေး။ ။ ရှေ့ဆက်လက်ပြီးတော့ရော ဘာတွေဆက်လုပ်ဖို့ ရှိသေးသလဲ ခင်ဗျာ။

ဖြေ။ ။ ရှေ့မှာဆက်လုပ်ဖို့ များစွာရှိပါသေးတယ်။ လုပ်ငန်းကြီးအချို့ကို တင်ပြရရင် လှို့ဆော်ရေး ယာဉ်တွေပေါ်မှာ အနုပညာရှင်တွေတင်ပြီး နိုင်ငံ တစ်ဝန်းလုံး လှည့်လည်ဟောပြောခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း စတင်ခြင်း၊ အထိမ်းအမှတ်အခမ်းအနား(Launching Ceremony) ပြုလုပ်ခြင်းစတာတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ ။ ဒီလှုပ်ရှားမှုတွေကြောင့် ပြည်သူလူထုအနေနဲ့ရော ဘယ်လောက် အထိ နားလည်မယ်လို့ ယူဆပါသလဲ။

ဖြေ။ ။ သန်းခေါင်စာရင်းမကောက်မီ နှစ်နှစ်နီးပါးကာလကတည်းက သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တာပါ။ အချိန် နီးကပ်လာတာနဲ့အမျှ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။ အခု သန်းခေါင်စာရင်းကောက်ယူရန် အချိန်တစ်လခွဲခန့်သာ လိုတော့တဲ့အချိန်ကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် ကျွန်မကတော့ ရာနှုန်းပြည့်နီးပါး သိရှိနေကြပြီလို့ တော့ ယူဆမိပါတယ်ရှင်။

မေး။ ။ ဒုတိယပိုင်းအနေဖြင့် ဥပဒေရေးရာကိစ္စတွေကို မေးချင်ပါတယ်။ ဒီလုပ်ငန်းကို ဥပဒေနဲ့အညီဖြစ်အောင် ဘယ်လိုဆောင်ရွက်မှာပါလဲ။

ဖြေ။ ။ ဒီအစီအမံကြီးကို ဥပဒေနဲ့အညီဖြစ်အောင် လှူဦးရေနဲ့ အိမ် အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကို ရေးဆွဲပြီး ၂၀၁၃ ခုနှစ် ဇူလိုင် လ ၂၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ်ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၁၉/၂၀၁၃ နဲ့ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

မေး။ ။ အသစ်ရေးဆွဲပြဋ္ဌာန်းလိုက်တဲ့ ဥပဒေမှာပါဝင်တာတွေကို ပြောပြ ပေးနိုင်မလားခင်ဗျာ။

ဖြေ။ ။ အဲ့ဒီဥပဒေမှာ အခန်းခုနစ်ခန်းနှင့် ဥပဒေပုဒ်မပေါင်း ၂၇ ခု ပါရှိပါ တယ်။ နိဒါန်း၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ သန်းခေါင်စာရင်းကောက်ယူခွင့်၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့် များ၊ သန်းခေါင်စာရင်းကောက်ယူခြင်း၊ တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ် ဒဏ်များ၊ အထွေထွေ စတာတွေ ပါဝင်ပါတယ်။

> **ယခုကောက်ယူတဲ့ ပြည်လုံးကျွတ်သန်းခေါင်စာရင်း လုပ်ငန်းဟာ နိုင်ငံတကာစံချိန်စံညွှန်းတွေကို အခြေခံ သလို၊ လူ့အခွင့်အရေးကိုလည်း အပြည့်အဝ လေးစား လိုက်နာပါတယ်။ ပြည်သူတွေဘက်ကို အပြည့်အဝ အခွင့်အရေးတွေ ပေးထားပါတယ်။ ကိုယ်ပိုင်ရွေးချယ် ပိုင်ခွင့်တွေရှိပါတယ်။ လူတိုင်းကို သန်းခေါင်စာရင်း ကောက်ဖို့ တာဝန်ရှိသလို တစ်ဖက်ကလည်း သန်းခေါင် စာရင်းကောက်ယူရာမှာ ပါဝင်ကြဖို့လည်း လူတိုင်းမှာ တာဝန်ရှိပါတယ်။**

မေး။ ။ ဥပဒေရဲ့ အဓိကရည်ရွယ်ချက်ကို ရှင်းပြပေးစေချင်ပါတယ်။

ဖြေ။ ။ ဒီဥပဒေရဲ့ နိဒါန်းမှာ နိုင်ငံတော်၏လူဦးရေ၊ တိရစ္ဆာန်၊ အဆောက် အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက် များကို တိကျမှန်ကန်စွာရရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူခြင်း၊ ယင်း သို့ကောက်ယူရာတွင် နိုင်ငံတကာချိန်စံညွှန်းများနှင့်အညီ ကောက်ယူခြင်း နှင့် ယင်းစာရင်းဇယားများကိုအခြေခံ၍ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာကိစ္စများတွင် အကျိုးရှိစွာ အသုံးချခြင်းတို့ပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်လို့ဆိုပြီး ဥပဒေ ရဲ့ရည်ရွယ်ချက်ကို ဖော်ပြထားပါတယ်ရှင်။

မေး။ ။ အဲ့ဒီဥပဒေထဲက ပြည်သူတွေသိသင့်တဲ့ အရေးကြီးအချက်တွေက ဘာတွေပါလဲခင်ဗျာ။

ဖြေ။ ။ ဥပဒေရဲ့ အခန်း(၄) သန်းခေါင်စာရင်းကောက်ယူခြင်းဆိုတဲ့ အပိုင်း ရဲ့ ပုဒ်မ ၁၂ (ဂ)မှာ မေးခွန်းကို ဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏တာဝန်ရှိသူအိမ်ထောင်စုဝင် ဖြစ်ရမည်လို့ ပါပါတယ်။ ဘယ် သူက ဖြေခွင့်ရှိတယ်ဆိုတာကို တရားဝင်သတ်မှတ်ပေးတာပါ။ ဥပဒေအခန်း (၅)မှာဆိုရင် တားမြစ်ထားတဲ့အချက်တွေက ဖော်ပြထားပါတယ်။ ဥပမာ ပြောရရင်-

ပုဒ်မ ၁၄ မှာ သန်းခေါင်စာရင်းကောက်ယူထားသော အချက်အလက်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့်စာအုပ်များကို သန်းခေါင်စာရင်းကောက်ယူ ရန် တာဝန်ရှိသူမှအပ မည်သူမျှ စစ်ဆေးခြင်းသို့မဟုတ် ကူးယူသိမ်းဆည်း ခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ ၁၅ မှာဆိုရင် ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက် အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါး အခြားမည်သည့် ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရလို့ပါပါတယ်။

ပုဒ်မ ၁၆ (က)မှာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့်စာရင်း ကောက်များက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် အဆောက် အအုံအတွင်းသို့ သတ်မှတ်ချိန်အတွင်းဝင်ရောက်ခြင်းနှင့် အဆောက်အအုံ များတွင် လိုအပ်သည့်အမှတ်အသားများပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ ဆိုတာတွေကို တားမြစ်ချက်တွေအနေနဲ့ ပြဋ္ဌာန်းထားပါတယ်။

မေး။ ။ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဆက်ပြီးပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ။ ပုဒ်မ ၁၆ (ခ)မှာ မေးမြန်းသော မေးခွန်းများ ဖြေဆိုရန်နှင့် သတ် မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း၊ သိလျက်နှင့် မှားယွင်းစွာဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာဖြည့်သွင်းခြင်းမပြုရဆိုတဲ့ တားမြစ်ချက်ကလည်း သတိပြုရမည့်ကိစ္စပါ။ ဆိုလိုတာက မေးခွန်းကို ဖြေဖို့ မငြင်းဆန်သင့်သလို အမှန်ကိုဖြေဖို့ လိုတယ်လို့ဆိုလိုတာပါ။ အမှန်ကို သိလျက်နဲ့ ရည်ရွယ်ချက်တစ်မျိုးမျိုးနဲ့ မှားယွင်းဖြေတာတွေ၊ မှားယွင်းရေးတာ တွေကို တားမြစ်ထားတာပါ။

ပုဒ်မ ၁၆(ဂ)မှာဆိုရင် သန်းခေါင်စာရင်းကောက်ယူသည့်အခါ မမှန်မကန် ဖြေဆိုစေရန် မေးခွန်းဖြေဆိုမည့်သူအား တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်းမပြုရဆိုပြီး တားမြစ်ထားပါတယ်။

ပုဒ်မ ၁၇(က)မှာ မည်သည့် စာရင်းစစ်သို့မဟုတ် စာရင်းကောက်မျှ သန်းခေါင် စာရင်းကောက်ယူရေးနှင့် စပ်လျဉ်းသည့် ပေးအပ်သော လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းမရှိရလို့ဆိုထားပြီး ဒါ့အပြင် ပုဒ်မ ၁၇(ခ)မှာ မည်သည့် စာရင်းစစ်သို့မဟုတ် စာရင်းကောက်မျှ သန်းခေါင်စာရင်း ကောက်ယူရာတွင် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် မပါဝင်သော မေးခွန်းကို မေးမြန်း ခြင်းမပြုရန်၊ ပုဒ်မ ၁၇ (ဂ)မှာဆိုရင်လည်း မည်သည့် စာရင်းစစ် သို့မဟုတ် စာရင်းကောက်မျှ သန်းခေါင်စာရင်းကောက်ယူရာတွင် သိရှိရသော တစ်ဦး တစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ထုတ်ဖော်ခြင်းမပြုရစတာ တွေကို တားမြစ်ချက်တွေအဖြစ် သတ်မှတ်ထားပါတယ်။

မေး။ ။ သန်းခေါင်စာရင်းနဲ့ပတ်သက်ပြီး ပြည်သူတွေဘက်က တာဝန်ရှိတဲ့ အပိုင်းက ဘာတွေဖြစ်မလဲဆိုတာလေး ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ပြည်သူတွေလိုက်နာရမည့် အပိုင်းတွေလည်းရှိပါတယ်ရှင်၊ ဥပဒေ အခန်း(၇)၊ အထွေထွေအပိုင်း ဥပဒေပုဒ်မ ၂၂ မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော အကူအညီပေးနိုင်စွမ်းရှိသူတိုင်းသည် သန်းခေါင် စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်ရန် တာဝန်ရှိသည်လို့ ဖော်ပြထားပါတယ်။

မေး။ ။ ပြည်သူလူထုအပိုင်းကလည်း လိုက်နာဖို့တာဝန်ရှိတာပေါ့နော်။ ဒါဆိုရင် တားမြစ်ချက်တွေ၊ လိုက်နာရန်တွေကို မလိုက်နာဘူးဆိုရင် အပြစ် ရော ရှိနိုင်ပါသလား။

ဖြေ။ ။ ဟုတ်ကဲ့၊ ပြစ်မှုပြစ်ဒဏ်ဆိုတဲ့ အပိုင်းကလည်း ဒီဥပဒေမှာ ဖော်ပြ ထားပါတယ်။ ယခုကောက်ယူတဲ့ ပြည်လုံးကျွတ်သန်းခေါင်စာရင်း လုပ်ငန်း ဟာ နိုင်ငံတကာစံချိန်စံညွှန်းတွေကို အခြေခံသလို၊ လူ့အခွင့်အရေးကို လည်း အပြည့်အဝလေးစားလိုက်နာပါတယ်။ ပြည်သူတွေဘက်ကို အပြည့် အဝအခွင့်အရေးတွေ ပေးထားပါတယ်။ ကိုယ်ပိုင်ရွေးချယ်ပိုင်ခွင့်တွေရှိပါ တယ်။ လူတိုင်းကို သန်းခေါင်စာရင်းကောက်ဖို့ တာဝန်ရှိသလို တစ်ဖက်က လည်း သန်းခေါင်စာရင်းကောက်ယူရာမှာ ပါဝင်ကြဖို့လည်း လူတိုင်းမှာ တာဝန်ရှိပါတယ်။ ဥပဒေမှာတော့ လိုက်နာလုပ်ဆောင်ရမယ့်အချက်တွေနဲ့ တားမြစ်ထားတဲ့အချက်တွေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လိုက်နာ လုပ်ဆောင်ရမယ့် အချက်တွေကို မလိုက်နာဘူး၊ တားမြစ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်တယ်ဆိုရင်တော့ ဥပဒေနဲ့မကိုက်ညီဘဲ ပြစ်မှုကျူးလွန် နေတယ်လို့ ဆိုရမှာပေါ့ရှင်။ ဒီလုပ်ငန်းစဉ်ဟာ ဘယ်သူ့အကျိုးမှမဟုတ်ဘဲ ကိုယ့်အကျိုးအတွက် ဆောင်ရွက်နေတာဖြစ်လို့ ဘယ်သူကမှငြင်းမယ်၊ ပျက်ကွက်မယ်လို့ မထင်ပါဘူးရှင်။ သန်းခေါင်စာရင်းမေးခွန်းများကို မိဘ ပြည်သူများအနေနဲ့ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြေကြားပြီး ပူးပေါင်း ဆောင်ရွက်ကြဖို့သာ အဓိကပါ။

အခုလို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျား။

ကမ္ဘာတည်သရွေ့မြန်မာနိုင်ငံတည်ရှိပြီး ကမ္ဘာတည်သရွေ့ မြန်မာလူမျိုး တည်ရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ပြည်သူ အားလုံး အင်တိုက်အားတိုက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းများအပေါ်တွင် ကုလသမဂ္ဂ UNODC မှ ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံညှိနှိုင်းစည်းဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကြမ်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းအပေါ်တွင် ကုလသမဂ္ဂ UNODC မှ ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက ဥပဒေကြမ်းကော်မတီရုံး အိုင်ဆောင်အမှတ်(၂)အပေါ်ထပ်တွင် ကျင်းပရာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်၊ ဦးသန့်ဇင်နှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ငွေကြေးထောက်လှမ်းရေးတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်စိုးမြိုင်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကုလသမဂ္ဂ UNODC မှ Country Manager Mr.Jason Eligh တို့ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်း နှစ်ရပ် အပေါ်တွင် လွှတ်တော်မှ စီစဉ်ဆောင်ရွက်ထားမှုများ၊ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းလာသည့် ဥပဒေကြမ်းများပေါ်တွင် လွှတ်တော်နှစ်ရပ်မှ ပြင်ဆင်ဆောင်ရွက်ပေးထားမှုများကို ရှင်းပြသည်။

UNODC မှ Country Manager Mr.Jason Eligh က ဥပဒေကြမ်းအပေါ်တွင် မြန်မာနိုင်ငံက အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်ပါကြောင်း၊ ယခုလိုအစည်းအဝေးများမှာ ဖိတ်ကြားပြီး ရှင်းပြခွင့်ရသဖြင့် ကျေးဇူးတင်ပါကြောင်း၊ ဥပဒေကြမ်းနှစ်ရပ်သည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ပြင်ဆင်ရန်လိုအပ်မည်ဟု ယူဆသည့် အချက်များကို တင်ပြလိုကြောင်း၊ ထိုသို့ပြန်လည်ပြင်ဆင် သုံးသပ်နိုင်ရန် နောက်ထပ်အချိန်လိုအပ်မည်ဟု ယူဆပါကြောင်း ရှင်းပြသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်စိုးမြိုင်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဥပဒေကြမ်းများ ထွက်ပေါ်လာရေး၊ လွှတ်တော်သို့ တင်ပြနိုင်ရေး အဆင့်ဆင့်ကြိုးပမ်းအားထုတ်မှုများကို ရှင်းပြခဲ့သည်။ ထို့နောက် ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်လုပ်ဆောင်သွားရန် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

သမိုင်းဝင်ဘော်ကြိုဘုရားပွဲတော်ကျင်းပမည်

သီပေါ ဖေဖော်ဝါရီ ၁၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်မှ ရှေးဟောင်းသမိုင်းဝင် ဘော်ကြို(မုဌော) စေတီတော်မြတ်ကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ မတ် ၁၀ မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ယခုနှစ် ဘော်ကြိုဘုရားပွဲတော်တွင် တပေါင်းလဆန်း ၁၀ ရက် နံနက်ပိုင်း၌ ဘုရားပွဲတော်ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပပြီးလျှင် ဘော်ကြိုမုဌော စေတီတော်မြတ်ကြီးနှင့် ရတနာဉာဏ်အောင်၊ ရတနာမာန်အောင်၊ ရတနာရန်အောင်၊ ရတနာစျာန်အောင် ပုဂံခေတ် နရပတိစည်သူမင်းကြီး ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော် စကားသားဘုရားလေးဆူကို ဖူးမြော်ကြည်ညိုခြင်း၊ ရွှေသင်္ကန်းတော် ကပ်လှူခြင်း၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ သာသနာရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းတို့ဖြင့် ရပ်ဝေးရပ်နီးဘုရားဖူးများ ကြည်ညိုပူဇော်သွားနိုင်ရန် စီမံထားရှိသည်။

ပျော်ပွဲရွှင်ပွဲများအဖြစ် မြမန္တလာ မြန်မာ့ဇာတ်သဘင်၊ ရှမ်းပြဇာတ်၊ ရှမ်းတိုင်းရင်းသား စင်တင်တေးဂီတပွဲနှင့် အခြားကြည့်ချင်ပွဲများအပြင် ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ၊ ခြင်းအလှခတ်နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဒေသထွက်အစားအစာများနှင့် ကုန်ပစ္စည်းများရောင်းချသည့် ဈေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သီပေါ-ကိုလတ်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၈

ဇန်နဝါရီ ၂၁ ရက်မှ စတင်ကာ ပါမစ်မရှိကြသော တရားမဝင် နိုင်ငံခြားသားအလုပ်သမားများအား 6P bersepadu အမည်ဖြင့် စစ်ဆင်ဖမ်းဆီးခြင်းတွင် ယခုအချိန်ထိ ၁၈၇၈၅ ဦးကို စစ်ဆေးပြီးကြောင်းနှင့် ၄၆၆၀ ကို ဖမ်းဆီးထားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၄ ရက်က မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနတွင် ပထမဆုံးသော အမျိုးသမီးညွှန်ကြားရေးမှူးချုပ် ဖြစ်လာသူ Aloyah Datuk Mamat က ပြောကြားလိုက်ကြောင်းဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ သတင်းထုတ်ပြန်ချက်ကို မလေးရှားရောက် ကိုတွောင်ပူစီယင်၏ ပြောချက်အရ သိရသည်။

အဆိုပါ တရားမဝင်နိုင်ငံခြားသားအလုပ်သမား ၄၆၆၀ ဦးနှင့်အတူ ၎င်းတို့၏အလုပ်ရှင်သူဌေး ၄၈ ဦးကိုလည်း ဖမ်းဆီးထားကြောင်း သိရကာ နိုင်ငံခြားသားအလုပ်သမား ၃၉၇၈ ဦးကို မိခင်နိုင်ငံသို့ပြန်လည်ပို့ဆောင်ပြီးကြောင်းဖြင့် လွန်ခဲ့သော တနင်္ဂနွေနေ့က Bukit Mertajam, Rainbow Garden Flat ရှိ သတင်းစာရှင်းလင်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးဌာန အမျိုးသမီးညွှန်ကြားရေးမှူးချုပ် Aloyah Datuk Mamat က ပြောကြားသွားသည်။

တရားမဝင်နိုင်ငံခြားသားအလုပ်သမားများ နေရပ်သို့ပြန်လည်ပို့ဆောင်

လွန်ခဲ့သော စနေနေ့ညပိုင်းကလည်း ပီနန်မြို့ရှိ မြို့နယ် Seberang Jaya တွင် တရားဝင်ပါမစ်မရှိကြသော နိုင်ငံခြားသားအလုပ်သမား ၄၂၈ ဦးကို ဖမ်းဆီးလိုက်ကြောင်း၊ အဆိုပါ ၄၂၈ ဦးတွင် မြန်မာနိုင်ငံသား ၁၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှသုံးဦး၊ နီပေါနိုင်ငံမှသုံးဦး၊ အိန္ဒိယနိုင်ငံမှနှစ်ဦး၊ ဗီယက်နမ်နိုင်ငံမှတစ်ဦးနှင့်ကျန်ရှိသူများမှာ အင်ဒိုနီးရှားနိုင်ငံမှ ၃၀၀ ကျော်တို့ဖြစ်ကြောင်းနှင့် ၎င်းတို့အား ပီနန်မြို့ Bukit Mertajam ရှိ ထိန်းသိမ်းရေးစခန်းသို့ ပို့ဆောင်ထားပြီဖြစ်ကြောင်းလည်း သိရသည်။

စိုးဝင်း(SP)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရုံးအမှတ်(၁)၊ နေပြည်တော်
(၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ရက်)

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက နေပြည်တော်တွင် ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၂ရက်၌ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယဦးစီးမှူး၊ ကွန်ပျူတာစီစဉ်ရေးမှူးနှင့် စာရင်းကိုင်(၂) (လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ခုံအမှတ်

၁၊ ၃၊ ၄၊ ၆၊ ၇၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀၊ ၃၂၊ ၃၃၊ ၃၇၊ ၃၈၊ ၄၀၊ ၄၂၊ ၄၄၊ ၄၆၊ ၄၈၊ ၅၂၊ ၅၅၊ ၅၇၊ ၅၉၊ ၆၁၊ ၆၃၊ ၆၅၊ ၆၇၊ ၇၁၊ ၇၂၊ ၇၃၊ ၇၅၊ ၇၉၊ ၈၁၊ ၈၃၊ ၈၈၊ ၈၉၊ ၉၂၊ ၁၀၁

၂။ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏အမည်စာရင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ၁၉-၂-၂၀၁၄ရက်မှစ၍ ကြေညာထားမည်ဖြစ်ပါ သည်။

၃။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၂၁-၂-၂၀၁၄ရက်(သောကြာနေ့)တွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် အောက်ပါအတိုင်း လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်-

အချိန်	ခုံနံပါတ်
နံနက် ၈နာရီ	၁ မှ ၄၀ အထိ
မွန်းလွဲ ၁၂း၃၀နာရီ	၄၂ မှ ၁၀၁ အထိ

၄။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ ဖြေဆိုမည့်ရက်တွင် လူတွေ့စစ်ဆေးခံယူမည့် အချိန်မတိုင်မီ တစ်နာရီကြိုတင်၍ သတင်းပို့ကြရန်နှင့် အောက်ပါတို့ကို ယူဆောင်လာရမည်ဖြစ်ပါသည်။

(က) ဘွဲ့လက်မှတ်မူရင်း

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

ဖုန်း၊ တစ် Call ဖြင့်လက်မှတ်အိမ်အရောက်!

09 2540 18183

ဧမ္မမျက်လှည့်ပြပွဲ မှတ်တမ်းအား
တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှတစ်ဆင့်
၂၀-၂-၂၀၁၄ရက် (ကြာသပတေးနေ့)တွင်
နံနက် ၈း၃၀ နာရီ၌တစ်ကြိမ်
ညနေ ၅း၀၀ နာရီ၌ တစ်ကြိမ်

ထုတ်လွှင့်ပြသမည်ဖြစ်ပါသဖြင့် ဧမ္မမိတ်ဆွေများအားလုံး ကြည့်ရှုအားပေးနိုင်ကြောင်း အသိပေးအပ်ပါသည်။

(တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)ကို 5-Movies Digital Channel နှင့် 4HD မှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ဝပ်ရှော့ဆိုင်ခန်းအမှတ်(ယ-၂၁)အား အမှတ်(၄/၃၂)၊ ရန်ကုန်-မန္တလေးလမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်နေ ဦးချမ်းငြိမ်းဇော် ၉/ပမန(နိုင်)၁၃၄၃၃၅ အမည်ပေါက်ပိုင်ဆိုင်ပြီး အမှတ် ၂၃၄၊ ဇမ္ဗူသီရိလမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်နေ ဦးသက်ထွန်းနိုင် ၉/အမရ(နိုင်)၁၁၈၁၈၀ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

SAGA

"TV, VCD PLAYER, DVD Player, VIDEO Projectors, CAMERA, VIDEO Camera, Satellite Antenna, Cassette, Radio, Speaker, Sound Box, Amplifiers, Micro-Phone, Refrigerators, Air-Conditioners, Fans, Electric Irons, Printers, Copiers, Purified Water Machines, Fruit Mixers, Washing Machines, Hair Driers, Water Pumps, Motors, Inverters, Transformers, Generators, Electric Guitars, Electric Organ

Laurel

ပြည်တွင်းသတင်း

မြိုင်ချောင်း စိမ့်စမ်းရေဖြင့် စပါးစိုက်ပျိုး

မြိုင် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် သက္ကယ်ကန်ကျေးရွာအုပ်စု ဆားထုံးကြွယ် ချောင်းရိုးလယ်ကွင်း၌ ဖေဖော်ဝါရီ ၁၅ ရက်က မြိုင်စိမ့်စမ်းရေသွယ်မြောင်းဖြင့် ဆင်းသုခစပါးမျိုးနှင့်ပုလဲသွယ်မျိုးစပါးများကို စိုက်ပျိုးသည်။

မြိုင်မြို့နယ်သည် မိုးခေါင်ရေရှားအပူပိုင်းဒေသ ဖြစ်သော်လည်း သဘာဝအလျောက် စီးဆင်းသော စိမ့်စမ်းရေ၊ မြေအောက်ရေများဖြင့် တစ်ပိုင်တစ်နိုင်နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးပင် စားပင်များ စိုက်ပျိုးလျက်ရှိသည်။ မြိုင်စိမ့်စမ်းရေသည် သက္ကယ်ကန်ရွာမှ နှစ်မိုင်လေးဖာလုံ မြိုင်အနောက် အရပ်ထိသာ စီးဆင်းသော နွေစိမ့်စမ်း ရေများ သက္ကယ်ကန်၊ ဆားထုံးကြွယ်၊ ကြောင်ကန်၊ မြိုင်အနောက်ရပ် ချောင်းနံဘေးရှိ လယ်စိုက်တောင်သူ ဧက ၉၀ ကျော် ဆောင်းလယ်မြေများကို ဖေဖော်ဝါရီ လဆန်းပိုင်းမှစ၍ ပုလဲသွယ်နှင့် ဆင်းသုခစပါးမျိုးများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စိန်မြိုင် (မြိုင်)

နိုင်ငံခြားဝင်ငွေရရှိစေသည့် မြိတ်ကျွန်းစုဒေသမှ ကဏန်းပျော့မွေးမြူရေး

မြိတ် ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီးသည် ကမ်းရိုးတန်းဒေသဖြစ်သည်နှင့်အညီ ရေလုပ်ငန်းများကို အများအားဖြင့် သက်မွေးလုပ်ငန်း လုပ်ကိုင်ကြပြီး ငါး၊ ပုစွန်၊ ကဏန်းစသော ရေထွက်ပစ္စည်းများကို မွေးမြူ၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

မြိတ်မြို့ ပြည့်ဖြိုးထွန်းကဏန်းပျော့ မွေးမြူရေး ကုမ္ပဏီတွင် ၄၅ ဒသမ ၉၉ ဧက၊ ကောင်းကောင်းကဏန်းပျော့မွေးမြူရေးကုမ္ပဏီတွင် ၂၀၂ ဒသမ ၈၈ ဧကနှင့် ဦးအောင်မြင့်ဆွေ ကဏန်းပျော့ မွေးမြူရေးကုမ္ပဏီတွင် ၁၇ ဒသမ ၇၉ ဧကတို့တွင် ကဏန်းပျော့မွေးမြူထားရှိရာ အဆိုပါ ကုမ္ပဏီများမှ ကဏန်းပျော့စုစုပေါင်း ၇၄၈ ဒသမ ၄၀ တန်ကို ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၆၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် မြိတ်မြို့ ကျွဲကူးကျေးရွာရှိ ကေသရာဇာ မွေးမြူရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်ကုမ္ပဏီတွင်လည်း အကျယ်အဝန်း ခြောက်ဧကအတွင်း ငါးနှင့် ကဏန်းများမွေးမြူထားရှိပြီး ကဏန်းကန်စုစုပေါင်း ငါးကန်တူးဖော်၍ အကောင်ရေ ၂၀၀၀၀၀ မွေးမြူထားရှိရာ တစ်ကန်တွင် ကဏန်းအကောင်ရေ ၄၀၀၀၀ ဆံ့ကြောင်းသိရသည်။

အဆိုပါ ကဏန်းများကို ဒေသခံရေလုပ်သားများက တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၊ ၃၅၀၀ နှုန်းဖြင့် လာရောက်ရောင်းချကြကြောင်း သိရသည်။ ကဏန်းများကို ရေချိုရေငန်စပ်၍ မွေးမြူရပြီး ရေငန်နှုန်း 16˚ cm မှာ အပူချိန် 23˚ F မှ 33˚ F အထိ ထားရှိကာ မွေးမြူထားသော ကဏန်းပုံးများကို သုံးနာရီ တစ်ကြိမ်ဆွဲပြီး စစ်ဆေးကြည့်ရှုကာ ကဏန်းပျော့များကို ထုတ်ယူရကြောင်း။ တစ်ရက်ကို ကဏန်းကီလို ၃၀၀ မှ ၈၀၊ ၁၀၀ ကီလိုထွက်ရှိကြောင်း။ ကန်တစ်ကန်မှာ အလုပ်သမား ၁၀ ဦးခန့် လုပ်ကိုင်ရရှိပြီး ၄၅ ရက်လျှင် တစ်ကြိမ် ကဏန်းများ လဲလှယ်ရကြောင်း တာဝန်ခံတစ်ဦးထံမှ သိရသည်။

မိုးဟိန်း(မြိတ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၄၀၀၀
ရန်ကုန်ရွှေဈေး	၁၅ ပဲရည်	တစ်ကျပ်သား	၆၄၃၈၀၀
မန္တလေးရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၄၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၅-၉၉၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆-၃၀. ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇၉-၁၆. ၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၂၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၀၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၅၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၂၂၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၉၀-၇၈၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

အများသိစေရန်အသိပေးကြေညာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်၊ TGA ကုမ္ပဏီ သောက်ရေသန့်အရောင်းဌာနချုပ်၊ မန်နေဂျာ ဦးပြည့်ဖြိုးအောင် ၅/မရန(နိုင်)၁၅၁၉၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

TGA ကုမ္ပဏီ အရောင်းတာဝန်ခံ မထိုက်ထိုက်လင်း (ဘ)ဦးမြင့်စိုး ၅/မရန(နိုင်)၂၇၅၇၆၅၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့နေသူနှင့် TGA ကုမ္ပဏီ အရောင်းကြီးကြပ် ကိုဆွေမင်းအောင် (ဘ)ဦးခင်အောင် (မိ)ဒေါ်မေးကြည် ကိုင်းကန်ရွာ ဒီပဲယင်းမြို့နယ်နေသူတို့နှစ်ဦးမှာ TGA ကုမ္ပဏီမှ သောက်ရေသန့်ဘူးများ၊ ၁ လီတာ သောက်ရေသန့်ကတ် ၆ ဘူးပါကို စစ်ကိုင်းတိုင်းဒေသကြီးတစ်တိုင်းလုံးရှိမြို့များသို့ တာဝန်ယူဖြန့်ဖြူးရောင်းချခဲ့ကြပါသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ၂၀၁၃ ခုနှစ် တစ်နှစ်လုံး ရောင်းချခဲ့ကြသည့် ကြွေးမြီများကောက်ခံရသမျှကို ကုမ္ပဏီသို့ လာရောက်ရှင်းလင်းအောင် ငွေများပေးသွင်းခြင်းမပြုခဲ့ကြရုံမက ကုမ္ပဏီမှ ကြိုတင်ထုတ်ယူထားသော (လုပ်ငန်းသုံး) ငွေများကိုလည်း ပြန်လည်အပ်နှံပေးသွင်းခြင်းမရှိသောကြောင့် ၂၄-၁-၂၀၁၄ရက်က မထိုက်ထိုက်လင်းနှင့် ကိုဆွေမင်းအောင်တို့အား ကုမ္ပဏီမှအသိပေးခဲ့ရပါသည်။ သို့သော် မိမိတို့သဘောဖြင့် ကုမ္ပဏီမှ ၂၁-၁-၂၀၁၄ ရက်က ထွက်ခွာသွားပြီး လာရောက်ဆက်သွယ်ခြင်း တစ်စုံတစ်ရာရှင်းလင်းပြောဆိုခြင်း မပြုခဲ့ကြပါ။

၁၂-၂-၂၀၁၄ ရက်က ကိုဆွေမင်းအောင်သည် TGA ကုမ္ပဏီသို့ လာရောက်ပြီး ရောင်းချထားသော ရေသန့်ဘူးကြွေးမြီများ ကောက်ခံပေးရန်အတွက် ကုမ္ပဏီမှ တာဝန်ရှိဝန်ထမ်းတစ်ဦး လိုက်ပါပြီး ၎င်းနှင့်ထည့်ပေးရန် ပြောဆိုခဲ့ပါသည်။ ၎င်းအနေဖြင့် ရေသန့်ဘူးကြွေးကျန်များကို မပေးနိုင်သောကြောင့် တိုင်ချင်ရာတိုင် ရင်ဆိုင်ရန်အသင့်ဟု ပြောဆိုပါသည်။ မထိုက်ထိုက်လင်းမှလည်း အလားတူ ရေသန့်ဘူးကြွေးမြီများ ရှင်းလင်းပေးရန် အကြောင်းမရှိကြောင်း ပြောဆိုခဲ့ပါသည်။ ၎င်းတို့နှစ်ဦးနှင့် ကုမ္ပဏီတို့ ပြေလည်မှုမရခဲ့ပါ။

ယင်းသို့ ၎င်းတို့ နှစ်ဦးမှ တာဝန်မဲ့စွာပြောဆိုမှုကြောင့် TGA ကုမ္ပဏီတွင် နစ်နာဆုံးရှုံးမှုများဖြစ်ရကြောင်း ကုမ္ပဏီမှ ထုတ်ယူထားသည့် ငွေများကိုလည်း ပြန်လည်အပ်နှံခြင်းမပြုကြသောကြောင့် ဤသတင်းစာပါ ကြေညာသည့်ရက်မှတစ်ပတ်အတွင်း TGA ကုမ္ပဏီသို့ ကိုဆွေမင်းအောင်၊ မထိုက်ထိုက်လင်းတို့ နှစ်ဦးအနေဖြင့် ငွေရှင်းလင်းပေးသွင်းပေးရန် အသိပေးကြေညာအပ်ပါသည်။ ပျက်ကွက်ခဲ့ပါက TGA ကုမ္ပဏီ နစ်နာဆုံးရှုံးမှုအတွက် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးပြည့်ဖြိုးအောင်
သန်းကုဋေအောင်ကုမ္ပဏီလီမိတက်
မုံရွာမြို့

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကြွယ်(LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ် ၂၅၂၅/၈၄
ရုံးကြီးရပ်၊ စာရေးတန်းလမ်း၊ မုံရွာမြို့
ဖုန်း-၀၉-၄၇၀၅၁၄၂၅

ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး အတက်ကြမ်းနေ

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

အမေရိကန်နိုင်ငံ ဗဟိုဘဏ်အနေဖြင့် အခြားသောဘဏ်များဆီက ချေးငွေစာချုပ်များ လျှော့ဝယ်နေခြင်းကြောင့်လည်းကောင်း၊ တရုတ်နိုင်ငံ၌ တရုတ်နှစ်သစ်ကူး မတိုင်မီကပင် ယနေ့ရက်ပိုင်းအထိ ရွှေဝယ်လိုအားကောင်းနေခြင်းကြောင်းလည်းကောင်း ကမ္ဘာ့ရွှေဈေး အတက်ကြမ်းလာခဲ့သည်ဟု ရွှေဘုံသာလမ်းရှိ ရွှေအရောင်းအဝယ်ပြုလုပ်နေသော ဈေးကွက်အတွင်းမှ သတင်းကြားရသည်။

ကမ္ဘာ့ရွှေဈေး အတက်ကြမ်းခြင်းနှင့်အတူ မြန်မာ့ရွှေဈေးသည်လည်း ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အတွင်း၌ပင် တစ်ကျပ်သားကို ငွေကျပ် ၂၄၄၀၀ မျှ ခုန်တက်သွားခဲ့ကြောင်း တွေ့ရသည်။ ကမ္ဘာ့ရွှေဈေးအနေဖြင့် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၉ အထိ တက်သွားခဲ့သည်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးမှတ်တမ်းအရ သိရသည်။

၂၀၁၃ ခုနှစ် နှောင်းပိုင်းကာလ တစ်လျှောက် ဆက်လက်ကျဆင်းနေသော မြန်မာ့ရွှေဈေးသည် ၂၀၁၄ ဇန်နဝါရီ ၁ ရက်၌ ရွှေတစ်ကျပ်သားလျှင်ငွေကျပ် ၆၄၇၀၀၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ထိုမှတဖြည်းဖြည်း တက်လာခဲ့ရာ ဇန်နဝါရီ ၃၁ ရက် ညနေပိုင်း၌ ငွေကျပ် ၆၆၁၃၀၀ အထိ ဖြစ်လာခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်က ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၂၄၅ ဖြင့် ဖွင့်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၆၆၁၅၀၀ ဖြင့် စခဲ့သည်။ ဖေဖော်ဝါရီ ၁၀ ရက်က ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၆၉ အထိ ဖြစ်လာပြီး မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၆၆၆၃၀၀ အထိမြင့်လာခဲ့သည်။ တစ်ပတ်အတွင်း ဖေဖော်ဝါရီ ၁၅ ရက်က ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၈ အထိ တက်လာခဲ့ပြီး မြန်မာ့ရွှေဈေးမှာလည်း နံနက်ခင်းအဖွင့်၌ တစ်ကျပ်သားလျှင် ငွေကျပ် ၆၉၀၇၀၀ ဖြစ်လာပြီး ညနေခင်းအပိတ်၌တစ်ကျပ်သားလျှင် ငွေကျပ် ၆၈၇၇၀၀ ပိတ်ဈေး ဖြစ်ခဲ့သည်။

ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး အတက်ကြမ်းလာခြင်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်တစ်ဦးဖြစ်သည့် ဦးအေးချို (စမ်းချောင်း)က "ကမ္ဘာ့ရွှေဈေးနဲ့ ငွေဈေး(ဒေါ်လာဈေး)ကိုတွက်လိုက်ရင် လက်ရှိမြန်မာ့ရွှေဈေးက ကမ္ဘာ့ရွှေဈေးနဲ့(ဒွဲ)ဖြစ်နေတယ်။ ဒါကြောင့် ဝယ်လိုအားနဲ့ ရောင်းလိုအား မျှနေတယ်လို့ ပြောရမှာဖြစ်ပါတယ်" ဟု ဖြေကြားပေးခဲ့သည်။

၎င်းကပင်ဆက်လက်၍ "အဲဒီတော့ ဈေးအမြင့်ပိုင်းမှာ ရောက်လာပေမယ့် ပြန်ကျတော့မယ်ထင်တဲ့သူတွေကလည်း ပြန်ရောင်းနေကြတယ်။ ဆက်တက်ဦးမယ်လို့ တွက်ကြတဲ့သူတွေကလည်း ပြန်မရောင်းဘူး စောင့်ကြည့်နေတယ်။ ဒါ့ကြောင့် ဝယ်လိုအားနဲ့ ရောင်းလိုအားမျှနေတယ်လို့ဆိုတာဖြစ်ပါတယ်"ဟု ရှင်းပြပေးပါသည်။

သို့သော် အချို့သော ရွှေလုပ်ငန်းရှင်များက ရွှေဈေးကွက်၏သဘောမှာ အတက်ကြမ်းသည့်အတွက် အကျလည်း ကြမ်းတတ်ကြောင်း သုံးသပ်ပြောကြားမှုကို သိခဲ့ရသည်။

တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးအေးချို(စမ်းချောင်း)က "ကျွန်တော့်အမြင် အတွေ့အကြုံအရ ဒီတစ်ပတ်အတွင်းလောက်မှာပဲ ရွှေဈေးပြန်ကျမယ်လို့ မျှော်လင့်ထားပါတယ်" ဟု သုံးသပ်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ အရောင်းအဝယ်မရှိသော်လည်း မြို့တွင်းလမ်းမတော်၊ လသာ၊ ရွှေဘုံသာ၊ ဗိုလ်ချုပ်ဈေး ရွှေဆိုင်တန်းများ၌ အရောင်းအဝယ်ပုံမှန်မပျက်ရှိနေသည်ကို တွေ့ရသည်။ လသာမြို့နယ် မဟာဗန္ဓုလ လမ်းမကြီးပေါ်မှ ရွှေဆိုင်ကြီးတစ်ဆိုင်အတွင်း၌ နိုင်ငံခြားဧည့်သည်များ ဝင်ရောက်လေ့လာနေသည်ကိုလည်း အမှတ်မထင် တွေ့လိုက်ရသည်။

ဖေဖော်ဝါရီ ၁၇ ရက် နံနက်ခင်း ရွှေဈေးအဖွင့်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၂၅ ဒေါ်လာ ရှိနေပြီး မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၆၉၁၀၀၀ ရှိနေသည်။

အခမ်းအနားအလှဆင် ဂန္ဓမာပန်းအရောင်မျိုးစုံ အသုံးပြုသူများပြားလာ

မြိတ် ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ထိမ်းမြားမင်္ဂလာပွဲ၊ အလှူပွဲ၊ တရားပွဲနှင့် အခြားအခမ်းအနားများ ကျင်းပရာတွင် အလှပန်းအိုးများ၊ အလှပန်းဆင်ရာ၌ ဂန္ဓမာပန်းအရောင်မျိုးစုံကို အသုံးပြုသူများပြားလာကြောင်း အလှပြုပြင်ရေးဝန်ဆောင်မှုလုပ်ငန်းများထံမှ သိရသည်။ ယင်းသို့ အခမ်းအနားများတွင် အလှပန်းဆင်ကြရာ ဂန္ဓမာပန်းများမှာ လှပကျက်သရေရှိခြင်း၊ ခံနိုင်ရည်ရှိခြင်းနှင့် ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းတို့ကြောင့် အသုံးပြုသူများပြားလာကြောင်း သိရသည်။

မြိတ်မြို့နယ် ကရက်ကျေးရွာ၊ ကွမ်းသီးချောင်းကျေးရွာ၊ ရှမ်းကျောင်းကျေးရွာနှင့် အင်မော်ကျေးရွာတို့တွင် ရာသီပေါ်ပန်းမန်များ အများအပြား စိုက်ပျိုးလျက်ရှိရာ ယခုအခါ ဂန္ဓမာပန်းများကိုသာ အများအပြား ဝယ်ယူကြကြောင်း ပန်းစိုက်သူတောင်သူများထံမှ သိရသည်။

ဂန္ဓမာပန်း အရောင်မျိုးစုံရှိရာ အဖြူရောင်နှင့် အဝါရောင်များကို အကြိုက်များပြီး တစ်ပွင့်ကို ငွေကျပ် ၈၀ မှ ၁၀၀ ကျော် ဝန်းကျင်ရပြီး ဘုရားပန်းအိုး ထိုးရန်အတွက်လည်း ဝယ်ယူကြသဖြင့် ပန်းအရောင်နှင့် အရွယ်အစားအလိုက် ခုနစ်ပွင့်မှ ၁၀ ပွင့်အထိ တစ်စည်းကို ငွေကျပ် ၁၀၀၀ မှ ၁၅၀၀အထိ ရောင်းရကြောင်း ပန်းစိုက်သူတောင်သူများထံမှ သိရသည်။

မိုးဟိန်း(မြိတ်)

အလုပ်သမားဥပဒေရေးရာများ အသိပညာပေးဆွေးနွေး

မကွေး ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး အလုပ်သမားဥပဒေရေးရာများ အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အလုပ်ရှင်နှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန အလုပ်ရုံဦးစီးအရာရှိ ဦးစောမြင့်ဌေးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပြီး မကွေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းက အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသော အလုပ်သမားရေးရာဥပဒေများ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တိုင်းဒေသကြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်စိုးအေးမှ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး(iprd)

မွေးနေ့ဆုတောင်း

အချစ်ဆုံးသမီးလေး ပန်းမြင့်မြတ်ဖြိုး (Grade 11 မိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း- မလှိုင်မြို့)၏ ၁၉-၂-၂၀၁၄ရက် (၁၆)နှစ်ပြည့်မင်္ဂလာမွေးနေ့မှသည်

ပန်းလိုလန်းဆန်း
မြင့်မားဂုဏ်ဒြပ်
မြတ်သော ဣန္ဒြေ
ဖြိုးဝေစေကြောင်း ဆုမွန်တောင်းလျက်...

ဖေဖေ - ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)
ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန
မေမေ - ဒေါ်ခိုင်မြတ်ဦး
ကိုကြီး - ရဲခိုင်ဖြိုး (1st year physics) မိတ္ထီလာတက္ကသိုလ်

အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ အထက(၁) Grade-7(A)မှ မဖူးပြည့်နိုင်အောင်အား မပိုးဝတီနိုင်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဖခင်-ဦးနိုင်အောင်**
၁၂/လမန(နိုင်)၀၂၃၈၆၈

ကျေးဇူးဆပ်ပါမည်

ဒေါ်ကျင်သိန်း (ဘ) ဦးရွှေတိုင်၏ Passport MA-439693 ကို တွေ့ရှိက ဖုန်း-၀၉-၄၂၅၂၇၀၀၁၇သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ **(ပေးပို့သူအား ကျေးဇူးဆပ်ပါမည်။)**

ကျေးဇူးဆပ်ပါမည်

ဒေါ်ငွေလှိုင်(ဘ)ဦးဖဝေး၏ Passport MA-088248 ကို တွေ့ရှိက ဖုန်း-၀၉-၄၂၅၂၇၀၀၁၇ သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ **(ပေးပို့သူအား ကျေးဇူးဆပ်ပါမည်။)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပချိန်တွင် မဲရုံများ၌ တာဝန်ထမ်းဆောင်သည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ဝတ်ဆင်အသုံးပြုရန်အတွက် အပေါ်ဝတ် ဝတ်စုံ(လက်ပြတ်)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂)တွင် ၂၀-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့်တင်ဒါစည်းကမ်းများအား ဝယ်ယူခွင့်ရှိသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌထံလိပ်မူ၍ ၂၈-၂-၂၀၁၄ရက် ညနေ ၁၆း၃၀ နာရီ နောက်ဆုံးထားပြီး လာရောက်ပေးသွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်စက်မှုဇုန်)၊ မြေကွက်အမှတ် ၁၄၀၊ မြေဧရိယာ ၁ဒသမ၉၉၅ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးမြင့် ၁၂/လမတ (နိုင်)၀၃၀၄၂၁မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



နိုင်ငံတကာအားကစားသတင်း

အသင်းကြီးတွေ ခက်ခဲဦးမယ့် လာလီဂါပွဲစဉ် (၂၅)

လာလီဂါပွဲစဉ် (၂၅) ကို ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်လို့ ပွဲတွေဆက်တိုက် ဆင်နွှဲနေရတဲ့ ထိပ်တန်းအသင်းတွေလည်း သက်ပြင်းမချနိုင်ဘဲ အားထည့်ကစားကြရဦးမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပွဲ ဆင်နွှဲခဲ့လို့ ပွဲပန်းနေတဲ့ ရီးရဲမက်ဒရစ်ဟာ အခုလာလီဂါ ပွဲစဉ်တစ်ရပ် အယ်လ်ချီနဲ့ တွေ့ရမှာဖြစ်လို့ ပေါ့ဆလို့မရတာမို့ ရီးရဲမက်ဒရစ်တို့အတွက် လူစုံထုတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လာလီဂါပွဲစဉ် (၂၅)ဟာလည်း ရသစုံပေးဦးမှာ ဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်နှင့် အယ်လ်ချီ

ပထမအကျော့ အယ်လ်ချီကွင်းမှာ ကစားခဲ့တဲ့ ပွဲမှာ ရီးရဲမက်ဒရစ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားပါတယ်။ ရီးရဲမက်ဒရစ်ဟာ အယ်လ်ချီနဲ့ တွေ့ဆုံတိုင်း အနိုင်ကစားခဲ့တာ များတာမို့ ဒီပွဲမှာလည်း အစဉ်အလာမပျက် မှတ်တမ်းကောင်း ရေးထိုးပါလိမ့်မယ်။ ခြေစွမ်းပိုင်း တိုးတက်လာတဲ့ အယ်လ်ချီကို ရီးရဲတို့ အလေးအနက်ထားကစားမှရမှာဖြစ်ပြီး ဘာနေဗျူးမှာအမှတ်ပြည့်ရအောင် စွမ်းဆောင်မှာက အိမ်ရှင်တို့ပဲ ဖြစ်မှာသေချာပါတယ်။

ဆိုစီဒက်နှင့် ဘာစီလိုနာ

ဘာစီလိုနာတို့အတွက် ခက်ခဲမယ့်ပွဲပါပဲ။ ပူပူနွေးနွေးကစားခဲ့တဲ့ စပိန်ဘုရင့်ဖလားပွဲမှာ ဆိုစီဒက်တို့ အိမ်ကွင်းမှာ ဘာစီလိုနာဟာ သရေပွဲကျအောင် ရုန်းကန်ခဲ့ရတာမို့ ဒီပွဲမှာတော့ ဘာစီလိုနာတို့ ဘယ်လိုရလဒ်ထွက်ပေါ်အောင် ကြိုးစားမလဲ စောင့်ကြည့်ရပါလိမ့်မယ်။ ဆိုစီဒက်ကွင်းမှာ ခက်ခဲလေ့ရှိတဲ့ ဘာစီလိုနာအတွက် ဒီပွဲဟာ ပွဲကျပ်ဖြစ်နေပါတယ်။ ဘာစီလိုနာတို့ သရေကျအောင် ရုန်းကန်ရပါလိမ့်မယ်။

အိုဆာဆူနာနှင့် အက်သလက်တီကို

ချန်ပီယံလိဂ်ကြောင့် ပွဲပန်းနေတဲ့ အက်သလက်တီကိုဟာ အိုဆာဆူနာကို ခြေကုန်ထုတ်ရမယ့် ကိန်းပါပဲ။ အက်သလက်တီကိုဟာ ခြေစွမ်းတက်ရိပ်ပြနေပြီး နိုင်ပွဲတွေရရှိနေတာမို့ အိုဆာဆူနာဟာ အိမ်ကွင်းဆိုပေမယ့် မျှော်လင့်ချက် မြင့်မြင့်ထားလို့ မရနိုင်ပါဘူး။ အဝေးကွင်းဆိုပေမယ့် ညှော့သည်တို့အတွက် သုံးမှတ်အပြည့် စုဆောင်းနိုင်မယ့် အနေအထားရှိပါတယ်။

ဗယ်လာဒိုလစ်နှင့် လီဗန်တေး

နှစ်သင်းစလုံး ခြေရည်တူနေတာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ လီဗန်တေးဟာ နောက်ဆုံး ငါးပွဲကစားထားတဲ့ ရလဒ်ကို ကြည့်ရင် ရှုံးပွဲမရှိပါဘူး။ ဗယ်လာဒိုလစ်တို့က အိမ်ကွင်းမှာ ခြေစွာတာမို့ နှစ်သင်းစလုံး ပေါက်ကွဲကြမယ့် အခြေအနေရှိနေပါတယ်။ ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ ဒီပွဲမှာလည်း အဲဒီရလဒ်အတိုင်း ထွက်ပေါ်ဖို့များနေပါတယ်။

မိုးမြင့်လင်းလက်

ပီအက်စ်ဂျီ အကြိုဗိုလ်လုပွဲအထိ မျှော်မှန်း

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကြို ဗိုလ်လုပွဲအထိတက်ရန် မျှော်လင့်ထားကြောင်း ဆွီဒင် တိုက်စစ်မှူး ဇလတ်တန် အီဗရာဟင်မိုဗစ်ချ်က ပြောကြားလိုက်သည်။ ပီအက်စ်ဂျီနှင့် ဂျာမန်ကလပ် လေဗာကူဆင်တို့သည် ချန်ပီယံလိဂ်၁၆ သင်း ပထမအကျော့ အဖြစ်ယှဉ်ပြိုင် ကစားကြသည်။

ပြီးခဲ့သည့်နှစ်က ကွာတားဖိုင်နယ်တွင် ဘာစီလိုနာ အသင်းကို ရှုံးပြီး ပီအက်စ်ဂျီတို့ထွက်ခဲ့ရသည်။ မိမိတို့အသင်းသည် ပြီးခဲ့သည့်နှစ်ကထက် ပိုကောင်းလာသဖြင့် ချန်ပီယံလိဂ်တွင် အနည်းဆုံး အကြိုဗိုလ်လုပွဲအထိတက်ရန် မျှော်လင့်ထားကြောင်း အီဗရာဟင်မိုဗစ်ချ်က ပြောသည်။ အီဗရာဟင်မိုဗစ်ချ်သည် ပြင်သစ်ပထမတန်းတွင် ယခုနှစ်ရာသီအတွင်း ၁၉ဂိုး သွင်းယူပေးထားသူဖြစ်သည်။-

ကောင်းမြတ်သူ-စုစည်းသည်

ချန်ပီယံလိဂ် ၊ ချန်ပီယံရှစ် ပွဲစဉ်များနှင့် ဂိုးရလဒ်များ သီဟ

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပွဲစဉ်များ			**ဖေဖော်ဝါရီ ၂၀**
အေစီမီလန်	-	အက်သလက်တီကို	နံနက် ၂း၁၅
အာဆင်နယ်	-	ဘိုင်ယန်မြူးနစ်	နံနက် ၂း၁၅
အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၃၁			**ဖေဖော်ဝါရီ ၂၀**
နော်တင်ဟမ်	-	လက်စတာ	နံနက် ၂း၁၅

အေစီမီလန် Vs အက်သလက်တီကို

ချန်ပီယံလိဂ် ၁၆ အသင်းဆင့်တွင် မီလန်မှာ ဧည့်ခံကစားရမှာဖြစ်ပြီး စီးရီးအေတွင် အေစီတို့ အဆင့် ၉တွင် ရပ်တည်နေပြီး နောက်ဆုံးအိမ်ကွင်း ငါးပွဲမှာ သုံးပွဲနိုင်ပြီး၊ နှစ်ပွဲသရေကျပါတယ်။ ဧည့်သည် အက်သလက်တီကိုမှာ လာလီဂါတွင် အဆင့်သုံးနေရာရောက်နေသော်လည်း အထက်နှစ်သင်းနဲ့ အမှတ်တူဂိုးကွာခြားချက်ကြောင့် အောက်အဆင့်သို့ ကျရောက်နေပြီး လာလီဂါ အဝေးကွင်း ငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားပါတယ်။ ချန်ပီယံလိဂ်ဖလားတွင် အေစီမှာ ဝါရင့်အသင်းဖြစ်ပြီး အက်သလက်တီကိုက အတွေ့အကြုံမရင့်ကျက်သေးဘဲ လက်ရှိခြေစွမ်းအရတော့ အက်သလက်တီကိုက ခြေစွမ်းသာပါတယ်။ အေစီမှာ ဒီရာသီအစကတည်းက အထိုင်မကျဘဲ အားထားရတဲ့ကစားသမားတွေ ဒဏ်ရာပြဿနာနဲ့ လူအဝင်အထွက်တွေကြောင့် အသင်းဖွဲ့စည်းပုံ ဖရိုဖရဲဖြစ်ပြီး မတည်ငြိမ်ပေ။ ဒီပွဲတွင် ဝါရင့်အသင်းကြီးက အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်သော်လည်း အသာစီးကစားဖို့က မဖြစ်နိုင်ပေ။ ဘာလော့တယ်လီနဲ့ ဒီယေဂိုကော်စတာတို့ တိုက်စစ်မှူး စွမ်းရည်ကို အားပြိုင်ရမယ့်ပွဲဖြစ်ပြီး လာလီဂါအသင်းတွေရဲ့ ကစားကွက်ကို ရင်းနှီးနေတဲ့ ကာကာရဲ့ ဖန်တီးအောက်ကို မကျရောက်အောင် ဧည့်သည်အနေနဲ့ အစဉ်အလာရှိတဲ့ အသင်းကြီးဆီကပညာယူရင်း အနည်းဆုံးသရေရအောင် ကစားမှာဖြစ်ပြီး အဝေးကွင်း ရလဒ်မဆိုးအောင် ထိန်းကစားကာ ဂိုးပါမြူးနိုင်မယ့်ပွဲပါပဲ။

ဖေဖော်ဝါရီ ၁၈ ဂိုးရလဒ်များ

ဘာရိုက်တန်	၁-၁	ဟားလ်စီးတီး
ဗီရိုနာ	၁-၃	တိုရီနို
မာလာဂါ	၀-၁	ဆိုစီဒက်

ဟားလ်နှင့် ဘရိုက်တန်ပြန်ကန်မည်

အက်ဖ်အေဖလားပဉ္စမအဆင့်ပြိုင်ပွဲတွင် ပရီမီယာလိဂ်အသင်း ဟားလ်စီးတီးနှင့် ဘရိုက်တန်တို့ ယှဉ်ပြိုင်ကစားစဉ် တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့၍ ပြန်ကန်ပွဲကစားရမည်ဖြစ်သည်။ ဟားလ်စီးတီးအသင်းမှ ယာနစ်ဆက်ဘို၏ နောက်ကျဂိုးကြောင့် ဘရိုက်တန်အသင်းအိမ်ကွင်းသို့ ပြန်ကန်ပွဲ ကစားရမည်ဖြစ်သည်။ ဘရိုက်တန်အသင်းက အိမ်ကွင်း၌ လီယိုနာဒို အူလိုယာ၏ ဦးဆောင်ဂိုးဖြင့် ဟားလ်စီးတီးကို ဦးဆောင်ကစားခဲ့သည်။ သို့သော် ပွဲချိန် ၈၅ မိနစ်တွင် ဟားလ်စီးတီးမှ ဆက်ဘိုက ချေပဂိုးသွင်းယူခဲ့သည်။

၁၃-၂-၂၀၁၄ ရက်စွဲထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍပါ မန္တလေးမြို့နေ ဒေါ်လှလှမြင့်(ခ)ဒေါ်ခင်မိုး ၁၂/စခန(နိုင်)၀၀၆၀၂၉ ၏ ကြေညာချက်အပေါ်

ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မလှိုင်မြို့နေ ဦးခင်မောင်အေး ၉/မလန(နိုင်)၀၀၃၄၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၃-၂-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍပါ မန္တလေးမြို့နေ ဒေါ်လှလှမြင့်(ခ)ဒေါ်ခင်မိုး၏ ကြေညာချက်အပေါ် မှန်ကန်ခြင်းမရှိသည့်အတွက် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဒေါ်လှလှမြင့်မှ သူပိုင်ပစ္စည်းများဖြစ်သော ရွှေတုံး (၁ဝိသား×၁၉ တုံး)နှင့် ရွှေဖြင့်ပြုလုပ်ထားသော စိန်ထည်လက်ဝတ်ရတနာပစ္စည်း ၁၃ မျိုး၊ ပုလဲလုံး ၇၀၊ စုစုပေါင်း စိန်ရွှေလက်ဝတ်ရတနာပစ္စည်း ၁၅ မျိုး၊ ကာလတန်ဖိုး ကျပ်သိန်း ၁၆၅၀ ခန့်ကို သက်သေလူကြီးများရှေ့မှောက်တွင် ရွှေပန်းထိမ်ဆရာကိုရဲနောင်က သေချာစွာချိန်တွယ်၍ ဦးခင်မောင်အေးထံ ၈-၁၂-၂၀၁၃ ရက်၌ ယုံကြည်စွာ အပ်နှံခဲ့သည်ဆိုသည်မှာ မမှန်ပါ။ ဖြစ်စဉ်မှာ ဒေါ်ချော မန္တလေးသို့ ဆေးကုသရန် လာရောက်စဉ် ဒေါ်ချောနှင့်ဦးခင်မောင်အေးတို့ယူဆောင်လာသော မီးခံသေတ္တာအား အုပ်ချုပ်ရေးမှူးရုံးတွင် အသိသက်သေများရှေ့မှောက်၌ ဖွင့်လှစ်စစ်ဆေးပြီး ဦးခင်မောင်အေးထံ ပြန်လည်ပေးအပ်ခဲ့ခြင်းသာဖြစ်ပါသည်။ ထိုစဉ်က ဒေါ်လှလှမြင့်မှ အထက်ပါ စိန်ရွှေလက်ဝတ်ရတနာပစ္စည်း ၁၅ မျိုးကို ဦးခင်မောင်အေးထံ ယုံကြည်အပ်နှံခဲ့ခြင်းမျိုးမရှိခဲ့ပါ။ ဒေါ်လှလှမြင့်မှာ အသိသက်သေတစ်ဦးအနေဖြင့်သာ လက်မှတ်ရေးထိုးပါဝင်ခဲ့ခြင်းသာဖြစ်ပါသည်။

ဒေါ်လှလှမြင့်မှ ၁၂-၁၂-၂၀၁၃ ရက်စွဲဖြင့် ၎င်း၏တရားလွှတ်တော်ရှေ့နေများက တစ်ဆင့်ပေးပို့ခဲ့သော နို့တစ်စာမှာ မှန်ကန်မှုမရှိသည့်အတွက် ဦးခင်မောင်အေးအနေဖြင့် လိုက်နာရန်မလိုအပ်ကြောင်း ဦးခင်မောင်အေး၏ တရားလွှတ်တော်ရှေ့နေမှတစ်ဆင့် အကြောင်းပြန်ကြားခဲ့ပြီးဖြစ်ပါသည်။ ဒေါ်လှလှမြင့်(ခ)ဒေါ်ခင်မိုးအနေဖြင့် မှန်ကန်မှုမရှိသည်ကိုသိလျက် ဦးခင်မောင်အေးအပေါ် အများထင်ယောင်ထင်မှားဖြစ်စေရန် သတင်းစာမှ စွပ်စွဲကြေညာမှုပြုလုပ်ခြင်းသည် ဦးခင်မောင်အေး၏ဂုဏ်သိက္ခာကို ကျဆင်းစေရန် ကြေညာခြင်းဖြစ်၍ ရပ်သိမ်းပေးရန် တောင်းဆိုပါသည်။

နောက်နောင် ယခုကဲ့သို့ ဒေါ်လှလှမြင့်(ခ)ဒေါ်ခင်မိုးက ဦးခင်မောင်အေးအပေါ် ဆက်လက်၍ မမှန်မကန်ကြေညာခြင်းမျိုးမပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်မည်ဆိုပါကလည်း တုံ့ပြန်ကြေညာခြင်းမျိုးပြုလုပ်တော့မည်မဟုတ်ပါ။ သို့အတွက် ဒေါ်လှလှမြင့်(ခ)ဒေါ်ခင်မိုးအနေဖြင့် ဆက်လက်လုပ်ဆောင်မည်ဆိုပါက ဦးခင်မောင်အေးမှ တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးလိုက်ပါသည်။ အကယ်၍ ဒေါ်လှလှမြင့်(ခ)ဒေါ်ခင်မိုးက တရားစွဲဆိုမည်ဆိုပါလျှင်လည်း ကျွန်ုပ်အမှုသည်ဦးခင်မောင်အေးအနေဖြင့် ရင်ဆိုင်ဖြေရှင်းရန် အသင့်ရှိပါကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစန်းမြင့်အောင် LL.B, Dip in Business Law
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၂၉)

ဒေါ်ချောစု LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၈၀၃၄)

ဒေါ်နန်းလှဲ့လှဲ့စိုး LL.B(Q),D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၂၃၉၄)

အမှတ်(၂၄-၂၅/၁)၊ ၄၁×၄၂ လမ်းကြား၊ ၈၄×၈၆ လမ်းကြား၊ ရွှေဘုန်းရှိန်၊ ၅၁၀(က) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၅၄၁၆၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်သန်းသန်းအေး၏သား မောင်သူရိန်အောင် ၁၂/ဥကတ(နိုင်)၁၇၇၃၆၈ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ၏ ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

မိခင် ဒေါ်သန်းသန်းအေး ၁၂/ဥကတ(နိုင်)၀၁၀၉၃၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၂၉၀၆ Toyota Mark II, S/L ယာဉ်လက်ဝယ်ရှိသူ ဒေါ်တန်စီးကျူ(ခ)ဒေါ်တင်တင်အေး ၁၂/လသန(နိုင်)၀၁၁၃၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ C[၁]၊ မြေကွက်အမှတ် ၁၁၁၈၊ မြေကွက်တည်နေရာအမှတ် ၂၁၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ် ဒုတိယဗိုလ်မှူးကြီးစံထွန်း၊ ဒေါ်မြင့်မြင့်သန်းအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးစံထွန်း ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်သန်း ၁၂/စခန(နိုင်)၀၂၃၀၁၉က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းချုပ် အပူအပုပ်များပြီး

မိုက်မရစ် မိုက်မနာ ဝမ်းသွားအားရစေသော

စုစုအေးအောင် ဝမ်းမှန် အကြောပြေဆေး

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ **ဆိပ်ကမ်းမြို့နယ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းပါဝင်ပြီး ဆိပ်ကမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအင်အား များကို အခြားခရိုင်၊ မြို့နယ်ရုံးများသို့ တွဲဖက်ထားပါသည်။ ဆိပ်ကမ်းမြို့နယ်၏ သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်ရာ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သန့်/ သာဝန်ထမ်းနှင့် တွဲဖက်ဆောင်ရွက်ရသဖြင့် ထိရောက်မှုမရှိကြောင်း တွေ့ရှိရပါ သည်။ သို့ဖြစ်ပါ၍ စည်ပင်လုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများ အား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စည်ပင်မှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်သင့်သည်ဟု ယူဆပါသည်။ သို့ဖြစ်ရာ ဆိပ်ကမ်း မြို့နယ်စည်ပင်ရုံးကို သီးခြားပြန်လည်ဖွဲ့စည်း၍ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ၊ မြစ်တွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက် မည်၊ မဆောင်ရွက်ပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို ရှင်းလင်းဆွေးနွေးပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဆိပ်ကမ်းမြို့နယ်သည် ဝ ဒသမ ၅၁၁ စတုရန်းမိုင်ရှိပြီး ရပ်ကွက်အားဖြင့် သုံးခု၊ အိမ်ခြေ ၃၀၊ အိမ်ထောင်စု ၂၄၀၊ လူဦးရေ ၁၅၀၀၊ ဌာနဆိုင်ရာအဆောက်အအုံ ၁၁ ခုရှိပြီး ပေါင်းစည်း ပြေစာကောက်ခံရန် အလွန်နည်းပါးသော ပမာဏဖြစ်ပါသည်။ စားသောက်ကုန်လုပ်ငန်း ၂၀ ခန့်ရှိပြီး လုပ်ငန်းခုနစ်ခုကို လုပ်ငန်းလိုင်စင်ချထား ပါသည်။ ဆိပ်ကမ်းမြို့နယ်ရုံးသည် ရေးဆွဲပြီးဖွဲ့စည်းပုံအရ မူလခွင့်ပြု ၄၂ ဦး၊ ခန့်ထား ၁၂ ဦးရှိပြီး အနောက်ပိုင်းခရိုင်ရုံးနှင့် အခြားမြို့နယ်ရုံးများတွင် တွဲဖက်တာဝန်ထမ်းဆောင်နေပါသည်။ ဆိပ်ကမ်းမြို့နယ်ရုံး လုပ်သင့်/မလုပ် သင့်ကို EC မှာ ပြန်လည် ဆွေးနွေးပြီး မြို့တော်ဝန်ကိုတင်ပြပါမည်။ လက်ရှိမှာမြန်မာ့ ဆိပ်ကမ်းအာဏာပိုင်မှလည်း ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပ ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ပါရှိသည်။ ဝန်ကြီးချုပ်နှင့်မြို့တော် ဝန်က နာယကအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး ကော်မတီမှလည်း ဆောင်ရွက်နေသော ကြောင့် overlap lapping မဖြစ်စေရန် ပေါင်းစပ်အားဖြည့်ညှိနှိုင်းဆောင်ရွက် ပါမည်။ လမ်းဘေးဈေးသည် ရှင်းလင်းရေးနှင့်ပတ်သက်၍ တတ်နိုင်သလောက် ဖြေလျှော့ပြီး လုပ်ဆောင်နေပါသည်။ လမ်းမကြီးငါးသွယ်တွင် အချိန်ပိုင်း အကန့် အသတ်ဖြင့် ရောင်းခွင့်ပြုထားပြီး လမ်းသွယ်များတွင် ရောင်းချခွင့်ပြုထားပါသည်။ ဈေးကောက် ကောက်ခံခြင်းမပြုဘဲ အချိန်မရွေးဖယ်ရှား၍ရရန် ဆောင်ရွက်ထား ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **လမ်းမတော်မြို့နယ် (၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာ အဆင့်မြင့်အိမ်ရာ ဆောက်လုပ်ရန် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြေညာချက်ထုတ်ပြန်ပြီး ပထမအကြိမ်လာရောက်ဆွေးနွေးခဲ့ပါသည်။ ဒုတိယအကြိမ် စာဝေခဲ့ပါသည်။ ပြည်သူတွေကလည်း နိုင်ငံတော်အစီအစဉ်ဖြစ်သည့်အတွက် ကန့်ကွက်ခြင်းမရှိပါ။ ထို့ကြောင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်မေးမြန်းခြင်းနှင့် ပတ်သက်၍** ၂၆-၁-၂၀၁၄ ရက်နေ့ နံနက် ၉ နာရီတွင် တွေ့ဆုံဆွေးနွေးရန် စာဖြန့်ဝေထားပါ သည်။ လမ်းသစ်ရိပ်သာနှင့်ပတ်သက်၍ စီမံကိန်းဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိပါသည်။ မကြာမီမှာပင် အဆောက်အအုံ Design ကို သတင်းစာမှ တင်ဒါခေါ်ယူ၍ မြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီသည့် အသင့်တော်ဆုံး Design ကို ရွေးချယ်ပြီး တည်ဆောက်မှုများပြုလုပ်သွားပါမည်။ ဆောက်လုပ်မည့် ကုမ္ပဏီ ကိုလည်း အမြန်ဆုံးရွေးချယ်ပြီး ဆောက်လုပ်ပေးမည်။ အဆောက်အအုံ Design ပိုင်းအား တာဝန်ယူရွေးချယ်ပေးမည်။ ပြည်သူလိုချင်တာတစ်မျိုး ဆောင်ရွက် တာတစ်မျိုးမဖြစ်အောင် ဆောင်ရွက်ပေးမည်။ ရွှေ့ပြောင်းခ၊ ဆောက်လုပ်စဉ် အတွင်း ငှားရမ်းနေထိုင်ရသည့် အိမ်လခစရိတ်များ စီစဉ်ပေးမည်။ လမ်း သစ်ရိပ်သာတွင်လည်း ပြန်နေရမည်။ ခေတ်မီနည်းပညာများနှင့်ဆောက်ခြင်းဖြစ်၍ အစိုးရပထမသက်တမ်းကာလအတွင်း ပြီးအောင်ဆောက်လုပ်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၃။ **လသာမြို့နယ်မှ လမ်းဖြတ်သန်းရာတွင် ပြည်သူများအဆင်ပြေစေရန် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ပိုမိုလွယ်ကူစေရန် ခုံးကျော်တံတားများအစား မြေအောက်မှ ဖြတ်သန်းသွားနိုင်သည့် နည်းပညာကို အသုံးပြုစေလိုကြောင်း အကြံပြုမေးမြန်းချက်နှင့်ပတ်သက်၍** လမ်းဖြတ်သန်း ရာတွင် ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစေရန် အမိုးပါပြီး ရွေ့လျား စက်လှေ ကား တပ်ဆင်ထားသော ခုံးကျော်တံတားကို Design စတင်ထုတ်နေပြီး ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို တာဝန်ပေးထားပါသည်။ လက်ရှိအနေအထားအရ မြေအောက်မှ ဖြတ်သန်းသွားလာနိုင်မည့် နည်းပညာမှာ အခက်အခဲရှိပါကြောင်း ဖြေကြား အပ်ပါသည်။

၄။ **ရန်ကုန်မြို့ Downtown ဧရိယာအတွင်း လမ်းဘေးဈေးသည်များပြားမှုကို လျှော့ချပေးစေလိုပါသည်။ သို့ရာတွင် ဆင်းရဲမွဲတေမှုပပျောက်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လမ်းဘေးဈေးသည်များအား အချိန်အကန့် အသတ်ဖြင့် လည်းကောင်း၊ တစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်အစီအစဉ်ဖြင့်လည်း ကောင်း ရောင်းချစေသင့်ကြောင်း ရပ်မိရပ်ဖများ၊ အထောက်အကူပြုအဖွဲ့များ အနေဖြင့် အကြံပြုမေးမြန်းခြင်းနှင့်ပတ်သက်၍** ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုအောက်တွင် ဆောင်ရွက်နေရသည့်အတွက် ရပ်မိရပ်ဖများ၊ အထောက်အကူပြုအဖွဲ့များမှ စပြီးတင်ပြပေးစေချင်ပါသည်။ ပြည်သူလူထုအုပ်ချုပ်ရေးစနစ်ဖြစ်သည့်အတွက် ပြည်သူမှစတင်ပြီး မြို့တော်ဝန်ကို ဆွေးနွေးတင်ပြပေးမည်ဆိုလျှင်၊ တက်ညီလက် ညီဆောင်ရွက်ပေးမည်ဆိုလျှင် သမ္မတကြီးညွှန်ပြသည့် ပြည်သူ ဗဟိုပြုစနစ်ကို လိုက်နာဆောင်ရွက်ပြီးသားဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **ဒဂုံမြို့သစ်(မြောက်ပိုင်း) မဟာဓာတ်အားကြိုးလိုင်းအောက် ပေ ၃၀၀ အတွင်း အန္တရာယ်ရှိ၍ ချန်လှပ်ထားခဲ့ပြီး ယခုအခါလူနေအိမ်ရာများချထားပေး နေသဖြင့် အဆိုပါလူနေအိမ်များနှင့်ပတ်သက်၍ အန္တရာယ်ရှိခြင်းအတွက် မည်သို့ဆောင်ရွက်ထားရှိသည်ကို မေးမြန်းခြင်းနှင့်ပတ်သက်၍** ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် လူနေရပ်ကွက် Residential Area များကို စနစ်တကျ Town Plan ရေးဆွဲပြီး မြေကွက်များဖော်ထုတ်နေရာချထားခဲ့ခြင်းဖြစ်သည်။ မဟာဓာတ်အားလိုင်းအောက်ပေ ၃၀၀ နယ်မြေအတွင်း လူနေမြေကွက်ချထား ပေးခြင်းမရှိဘဲ မြေကွက်လပ် Open Space အဖြစ်သာထားရှိခဲ့ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ **ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နှင့်မြောက်ဥက္ကလာပမြို့နယ်ကို ဆက်သွယ် ထားသည့် ထားဝယ်ချောင်ကြိုးတံတားအား အန္တရာယ်ကင်းဝေးရေးဆောင်ရွက် ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၁၉၉၁ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့သော တံတားကြီးဖြစ်ပါသည်။ အရှည်ပေ ၄၈၀ ရှည်၍ အကျယ်ခြောက်ပေရှိသည်။ ၂၃ နှစ်ရှိပါပြီ။ လူဦးရေများပြားစွာ ဖြတ်သန်းနေသော တံတားကြီးဖြစ်သည်။ ၂၈-၅-၂၀၁၃ ရက်နေ့တွင် တံတားအထူးအဖွဲ့(၁)မှ ကြိုး ၁၆ ချောင်း ပြုပြင် လဲလှယ်ထားပြီးဖြစ်ပါသည်။ ကြိုးတံတား၏ ရေရှည်ခံနိုင်မှုသည် ဖြတ်သန်း သွားလာနေသည့် ပြည်သူလူထုပေါ်တွင်များစွာ မူတည်ပါကြောင်း ဖြေကြား အပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တိရစ္ဆာန်များ ရွာ ၁၁ ရွာသို့ဖြန့်ဖြူး

ရေဖြူ ဖေဖော်ဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ဤသို့ဖြန့်ဖြူးပေးခဲ့ခြင်း ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့က ကြီးကြပ်၍ ကျေးရွာနေပြည်သူများ ရာသီမရွေး တစ်ဦးချင်းဝင်ငွေ ရရှိနိုင်မည့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းကို တိုးတက်စေရန် ကျေးရွာ ၁၁ ရွာသို့ ဖေဖော်ဝါရီ ၁၃ ရက်က ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ တိရစ္ဆာန်များ ဖြန့်ဖြူးခဲ့သည်။

ရေဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမင်းဇင်ဦးက ကျေးရွာကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ရေဖြူမြို့နယ်အတွင်းရှိ ၁၁ ရွာမှ မွေးမြူသူ ၆၁ ဦးကို ဝက် ၁၄၈ ကောင်၊ နွားသုံးကောင်နှင့် ဘဲ ၂၁၅ ကောင်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၅ နာရီခွဲက သတင်းအရ ပခုက္ကူခရိုင် အကူတပ်ခွဲမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတံတား(ပခုက္ကူ) ဂိတ်တွင် စောင့်ဆိုင်းနေစဉ် ပခုက္ကူမြို့ရှောင်လမ်းမှ ညောင်ဦးမြို့နယ်သို့ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်စည်ပင်ရွာနေ ကျော်စိုးမိုး(၄၃ နှစ်)မောင်းနှင်လာသော ၉ယ/--- Aumark အဖြူရောင်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် စပါးခွံအိတ်များနှင့်ဖုံးထားပြီး မိုးကာအုပ်ထားသော တမလန်းသစ်၊ ခါးရွှေတုံးဆိုက်စုံ ၃၇ တုံး တန်ဖိုးငွေကျပ် ၁၂ သိန်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်စိုးမိုးအား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကိုရဲ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အမည်ပြောင်း

ဦးသိန်းဇော် ၁၄/ပသန(နိုင်)၀၀၆၁၄၁၏သား အလက(၂) တာမွေမြို့နယ် ပဉ္စမတန်း(ခ)တွင် ပညာသင်ကြားနေသော မောင်ဇော်ရဲထက်အား မောင်ဟိန်းမြတ်ကို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်းကြမ်းခင်းဧရိယာ ၁၂၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၄ရက် ၀၉း၃၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၂၄-၂-၂၀၁၄ရက် ၁၆း၃၀ နာရီ
Technical Proposal နှင့် Price Proposal
နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊အချိန် - ၃၁-၃-၂၀၁၄ရက် ၁၆း၃၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံများကိုရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၃၀၀၀၀ နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃း၀၀နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီး ဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇ ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပင်လည်ဘူးမြို့နယ်၊ မံစီလေး (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ (၄၄ပေ×၃၆ပေ) နှစ်ခန်းတွဲ တစ်ထပ်တစ်လုံး၊ (၇၂ပေ×၃၂ပေ) လေးခန်းတွဲ တစ်ထပ်တစ်လုံး၊ ပေ(၅၀×၃၈) တစ်ထပ်တစ်လုံး၊ ၃၇ဒသမ ၆ပေ×၃၈ပေ သုံးခန်းတွဲ တစ်ထပ်တစ်လုံးနှင့် အုတ်ရေကန်တစ်လုံး၊ ရေစင်တစ်လုံး၊ လေးလက်မ အဝီစိတွင်း၊ (၁၅×၁၅×၁၁)ပေ ဓာတ်မှန်ဆောင်တစ်လုံး၊ မိလ္လာကန်နှစ်လုံး၊ ဂိတ်တံခါးနှင့် ခြံစည်းရိုးကာရန်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေသန့်နှင့် လျှပ်စစ်လုပ်ငန်းများဆောင်ရွက်ရန်ရှိပါ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-
(က) **လျှောက်လွှာရယူရမည့်ရက်** -၁၄-၂-၂၀၁၄ရက်မှ ၁၉-၂-၂၀၁၄ရက်အထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** -၂၀-၂-၂၀၁၄ရက်၊ ၁၀း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** -၂၀-၂-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၉၆၊ ၂၂၅၃၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင် ပါသည်။ **တင်ဒါစိစစ်ရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ လေးခန်းတွဲခြောက်ထပ်တိုက်အဆောက်အအုံ တိုက်(၃)၊ အရှေ့ခန်း၊ အခန်းအမှတ် ၂၂ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိအမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသန်းကြွယ် ၁၂/ကမရ(နိုင်)၀၄၃၁၂၆ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း ၁၂/မရက(နိုင်)၀၃၁၈၁၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်မှုရှိသဖြင့် ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီရိဝင်း (စဉ်-၂၈၂၁၇) LL.B, D.B.L **အထက်တန်းရှေ့နေ**
ဦးအုန်းသန်း (စဉ်-၈၂၃၉) B.A(Geog), H.G.P, R.L.,D.B.L **တရားလွှတ်တော်ရှေ့နေ**
အမှတ်(၃၁၀/ခ)၊ ဗလ္လိက ၁၂လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၇၃၀၀၀၂၃၈၊ ၀၉-၄၅၀၀၁၉၇၄၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ဓာတ်အားကွပ်ကဲရေးဌာန၊ နေပြည်တော်ရှိ (National Control Center)တွင် SCADA-EMS စနစ် တပ်ဆင်ရန်အတွက် အဆောက်အအုံအတွင်းပိုင်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက သတ်မှတ်ပေးသော ဒီဇိုင်းပုံစံအတိုင်း အဆင့်မြှင့်တင်ပြင်ဆင်ခြင်း (အခန်းများပြင်ဆင်ဖွဲ့စည်းခြင်း၊ အလှဆင်ခြင်းနှင့် လုံခြုံရေးစနစ် တပ်ဆင်ခြင်းများအပါအဝင်)လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပြီးအစီး အပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ထင်းဝင်းရပ်၊ အကွက် ၃၂၀နေ [ဦးခင်မောင်ဇော်(ခ)ဦးခွေး]-ဒေါ်ခင်ငွေးတို့၏သား မောင်အောင်လှိုင်မြင့်(ခ) မောင်ကိုကိုကြီး ၉/ခအဇ(နိုင်)၀၂၆၂၃၁သည် မိဘများကို စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာမှ တာဝန်မယူကြောင်းနှင့် မည်သည့်အရာမှ မသက်ဆိုင်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ငွေး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သစ်တောပြုန်းတီးမှုလျော့ပါးရေး ထင်းအကုန်သက်သာသော မီးဖိုများ ဝေငှ

ရေတာရှည် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်းဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ရေတာရှည်မြို့နယ်သစ်တောဦးစီးဌာနက လောင်စာထင်းအကုန်အကျ သက်သာသည့် မီးဖိုများ အခမဲ့ဝေငှပေးလျက်ရှိကြောင်း သိရသည်။ တောအုပ်ကြီး ဦးတင်ဝင်း ဦးဆောင်သောတာဝန်ရှိသူများက ကွင်းကြီးကျေးရွာအုပ်စု အမတ်ကြီးခုံကျေးရွာ၊ သိုင်းဝအုပ်စု သိုင်းဝကျေးရွာ၊ ကမ်းပါးနီကျေးရွာများရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူများ အစုအဖွဲ့ပိုင် သစ်တောများထူထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ အသုံးပြုခြင်းတို့ကို ပညာပေးဟောပြော၍ လောင်စာထင်းကုန်ကျမှု သက်သာသည့်မီးဖို ၁၈၅ လုံးကို အခမဲ့ဝေငှပေးခဲ့သည်။ **(အပေါ်ပုံ)**ထို့အပြင်ရေတာရှည်မြို့နယ် တောင်ပေါ်ကြိုးဝိုင်းဒေသများဖြစ်သော လှည်းပွဲကြီး၊ ဇဝင်း၊ သစ်ပုတ်ပင်၊ ကျောက်တစ်လုံး၊ လယ်ပြင်မ၊ အုတ်ဖို၊ လှည်းပွဲလေးကျေးရွာများတွင် ထင်းမီးဖို ၆၀၀

ကျော် ဝေငှပေးခဲ့ပြီး ဆက်လက်၍လည်းပေးအပ်ရန်ရှိကြောင်း တောအုပ်ကြီး ဦးတင်ဝင်းက ပြောသည်။

သစ်တောကြိုးဝိုင်းနေ ပြည်သူတို့ ကိုယ်ပိုင်စိုက်ခင်းများတွင် ယူကလစ်ပင် ထည့်သွင်းစိုက်ပျိုးပါက အပိုင်ငွေရရှိနိုင်ပြီးရေနီမြို့ လူသုံးကုန်ပစ္စည်းနှင့်စက္ကူစက်ရုံက အရွယ်ရောက်ပြီး အပင်တစ်ပင်လျှင် ကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူမည်ဖြစ်သည်။ ဒေသ အနှံ့အပြားတွင် လောင်စာထင်းသုံးစွဲမှု မြင့်တက်လျက်ရှိရာ ယခုလို ပွင့်လင်းရာသီတွင် ထင်းများစတင်ခုတ်ယူလျက်ရှိပြီး လောင်စာထင်းကုန်ကျမှု သက်သာသော မီးဖိုများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကိုအထိုက်အလျောက် လျော့ကျစေမည်ဖြစ်သည်။ **ဖြိုးလွင်အောင်**

အင်းတော်မြို့၌ မသင်္ကာသူအားစစ်ဆေးခဲ့ရာမှ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

ကသာ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သူရောင်းကျေးရွာအနီး လှည်းလမ်းတွင်တွေ့ရှိသူထံမှ မူးယစ်ဆေးဝါးများ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖမ်းဆီးရေးညွှန်ကြားချက်အရ အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မော်လူးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်သန်းနှင့် တပ်ဖွဲ့ဝင်များသည် မော်လူးရဲစခန်းက ပြစ်မှုကျူးလွန်သူ သိန်းကျော်၏ အစစ်ခံချက်အရ ကွင်းဆက်ပြစ်မှုကျူးလွန်သူ သန်းဦးကို သူရောင်းကျေးရွာအနီး လှည်းလမ်းတွင် တွေ့ရှိ၍ သက်သေများနှင့်အတူ ဆက်လက်ရှာဖွေခဲ့ရာ ၎င်းဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်ထဲမှ ဘိန်းဖြူ ဝ ဒသမ ၅ ဂရမ်တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၎င်း၏နေအိမ်သို့သွားရောက်ပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အပေါ်ထပ် အိပ်ခန်းခြေရင်းရှိ ခြင်းတောင်းထဲတွင် ဝှက်ထားသည့် ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်အလေးချိန် ဝ ဒသမ ၇၆၅ ဂရမ်ပါ ပုလင်းတစ်လုံး စုစုပေါင်း ၁ ဒသမ ၂၇၅ ဂရမ်နှင့် ငွေကျပ် ၁၇၀၀၀ တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ သန်းဦး (၄၀နှစ်)သူရောင်းကျေးရွာ အင်းတော်မြို့နယ်နေသူကို အရေးယူပေးရန် ဒုရဲအုပ်အောင်အောင်သန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဒုရဲအုပ်အောင်အောင်သန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**ဦးရဲ(ကသာ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် သစ်သားဖြူမီးဖြင့် ဘုရားမီးပူဇော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ နန္ဒဝန်(ရွှေသမင်)ကျောင်းကွင်းပြင်တွင် ဖေဖော်ဝါရီ ၁၃ ရက် ည ၇ နာရီခွဲက မူဆယ်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှ ဦးဆောင်ကျင်းပသည့် နှစ်စဉ်တပို့တွဲလတွင် ထင်းဖြူသားနှင့်ဘုရားမီးပူဇော်ခြင်းပွဲတော်ကို ကျင်းပရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်နေပြည်သူများ၊ ရှမ်းအိုးစည်ဝိုင်းများဖြင့် စည်ကားစွာ ကျင်းပခဲ့သည်။ ရှေးဦးစွာ ရပ်ကွက်များမှ လုပ်အားဒါနဖြင့် ပြုလုပ်ထားသော သစ်သားဖြူ ထင်းဖြူသားများဖြင့် မီးရှူးတိုင်၊ မီးရှူးပုံပဒေသာကို မြတ်စွာဘုရားကိုရည်မှန်းပူဇော်ကြပြီး မီးကျည်ဒိုးများဖြင့် ပစ်ဖောက်မီးရှို့၍ ဘုရားမီးပူဇော်ကြသည်။

“ဒီပွဲဟာ ရှမ်းပြည်နယ်နေရာဒေသများမှာ အခုလိုဆောင်းအကုန်နွေအကူးအထိမ်းအမှတ်အဖြစ် ဘုရားမီးပူဇော်လာကြတာ ရှေးဘိုးဘွားဘီဘင်လက်ထက်က စတင်ခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့ ဓလေ့ထုံးစံမပျက်ရအောင် ကျင်းပနေသလို ရပ်ကွက်တိုင်းနဲ့ရွာတွေကလည်း ထင်းရှူးသားနဲ့တူတဲ့ သစ်ပွသား၊ သစ်သားဖြူ ထင်းဖြူသားတွေလာလှူပြီး ဒီမီးပူဇော်မယ့်စင်ကိုလည်း တစ်ယောက်တစ်လက်နဲ့ စုပေါင်းဒါနပြု တည်ဆောက်ခဲ့ကြပါတယ်”ဟု ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစိုင်းခမ်းမြတ်က ပြောကြားသည်။ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃ နာရီကလည်း မူဆယ်ခရိုင် မူဆယ်မြို့နယ် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ဘဏ်များပါဝင်သည့် ထမနဲပြိုင်ပွဲကို ပြိုင်ပွဲဝင် ၃၇ သင်းဖြင့် နန္ဒဝန်ဘုန်းတော်ကြီးကျောင်းကွင်းပြင်၌ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

အရှေ့ကုန်းရွာအနီး ရေအေးကုန်းရွှေမှော်တွင် လူတစ်ဦး မြေပိသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် အရှေ့ကုန်းရွှေမှော်တွင် လူတစ်ဦး မြေပိသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက ဗန်းမောက်မြို့နယ် အရှေ့ကုန်းရွာအနီး ရေအေးကုန်းရွှေမှော်တွင် လူတစ်ဦးမြေပိသေဆုံးနေကြောင်း သတင်းအရ ရွှေတော်ရဲကင်းမှူး တပ်ကြပ်ကြီး တင်အောင်ဝင်းနှင့်အဖွဲ့သည် သက်သေ အရှေ့ကုန်းရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွန်း၊ ကြောင်လည်ကျေးရွာ တိုက်နယ်ဆရာဝန် ဒေါက်တာကျော်ကျော်လင်းတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အရှေ့ကုန်းရွာ တောင်ဘက် ၄ ဖာလုံခန့်အကွာ ရေအေးကုန်းရွှေမှော်ရှိ ရှမ်းကဒူးကုမ္ပဏီ လုပ်ကွက်ကျင်းဟောင်း၌ တင်အောင်သည် ကျင်းသားများဖြစ်ကြသည့် တင်ထွန်း၊ စောဝင်း၊ စိန်မောင်တို့နှင့်အတူ ရွှေကမ်းခေါင်း လုပ်ကိုင်နေစဉ် ရုတ်တရက်မြေကမ်းပါးပြိုကျသဖြင့် ထွက်ပြေးကြရာ တင်ထွန်း၊ စောဝင်း၊ စိန်မောင်တို့ သုံးဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး တင်အောင်မှာ မြေများပိမိ၍ ဝိုင်းဝန်းတူးဖော်ကြသော်လည်း ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးသွားကြောင်း သိရသည်။

မြေပိသေဆုံးသွားသူ တင်အောင် (၁၉နှစ်) တောင်သူ၊ မိုင်းတုံကျေးရွာ ဝန်းသိုမြို့နယ်နေသူအား ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ်စစ်ဆေးသိရှိနိုင်ရန် ရွှေတော်ရဲကင်းမှူး တပ်ကြပ်ကြီး တင်အောင်ဝင်းမှ တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး မံစီကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲမြင့်က စစ်ဆေးလျက်ရှိကြောင်းသိရသည်။ **ဦးရဲ(ကသာ)**

လက်ထပ်ပြီးစီးခြင်း

(ဦးမောင်မောင်ကြီး-မီးရထားပြန်ကြားရေးမှူး-ဒေါ်ကြည်)နှင့်
(ဦးလွင်-နိုင်ငံတော်ကောင်စီဝင်-ဒေါ်သန်းသန်း)တို့၏မြေး
ဦးခင်ညွန့်-ဒေါ်ခင်ဆွေလွင်တို့၏သား

မောင်အာကာအောင်

(Zoology) နှင့်

(ဦးထွန်းကြွယ်-ပါမောက္ခ-ငြိမ်း၊ ပညာရေးတက္ကသိုလ်)-ဒေါ်စုနှင့်
ဦးညွန့်မောင်-ဒေါ်စန်းလှတို့၏မြေး
(ဦးမြင့်လွင်)-ဒေါ်အေးအေးကြိုင်တို့၏သမီး

မခိုင်သစ္စာ

B.C.Sc

တို့သည် ၉-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာညစာစားပွဲတို့ ကျင်းပပြီးစီးပြီ ဖြစ်ပါသည်။

မောင်အာကာအောင်-မခိုင်သစ္စာ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ပီမိုးနင်းလမ်းကြားရှိ Star Light Co.,Ltd. တန်ဖိုးနည်းအိမ်ရာအတွင်းရှိ မြေနေရာများအတွက် လယ်သမားဖြစ်သော ဦးဖိုးမြစ်အမည်ပေါက်ဖြင့် သမီးဖြစ်သူ ဒေါ်လှထွေး ISN-၂၇၀၄၆၅အား ကရဏာကြေးပေးချေမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း၊ စာချုပ်စာတမ်းများနှင့် ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရန် စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့(၁)ရှေ့မှောက်တွင် ဥပဒေနှင့်အညီ ကရဏာကြေးပေးအပ်မည် ဖြစ်ပါသည်။

Star Light Co.,Ltd.

အမှတ် ၁၂၁၀၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၆၁၆၁၂၉

အယူခံမှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၁၃ခုနှစ် တရားမအယူခံမှုအမှတ်-၆၄၆

ဦးထွန်းအောင်(ခ)ဦးမဲ **နှင့်** ဒေါ်ခင်တိုးရီ ပါ-၅
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်စန်းမြင့်ရီ ပါ-၂)

အယူခံတရားလိုများ **အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် ဇူလိုင် ၅ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ် ၂၅၉/၂၀၁၂၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ (၁) ဒေါ်ခင်တိုးရီ၊ (၂) ဒေါ်သန်းသန်းနွယ်၊ (၃) ဒေါ်ကြည်ကြည်တင့်၊ (၄) ဦးကိုကိုမောင်၊ (၅) ဦးကိုကိုအောင်၊ အမှတ် ၁၁၉/၁၂၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင်များ သိစေရမည်။

ဤအမှုတွင် တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးချစ်ကိုကို၊ ဦးမျိုးညွန့်နှင့် ဦးအောင်မြင့်ထွန်းတို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၄ခုနှစ် မတ် ၃ရက် နံနက် ၁၀ နာရီတွင် ဤရုံးသို့ ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ရှေ့ဆောင်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ

(ချိုချိုဝင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဝန်ထမ်းအလိုရှိသည်

1. Personal Assistant မ(၁)ဦး
2. Marketing Staff မ(၆)ဦး

အမှတ်စဉ်(၁)အတွက် ဘွဲ့ရ၊ ရုပ်ရည်အသင့်အတင့်ရှိပြီး အင်္ဂလိပ်လို ကောင်းစွာပြောနိုင်၊ ရေးနိုင်ရမည်။

အမှတ်စဉ်(၂)အတွက် ဘွဲ့ရ၊ ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် ကျွမ်းကျင်စွာသွားလာနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

Auto Trade မဂ္ဂဇင်း

အမှတ် ၂၆၂၊ ပန်းဆိုးတန်း(အထက်)ဘလောက်၊
ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၃၃၀၈၀၈၆၁၊ ၀၉-၃၆၀၆၁၂၆၆

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ် ၂၅၄/၂၅၆၊ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၃F²၊ မြေကွက်အမှတ် V ၄၉၊ ၅၀၊ မြေပိုင်မြေအမျိုးအစားအမည်ပေါက် Haji Shaik Mohamed Jaffer မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၃၄၀/၄၈ဖြင့်ရရှိခဲ့သူ မိုဟာမက်အီစွတ်(ခ)ဦးလှမောင်သည် ၇-၇-၇၅ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်တီသည် ၇-၄-၁၉၉၂ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပါသဖြင့် ၎င်း၏သမီးဖြစ်သူ ဒေါ်ခင်ရီ ၁၂/ပဘတ(နိုင်)၀၂၆၂၇၅မှ တရားရုံးချုပ် အထူးအယူခံမှုအမှတ် ၄၂/၁၉၉၉ ၏ ၂၂-၆-၂၀၀၁ရက် အမွေထိန်းစာထုတ်ပေးရန်အမိန့်၊ အမွေထိန်းလက်မှတ်စာ ၂၁-၁၀-၂၀၀၄ ရန်ကုန်တိုင်းတရားရုံး၏ ၁၉၉၆ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၉၀၏ ၁၉-၁၀-၂၀၀၅ရက်စွဲပါ စီမံခန့်ခွဲခွင့်အမိန့်တို့ကိုတင်ပြ၍ အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သုံးခွမြို့နယ်မှ လူရည်ချွန်နှစ်ဦး အရွေးခံရ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ခရိုင်ကိုယ်စားပြု ဘက်စုံထူးချွန်(လူရည်ချွန်) အဖြစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် သုံးခွမြို့ အထက(၁) နဝမတန်းမှ မရွှေရည်သက်ဇင်နှင့် အထက(၂) တက္ကသိုလ်ဝင်တန်းမှ မအေးသက်မွန်တို့နှစ်ဦး အရွေးခံရကြောင်း သိရသည်။

ဘက်စုံထူးချွန် (လူရည်ချွန်)ရွေးချယ်ခံရသည့် မရွှေရည်သက်ဇင် သည် ၂၀၁၂-၂၀၁၃ ခုနှစ်ကလည်း အဋ္ဌမတန်းဘက်စုံထူးချွန်(လူရည်ချွန်) အဖြစ် အရွေးခံရသဖြင့် ယခုဆိုလျှင် နှစ်ထပ်ကွမ်းဘက်စုံထူးချွန်(လူရည်ချွန်) ဖြစ်ကြောင်း သိရသည်။ သူငယ်တန်းမှစ၍ အဋ္ဌမတန်းအထိ နှစ်စဉ်ပထမရရှိခဲ့သူဖြစ်ပြီး သုံးခွမြို့ အမှတ်(၂)ရပ်ကွက် တပင်ရွှေထီးလမ်းမှ ဦးဝင်းဇော်-ဒေါ်ချိုချိုဝင်းတို့၏ သမီးဖြစ်ကြောင်း သိရသည်။ မအေးသက်မွန်မှာ သုံးခွမြို့နယ် အနောက် ကျေးရွာတွင်နေထိုင်သူဖြစ်ပြီး သုံးခွမြို့ အထက(၂) တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသူဖြစ်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဘက်စုံထူးချွန် (လူရည်ချွန်)အဖြစ် ရွေးချယ်ခံရသူဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မွေး/ရေကျေးလက်လူငယ်သင်တန်းဖွင့်

ကျောက်တံခါး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မွေး/ရေကျေးလက်လူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်ရုံး၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးခရိုင် မွေး/ကုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သိန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးသက်ပိုင်စိုးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကျောက်တံခါးမြို့နယ် မွေး/ကုဦးစီးဌာနမှူး ဒေါက်တာကျော်လွင်၊ ဒုတိယဦးစီးမှူးများနှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ သင်တန်းသား ၄၆ ဦးတို့တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ မြို့မဈေးအတွင်း၌ ဖေဖော်ဝါရီ ၁၄ ရက်က ဆားလင်းကြီး မြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးညိုဝင်းနှင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်စဉ်။

ဦးငယ်(ဆားလင်းကြီး)

ကျေးလက်ဖွံ့ဖြိုးရေးတံတားဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ကျုံပျော် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ပြည်သူများအတွက် နတ်စင်ငူ-ရေနောက်ချောင်းကူး ကွန်ကရစ်တံတား ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ တံတားတည်ဆောက်မှုကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ သွားရောက်စစ်ဆေးခဲ့ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းယုလှိုင်က တံတားတည်ဆောက်ရေးနှင့် ပတ်သက်သည့်အချက်များကို ရှင်းလင်းတင်ပြသည်။ (ယာပုံ)

အဆိုပါ တံတားမှာ အရှည်ပေ ၂၀၀ ရှိပြီး ကုန်ကျငွေကျပ် သိန်းပေါင်း ၁၂၃၅ သိန်းဖြင့် မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကာ တံတား တည်ဆောက်ပြီးစီးပါက အနီးဝန်းကျင် ကျေးရွာအုပ်စုများမှ ပြည်သူများအနေဖြင့် ကျုံပျော်၊ လေးမျက်နှာ၊ ရေကြည်စသည့်မြို့နယ်များသို့ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများ လွယ်လင့်တကူ သွားရောက်နိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လွန်စွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသအတွင်းရှိ ပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

ကသာ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မိုးတားကြီးကျေးရွာအနီး ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ လူတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီခွဲက မြင့်ဝေသည် ကမ်ဘို ရုပ်ဆိုးဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)ကို မောင်းနှင်ပြီး နောက်မှ မြင့်သိန်းကို တင်ဆောင်၍ ကသာမြို့ဘက်မှ မိုးတားကြီးကျေးရွာဘက်သို့ မောင်းနှင်လာစဉ် ဖီကွန်ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)ကို ပြေသိန်းက မောင်းနှင်ပြီး နောက်မှ သိန်းနိုင်ဦးကို တင်ဆောင်၍ ချောင်းဝကျေးရွာဘက်မှ ကသာဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးတို့မှာ ကသာ-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ် (၁၅/၀)နှင့် (၁၅/၂) ကြား အရောက်တွင် မျက်နှာချင်းဆိုင်တိုက်မိကြရာ ဆိုင်ကယ်မောင်းနှင်သူများနှင့်စီးနင်းလိုက်ပါခဲ့သူများ ဒဏ်ရာရရှိပြီး ဆိုင်ကယ်မောင်းနှင်သူများမှာ ဒဏ်ရာပြင်းထန်သဖြင့် မန္တလေးမြို့သို့ လွှဲပို့ကုသရန်သွားရောက်စဉ်အင်းတော်မြို့ အလွန်တွင် ဒဏ်ရာရရှိသူမြင့်ဝေ (၅၄နှစ်) မိုးတားကြီးကျေးရွာ ကသာမြို့နေသူမှာ သေဆုံးသွားပြီး ပြေသိန်း (၂၄နှစ်)မီးရထားပန်းရန်လုပ်မှာ ဒဏ်ရာများရရှိသဖြင့် မန္တလေးသို့ လွှဲပြောင်းကုသခဲ့ရပြီး မြင့်သိန်း(၄၆ နှစ်) မိုးတားကြီးကျေးရွာ ကသာမြို့နယ်နေသူနှင့် သိန်းနိုင်ဦး (၂၄နှစ်) မီးရထား ပန်းရံလုပ် ဖောင်ချင်ရွာ နွားထိုးကြီးမြို့နယ်နေသူတို့မှာ ဒဏ်ရာများရရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မိုးတားရဲကင်းစခန်းမှူး ရဲအုပ်လှမျိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ မြင့်ဝေ(သေဆုံး) နှင့် ပြေသိန်းတို့ကို ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်သို့ အလှူတော်ငွေဆက်ကပ်လှူဒါန်း

ပြည် ဖေဖော်ဝါရီ ၁၈

ပြည်မြို့ ဗိုလ်ချုပ်လမ်း ဦးအေး-(ဒေါ်ညွှန့်တင်)အေးစတိုးမိသားစုတို့က ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ(အဘိဓဇမဟာရဋ္ဌဂုရု)(နိုင်ငံတော်သြဝါဒါစရိယ) အမှူးရှိသော သံဃာတော် ၃၅၀ ကျော်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း၍ ထာဝရ ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် သုံးသိန်း၊ သံဃာတော်များကျန်းမာရေးအတွက် ဆေးအလှူတော်ငွေကျပ် နှစ်သိန်းကို ဖေဖော်ဝါရီ ၁၄ ရက်က ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **ရွှေဝင်း**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၀၉

ဒေါ်ကြည်သီ **နှင့်**

၁။ ဦးခင်မောင်တင့်
၂။ ဒေါ်နု
၃။ ဦးခင်မောင်လွင်
၄။ ဒေါ်ချိုချိုမြင့်
၅။ မခင်ခင်လှ
၆။ မသဲဆု
၇။ မဟန်နီခင်
၈။ မောင်အောင်သက်ဝေ
၉။ မောင်အောင်မြင့်ဦး
၁၀။ မောင်ဇော်လတ်
၁၁။ မမေနှင်းဦး

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်၊ စစ-၇၊ ဦးပိုင်(၃၉+၄၂)(၄၀+၄၁) ဦးခင်မောင်လွင်၊ မခင်ခင်လှ၊ မသဲဆု၊ မဟန်နီခင်၊ မမေနှင်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြည်သီက အခမဲ့နေထိုင်သူအား နှင်ထုတ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ်လ ၆ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးစိုး)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၊ ကြို့ကုန်းရေဘေး (မြောက်)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်-၅၇၅ (ခ) ဟုခေါ် တွင်သော မြေတိုင်းရပ်ကွက် အမှတ်-ကြို့ကုန်းရေဘေး (မြောက်)၊ မြေကွက်အမှတ်-၅၇၅(ခ) အလျား ၂၀' × အနံ ၆၀' အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ အခွင့်အရေးအရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သွယ်သွယ်အောင်၏ (S.P - ၇၇၄၅/၁၃-ရန်ကုန်) ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း၊ မူရင်းများနှင့်တကွ အခြေခိုင်လုံသော အထောက်အထားများ ဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ အာဇာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၆၄၆၆၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၄

ဒေါ်နေဇင်မြင့်မောင် (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဘုန်းနိုင်မြင့်) **နှင့်**

၁။ ဒေါ်မြင့်တင် ၂။ ဒေါ်ရှုဝါ
၃။ ဦးဝင်းစိန် ၄။ ဦးဝင်းလှိုင်
၅။ ဦးဝင်းမြင့် ၆။ ဒေါ်ရင်မြင့်
၇။ ဦးကျင်ဆိုင် ၈။ ဒေါ်ခင်ငွေ
၉။ ဒေါ်ငွေငွေရင် ၁၀။ ဒေါ်မဆိုင်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ချွန်း ၂ လမ်း၊ အမှတ်(၁)နေ တရားပြိုင်များ ဒေါ်မြင့်တင် ပါ-၁၀ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နေဇင်မြင့်မောင်က မြေနှင့် အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၃ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းနွယ်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး

ရာသီဆောင်းပါး

နှမ်းထောင်းခေါ်ပုတ်မွှေးမွှေးလေး ရေနွေးကြမ်းပူပူလေးနဲ့ ဧည့်ခံပါရစေ

နန်းကိုချစ်ရင် ပဲပုပ်ကိုလည်းချစ်ရမယ်နော်အစ်ကိုဆိုတဲ့ စကားလေးကို ရှမ်းပြည်နယ်ရောက်ဖူးတဲ့ အမျိုးသား တော်တော်များများ ကြားဖူးကြမှာပါ။ အခုလည်း နောက်ထပ်စကားလေးတစ်ခွန်းဆိုရင်း ဖိတ်ခေါ်လိုက်ပါရစေ။ နှမ်းထောင်းခေါ်ပုတ်မွှေးမွှေးလေးကို ရေနွေးကြမ်းပူပူလေးနဲ့ ဧည့်ခံချင်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ ဆောင်းချမ်းအေးအေးလေးမှာ အိမ်တိုင်းစေ့လိုလို မီးလှုံကြတဲ့ဓလေ့က အခုထိရှိနေဆဲပါ။ အချို့က မီးသွေးမီးဖိုလေးနဲ့ အချို့က ခြံထဲမှာ နှစ်ချို့ထင်းတုံးကြီးတွေကို မီးဖိုထားပြီး မိသားစုတွေ ဝိုင်းထိုင်ပြီး မီးလှုံကြလေ့ရှိပါတယ်။ မီးလှုံကြတဲ့နေရာမှာ ရေနွေးကြမ်းပူပူလေးက ရှေ့ကဦးဆောင်စမြဲပါ။ ရေနွေးကြမ်းပူပူလေးနဲ့ အလိုက်ဖက်ဆုံးအစားအစာတစ်မျိုးကတော့ ဆောင်းတွင်းရဲ့ သရဖူတစ်ခုဖြစ်တဲ့ နှမ်းထောင်းခေါ်ပုတ်ပါပဲ။ နှမ်းတွေ နိုင်းချင်းနဲ့ ခေါ်ပုတ်ကိုတော့ အစိမ်းစား

> **မောင်းတံက ဆုံထဲကို စည်းချက်ကျကျ တက်လိုက်ကျလိုက် တစ်ချက်ချင်း မှန်မှန်နင်းနေတယ်…**

လို့ရနိုင်သလို ထန်းလျက်အချိုနဲ့ မီးကင်စားကြတယ်။ အများစုက ကြော်စားလေ့ရှိတာပါ။ ကြော်လိုက်တဲ့ ခေါ်ပုတ်က ပိုမွှေးလာတတ်ပါတယ်။ ခေါ်ပုတ်ကြော်နဲ့ ရေနွေးကြမ်းပူပူလေးနဲ့ ဧည့်ခံလိုက်ရင်ဖြင့် အဲဒီဧည့်သည်ဟာ မပြန်နိုင်အောင် ဖြစ်ရပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က မိခင်ဖြစ်သူရဲ့ အဘွားနေထိုင်တဲ့ ပြင်ဦးလွင်နားက ဝက်ဝံဆိုတဲ့ ရွာလေးဆီ အမေ့ရဲ့ဘွားဘွားကို သွားကန်တော့ကြတယ်။

အမေ့ရဲ့ ဘွားဘွားဟာ အဲဒီတုန်းက အသက် ၁၀၂ နှစ်ရှိပြီတဲ့။ နံနက်မိုးလင်းတော့ ကောက်ညှင်းပေါင်းအိုးကြီးက အငွေ့တွေတလူလူထွက်ပြီး ကောက်ညှင်းပေါင်းအနံ့က မွှေးလာတယ်။ ဘွားဘွားကြီးက သစ်သားဆုံကြီးတစ်ခုနဲ့ နှမ်းလှော်တွေ ထောင်းနေတယ်။ ဘွားဘွားကြီးကိုယ်တိုင် စိုက်ပျိုးရိတ်သိမ်းထားတဲ့ နှမ်းတွေက မွှေးလှတယ်။ စာရေးသူမိခင်မှာ အသက် ၅၀ ကျော်ရှိပါပြီ။ ကောက်ညှင်းပေါင်းတွေက အငွေ့တထောင်းထောင်းထနေတဲ့ အမည်းရောင် ငချိပ်ဖြစ်နေတယ်။ အဲဒီ ကောက်ညှင်းငချိပ်ကို ခြေနင်းတံတပ်ထားတဲ့ ဆုံထဲထည့်လိုက်တယ်။ စာရေးသူရဲ့ မိခင်က ခြေနင်းတံကြီးကို တစ်ချက်ချင်းမှန်မှန်နင်းနေတယ်။ မောင်းတံက ဆုံထဲကိုစည်းချက်ကျကျ တက်လိုက်ကျလိုက်ပါ။ ဘွားဘွားကြီးက ဆုံနားမှာထိုင်ပြီး နှမ်းတွေဖြူးပေးတယ်။ မိခင်နဲ့ ဘွားဘွားကြီးတို့ စည်းချက်ညီညီနင်းလိုက် နှမ်းလေးဖြူးလိုက်လုပ်နေတဲ့ မြင်ကွင်းဘေးမှာ မြေးတွေဝိုင်းပြီး ထိုင်ကြည့်နေပါတယ်။ နှမ်းထောင်းခေါ်ပုတ်တွေက မွှေးလာပါတယ်။ နာရီဝက်လောက်ထောင်းပြီးတော့ ခေါ်ပုတ်ဖြစ်ပြီ။ ခေါ်ပုတ်အသားတွေထဲမှာ နှမ်းမည်းမည်းလုံးလုံးလေးတွေက ကွဲတချို့ အက်တချို့ပါ။ သို့ပေမယ့် မွှေးပျံ့သလို အရသာကလည်း ကောင်းလှပြီး စားချင်စဖွယ်ရှိပါတယ်။ ခေါ်ပုတ်လုပ်တဲ့ ကောက်ညှင်းချိပ်က

ပေါ်ဦးပေါ်ဖျားဖြစ်ပြီး အရင်ဆုံးပေါ်တဲ့ ကောက်ညှင်းကို ခေါ်ပုတ်လုပ်ပြီး ဆွမ်းတော်ကပ်ရတယ်။ ရွာကလူကြီးသူမတွေအိမ်ကို ဝေငှရတယ်။ ခေါ်ပုတ်စားကြတဲ့ဓလေ့ဟာ မြန်မာပြည်ဒေသအနှံ့ရှိကြပေမယ့် ရှမ်းပြည်ကထွက်တဲ့ ခေါ်ပုတ်က ပိုကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံကရေမြေသဘာဝကောင်းနဲ့ ရာသီဥတုကောင်းတဲ့ ဒေသထွက်တာကြောင့် ကောက်ညှင်းရဲ့ အရသာပိုကောင်းတယ်။ ကိုးကန့်လူမျိုးတွေရဲ့ ဓလေ့ကတော့အဖြူရောင် ကောက်ညှင်းနဲ့ ခေါ်ပုတ်ကို ထောင်းတတ်ကြတယ်။ သူတို့ရဲ့ နှစ်သစ်ကူးအခါမှာ လှူကြတယ်။ မိသားစုတွေ ဝိုင်းဖွဲ့ပြီး မီးကင်စားတာ၊ ကြော်စားတာမျိုးလုပ်ကြပါတယ်။ တစ်အိမ်နဲ့တစ်အိမ် အပြန်အလှန်ဝေကြတယ်။ ရောင်းသူတွေက ရိုးရာအတိုင်း ဝါးပေါင်းချောင်တွေနဲ့ ပေါင်းတာ ခြေနင်းမောင်းတံနဲ့ ဆုံထောင်းတာမျိုး မလုပ်တော့ဘဲ ခေတ်မီတဲ့ ပေါင်းအိုးကြီးတွေနဲ့ များများပေါင်းတယ်။ ခြေနဲ့နင်းမယ့်အစား စက်အားနဲ့ ဆုံထောင်းတယ်။ အချို့က စက်နဲ့ ကြိတ်ထားတယ်။ များများထုတ်တော့ မြန်မြန်နဲ့ များများရောင်းရတယ်လေ။ ခေါ်ပုတ်ကို ထောင်းပြီး နှမ်းလှော်ကလေးဖြူးကာ ပလတ်စတစ်အိတ်နဲ့ ထုပ်ပိုးတာဖြစ်ပါတယ်။ စက္ကူနဲ့ ထုပ်ပိုးတာမျိုး မလုပ်ကြဘဲ ငှက်ပျောဖက်ကို ဆီစိမ်းလေးသုတ်ပြီးမှ ခေါ်ပုတ်ကို ထုပ်ပိုးလိုက်တယ်။ ဒီတော့ ခေါ်ပုတ်ထောင်းလေးက ပိုမွှေးလာတယ်လို့ သိရပါတယ်။ နှင်းတွေဝေနေတဲ့ မနက်ခင်း မိသားစု မီးပုံနံဘေးမှာ နှမ်းထောင်းခေါ်ပုတ်ကြော်မွှေးမွှေးလေးကို ရေနွေးကြမ်းပူပူလေးနဲ့ ဧည့်ခံပါရစေ။

မမ(လားရှိုး)



ပြင်ပခြံလှောင်အိမ်စနစ်ဖြင့် မွေးမြူမှု အောင်မြင်လာသည့် မြန်မာ့ကြယ်လိပ်

မကွေးတိုင်းဒေသကြီး ဗုဒ္ဓစက်တော်ရာနှစ်ဆူ ကိန်းဝပ်စံပယ်ရာ ရွှေစက်တော် ဘေးမဲ့တောအား ၁၉၄၀ ခုနှစ် ဇွန်လအတွင်း စတင်တည်ထောင်ခဲ့ပြီး ၎င်းဘေးမဲ့တောသည် မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ် အထူးသဖြင့် (မုန်းချောင်း၊ မန်းချောင်း)ကြား၊ မြို့နယ်လေးခု၊ နယ်မြေ ၁၇၉ ဒသမ ၂၅ စတုရန်းမိုင်နှင့် ဘေးမဲ့ကာကွယ်တောနယ်မြေ ၁၀၀ ဒသမ ၆ စတုရန်းမိုင်၊ စုစုပေါင်း ၂၇၉ ဒသမ ၈၅ စတုရန်းမိုင်ရှိပြီး ဝက်ဝံ၊ ကျား၊ ကျားသစ်၊ မျောက်၊ ချေ၊ တောဝက်၊ တောကြောင်၊ ရွှေသမင်နှင့် ငှက်အမျိုး ပေါင်း ၁၀၃ မျိုးအပြင် ကြယ်လိပ်၊ ဆီကျူလိပ် သို့မဟုတ် ပင့်ကူလိပ် တို့ကို တွေ့ရှိရသည်။ ၎င်းကြယ်လိပ်များကို ကမ္ဘာပေါ်တွင် ရွှေစက်တော် ဘေးမဲ့တောတွင်သာ တွေ့မြင်ရခြင်းဖြစ်သည်။

နေထိုင်ကျက်စား

မြန်မာအမည် ကြယ်လိပ် သို့မဟုတ် ပင့်ကူလိပ်ဟု ခေါ်ဆိုကြသည့် အင်္ဂလိပ် အမည် Burmese Star Tortoise သည် ထိန်းသိမ်းကာကွယ်မှု သစ်တောဥပဒေအရ ရှားပါးတိရစ္ဆာန်ဖြစ်ပြီး မိတ်လိုက်ချိန်မှာ ဇူလိုင်နှင့် သြဂုတ်လများတွင်ဖြစ်ပြီး အောက်တိုဘာလတွင် ပုံမှန်ဥဥလေ့ရှိသည်။ တစ်ကြိမ်ပေါက်ဖွားနှုန်းမှာ ငါးကောင်အထိ ပေါက်ဖွားလေ့ရှိသည်။ ဘူးရွက်၊ဖရုံရွက်၊ ခရမ်းချဉ်၊ ကန်စွန်းရွက်၊ သခွပ်ပွင့်၊ မလွှပွင့်၊ ဖရဲသီး၊ သခွားသီးများကို အဓိကစားသုံးပြီး အင်တိုင်းတော နိမ့်၊ သန်းဒဟတ်တော၊ အထက်ရွက်ပြတ်တောခြောက်များတွင် နေထိုင်ကျက်စားသည်။ မန်းရွှေစက်တော် ဘေးမဲ့တောအတွင်း အများဆုံးတွေ့ရပြီး ယခုအခါ သဘာဝတောအတွင်း တဖြည်းဖြည်း ရှားပါးလာနေခြင်းကြောင့် ပြင်ပခြံလှောင် မွေးမြူခြင်း အောင်မြင်လျက်ရှိသည်။ ပြင်ပခြံလှောင်မွေးမြူခြင်းမှာ တောတွင်း နေထိုင်ကျက်စားစေသည့် ပုံစံဖြစ်ပြီး သဘာဝအစာဖြင့် စမ်းသပ်လေ့လာခဲ့ရာ ကိုးလတာကာလအတွင်း စမ်းသပ်မှုအဆင့်ဆင့် အောင်မြင်နေပြီဖြစ်ကြောင်းနှင့် ကြယ်လိပ် မျိုးမသုဉ်းစေရန် လူမှုရေးအဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၏ နည်းပညာအကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ခင်သန်းဦး(ဖန်ခါးမြေ)

စိုက်ပျိုးရေးသတင်းတို

ဟင်းသီးဟင်းရွက်များ ကိုရီးယားသို့ တင်ပို့ရောင်းချ

ဟင်းသီးဟင်းရွက်နှစ်မျိုးဖြစ်သည့် ပဲပိုးတီအခြောက်နှင့် ဂျုံးမြစ်တို့ကို တောင်ကိုရီးယား နိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ခဲ့သည်။ ပဲပိုးတီအခြောက် ၁၅၆၀ ကီလို (တစ်တန်ခွဲ)ကို ကိုရီးယားလေကြောင်းလိုင်းဖြင့်လည်းကောင်း၊ ဂျုံးမြစ်(ကင်မ်ချီ) ၃၆၄၀ ကီလို (သုံးတန်ခွဲ)ကို ကွန်တိန်နာ သင်္ဘောဖြင့်လည်းကောင်း ဖေဖော်ဝါရီ ဒုတိယအပတ်က တင်ပို့ပေးကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်များကို ကိုရီးယားအစားအစာ ဖြစ်သည့် ကင်မ်ချီပြုလုပ်ရန် မှာယူခြင်းဖြစ်ကာ ထပ်မံမှာယူရန်လည်း အစီအစဉ်များ ရှိနေသေးကြောင်း စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

ထွန်စက်သစ်များကြောင့် ဒေသခံများ အဆင်ပြေ

ကျိုင်းတုံမြို့နယ်အတွင်းရှိ တောင်သူများ လယ်ယာလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အမှတ် (၉၂) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများသည် စက်မှုလယ်ယာ ဦးစီးဌာန၊ နေပြည်တော်မှ ရောင်းချပေးလျက်ရှိသော ထွန်စက်ကြီးများကို လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချဈေးနှုန်းကျပ်သိန်း ၂၂၀ နှင့်နှစ်နှစ်ဆိုင်း အကြွေးစနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိနေရာ တောင်သူများ စိတ်ဝင်စားစွာ ဝယ်ယူ အသုံးပြုလျက်ရှိသည်။ ထွန်စက်ကြီးများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းတွင် သုံးစီးဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း လက်ငင်းငွေချေစနစ်ဖြင့် နှစ်စီး၊ အရစ်ကျငွေချေစနစ်ဖြင့် သုံးစီး စုစုပေါင်း ငါးစီးရောင်းချပေးပြီး ဖြစ်သည်။

နိုင်နိုင်အောင်ဝေ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်မြင့်ကြည် နှင့် ဒေါ်ခင်မြ
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ
ဒေါ်စိုးပြည့်သန္တာတင်)
တရားလို **တရားပြိုင်**

ဒေါ်ခင်မြ (ဘ)ဦးဘရှင်၊ ဦးပိုင် ၃၄၊ အကွက် ၁၄၊ အောင်ပင်လယ်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်ကြည်က စာချုပ်ပါရောင်းကြေးကျန်ငွေ သိန်း ၆၀အား လက်ခံပြီး မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ အိမ်နှင့်မြေအား လက်ရောက်ပေးအပ်ရန် (သို့) ရောင်းချသူမှ ကတိပဋိညာဉ်ပျက်ကွက်၍ ရယူထားသော စရန်ငွေကျပ်သိန်း ၂၄၀၏ နှစ်ဆတိုးဖြစ်သော ငွေကျပ်သိန်း ၄၈၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၃ ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

အမည်ပြောင်းလဲခေါ်ဆိုပါရန်

ကျွန်တော် ထက်ဇော်မိုး ၈/တတက(နိုင်)၁၄၄၀၂၁ အား ယနေ့မှစ၍ မောင်အောင်စေမိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်စေမိုး

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၄၇

ကွယ်လွန်သူ ဦးကိတ္တိသာရနှင့် ဦးစိန်တို့၌ ကျန်ရှိရစ်သော မြန်မာ့စီးပွားရေးဘဏ်၊ သဃ်န်းကျွန်းဘဏ်ခွဲ၊ ငွေစုဘဏ်စာရင်းအမှတ် SK-059735 ဖြင့် ဘဏ်စုငွေကျပ် ၄၅၆၁၅၈ကို/၆၀ါး အကြောင်း။

ဦးဥက္ကံသ **လျှောက်ထားသူ**
ရန်မျိုးအောင်ဘုရားကြီးကျောင်းတိုက်၊ စံပြ(၅)လမ်း၊
စံပြ(၇)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ(၇)ရပ်ကွက်၊ စံပြ(၅)လမ်း၊ ရန်မျိုးအောင်ဘုရားကြီးကျောင်းတိုက်နေ ဦးဥက္ကံသက ကွယ်လွန်သူ ဦးကိတ္တိသာရနှင့် ဦးစိန်တို့၏ တစ်ဦးတည်းသောတူအရင်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ(၇)ရပ်ကွက်၊ စံပြ ၅လမ်း၊ ရန်မျိုးအောင်ဘုရားကြီးကျောင်းတိုက်နေ ဦးကိတ္တိသာရနှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ(၇)ရပ်ကွက်၊ စံပြ ၂ လမ်း၊ အမှတ် ၂၉ နေ ဦးစိန်တို့မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကိတ္တိသာရနှင့် ဦးစိန်တို့မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် မတ် ၁၂ ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးဥက္ကံသ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှမြင့်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၅၃၅၊ အကျယ်အဝန်းပေ (၄၀×၆၀) အကျယ်ရှိ အမှတ် ၅၃၅၊ ရွှေဝါထွန်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးသောင်း(ကွယ်လွန်)၏ သားသမီးရှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းလွင်သန်းမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဌေး (B.A., H.G.P., R.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၅၅/၈၆)
အမှတ် ၃၅၊ သုံးလွှာ၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၂၅၄၈၂

ကန့်ကွက်နိုင်ရန်နှင့်အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၄) ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၁၄၁/ခ၊ အလျားပေ ၂၀×အနံပေ ၆၀ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်နွဲ့နွဲ့ဇင် ၁၂/ဒဂတ(နိုင်)၀၂၂၇၈၉ က တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ပြောဆိုသဖြင့် ယင်းမြေကွက်နှင့်အဆောက်အအုံအား ၁၃-၂-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကို ပေးချေထားပြီး ၃၁-၃-၂၀၁၄ ရက်တွင် အပြီးအပြတ် ငွေချေဝယ်ယူမည်ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၁၇၀၃)
အမှတ် ၃/ခ၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၀၁၈၆၈၄

ဇွဲကပင်တောင်ခြေရှိ မဟာဇွဲကပင်ဆံတော်ကြိုစေတီ ဓမ္မပူဇနီယပွဲတော်တွင် ကရင်ရိုးရာမီးပုံပွဲကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁၈

သတ္တဟ မဟာဇွဲကပင်တောင်ဆံတော်ကြိုစေတီတော်ကြီး သို့မဟုတ် ဓူဝေစေတီတော်တွင် အဘိဓမ္မာအသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ကရင်လူမျိုးပညာရှိ စဘူရေးသားပြုစုခဲ့သော ကျမ်းလေးကျမ်းတို့အား ရွတ်ဖတ်ပူဇော်ပွဲ၊ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နှစ်စဉ်အမြဲကျင်းပလေ့ရှိသော ကရင်ရိုးရာမီးပုံပွဲတို့ကို မြန်မာသက္ကရာဇ် ၁၃၇၅ ခုတပို့တွဲလပြည့်နေ့၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကရင်ပြည်နယ် အုန်းတပင်တိုက်ကျောင်း အတွင်း၌ကျင်းပရာ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသက ကြီးမှူးကျင်းပဆောင်ရွက်ခဲ့သည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ရက်များတွင် ကရင်ပညာရှိ စဘူရေးသားပြုစုခဲ့သော ကျမ်းလေးကျမ်းကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ပူဇော်ပွဲများ ကျင်းပရခြင်းမှာ ဘာသာရေးနှင့် ကောင်းမှုကုသိုလ်များ စုပေါင်းပြုလုပ်ကြခြင်းအပြင် ကရင်လူမျိုးများ၏ ရိုးရာကိုထိန်းသိမ်းစောင့်ရှောက်စေရန် ရည်ရွယ်ကြောင်း ကျင်းပရေးကော်မတီမှ တာဝန်ရှိသူက ပြောကြားသည်။

မီးပုံပွဲကို ဗုဒ္ဓပူဇနီယပွဲတော်နှင့်အတူ ကျင်းပခဲ့ခြင်းကို ဓူဝေစေတီဂေါပကအဖွဲ့ဝင် ဦးခင်စည်က "အရင်က တစ်ဦးချင်းလာပြီး အမွှေးနံ့သာပက်ဖျန်းပြီး မေတ္တာပို့မီးရှို့ခဲ့ကြပေမယ့် အခုတော့ စည်းလုံးမှုတစ်ရပ်အနေနဲ့ အားလုံးစုပေါင်းစုစည်းပြီးမီးပုံပွဲ(မီးပူဇော်ပွဲ)ကို ကျင်းပခွင့်ရခဲ့ပါပြီ" ဟုရှင်းပြသည်။

ယင်းမီးပုံပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှလာရောက် ရိုက်ကူးခဲ့ပြီး အင်တာဗျူးမေးမြန်းမှုများလည်း ဆောင်ရွက်ခဲ့ကြသည်။ ကရင်ပြည်နယ်သမိုင်းဝင်ကျိုဒိုးမီးပုံပွဲကဲ့သို့ ဇွဲကပင်ဆံတော်ကြိုစေတီကိုလည်း ရှေးနှစ်ပေါင်းများစွာကပင် ရိုးရာအစဉ်အလာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး မီးပုံပွဲတော်သို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောကြည်လင်း တက်ရောက်ထွန်းညှိပူဇော်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

နေပြည်တော်တွင် လိုင်စင်မဲ့ ဆိုင်ကယ်များအား ယာဉ်မှတ်ပုံတင်များ စတင်ဆောင်ရွက်ပြုလုပ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ၌ ယနေ့နံနက် ၉ နာရီမှစတင်၍ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ယာဉ်မှတ်ပုံတင်လိုင်စင်များကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ကညနရုံး၌ စတင်ပြုလုပ်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ယာဉ်မှတ်ပုံတင်လိုင်စင်များကို ရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ်ရုံးချိန်အတိုင်း ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ လိုင်စင်ပြုလုပ်ပေးမည့်ရက်ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင် ၄ ရက်အထိ သတ်မှတ်ထားသည်။ လိုင်စင်လာရောက်ပြုလုပ်ကြသော ပြည်သူများအနေဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော အခွန်ရုံးစရိတ်စသည်များကို သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ကြရမည်ဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော ဆိုင်ကယ်တစ်စီးချင်းအလိုက် ကုန်ကျမှုအနေဖြင့် ကောက်ခံမည့် နှုန်းထားများမှာ အကောက်ခွန် သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်း၊ ကုန်သွယ်မှုလုပ်ငန်းခွန် သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်း၊ အာမခံနှစ်နှစ်ကာလ ၁၇၅၀ ကျပ်၊ မှတ်ပုံတင်ကြေး နှစ်နှစ်ကာလ၂၂၀၀၀ကျပ်၊ ဘဏ်ဆောင်ရွက်ခ ၅၅၀ ကျပ် ကုန်ကျမည်ဖြစ်သည်။ ရုံးကိစ္စများဆောင်ရွက်ရာတွင် ရုံးဝန်ထမ်းများကို အဂတိလိုက်စား၊ လာဘ်ပေးလာဘ်ယူမှုများ မရှိစေရေးအတွက် အထူးပင် မှာကြားထားမှုများရှိကြောင်း သိရသည်။ ယနေ့နေပြည်တော် ကညနတွင် ပြုလုပ်ပေးသောဆိုင်ကယ်လိုင်စင်များကို လာရောက်ပြုလုပ်ကြသော ပြည်သူများသည် ထင်ထားသည်ထက် ပိုမိုများပြားစွာလာရောက်ပြုလုပ်နေမှုကို တွေ့ရှိခဲ့ရသည်။ လာရောက်ပြုလုပ်ကြသော ပြည်သူများတွင် ရုံးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများ လာရောက်ပြုလုပ်မှုများရှိနေပြီးနေပြည်တော် ကညနရုံးသည် အရိပ်သစ်ပင်များ မရှိခြင်းအတွက်ကြောင့် အဆောင်တံစက်မြိတ်ရှိရာအရိပ်များတွင် လာရောက် နားခိုကြသည်ကို တွေ့ရသည်။

လိုင်စင်ကိုယ်တိုင်လာလုပ်သည့် ပြည်သူတစ်ဦးက ယခုကဲ့သို့ နိုင်ငံတော်က လိုင်စင်မဲ့ ဆိုင်ကယ်များကို နေပြည်တော် အစရှိသော တိုင်းဒေသကြီးများတွင် ပြုလုပ်ပေးခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဖြစ်ပေါ်နေသော ယာဉ်တိုက်မှုများတွင် လိုင်စင်မဲ့ဆိုင်ကယ်များ ရှိနေခြင်းအတွက် အရေးယူဆောင်ရွက်မှုများရှိခဲ့သော အခက်အခဲများ နည်းပါးစေခြင်း၊ ပြည်သူများအနေဖြင့် မိမိအမည်ပေါက်လိုင်စင်များကို ရရှိခြင်းအတွက် အထူးပင်ဝမ်းသာပါကြောင်း ထပ်မံပြောကြားသည်။

သတင်း-ကိုမျိုး(ရွှေပေါက်ကံ)

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA)ဒုတိယဥက္ကဋ္ဌ (၄) ဦးနေလင်းအပါအဝင် အဖွဲ့ဝင် ၁၄ ဦးတို့သည် ဂျပန်နိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းချုပ် ORGANIZATION TO PROMOTE JAPANESE RESTAURANT (JRO) ဥက္ကဋ္ဌ Mr. KAZUTAKA KATO ၏ ဖိတ်ကြားချက်အရ အစားအသောက်နှင့်သက်ဆိုင်သော ဘာသာရပ်များလေ့လာရန် ဖေဖော်ဝါရီ ၁၅ ရက် ညက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှဂျပန်နိုင်ငံသို့ထွက်ခွာသွားရာ (MRA) အသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးဆန်နီအောင်ခင်နှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးတို့ လိုက်ပါပို့ဆောင်စဉ်။ **သန်းဆွေ(ပန်းဘဲတန်း)**

ကမော့လဲကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကမော့လဲ(ကျောင်း)ကျေးရွာ၌ Door to Door စနစ်ဖြင့်အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးဌာနမှူး ဦးကျော်ဆန်း၊ လှိုင်းဘွဲ့မြို့နယ် ဦးစီးဌာနမှူးရုံးမှဦးမင်းသူအောင်နှင့် ဝန်ထမ်းများသည် ဒေသခံတိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရန်အတွက် ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း လှိုင်းဘွဲ့မြို့နယ်ကမော့လဲ (ကျောင်း)ကျေးရွာရှိ အိမ်ထောင်စု ၁၆၅ စုမှ ပြည်သူ ၁၃၂ ဦးတို့ကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးပြီး နယ်စပ်ဒေသဒုက္ခသည်စခန်းများတွင် သွားရောက်နေထိုင်ကြသောဒေသခံတိုင်းရင်းသားများကလည်း မိမိတို့နေရပ်များသို့ ပြန်လည်ရောက်ရှိလာပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လာရောက်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ အစိုးရဝန်ထမ်းများ သွားရောက်ရန်ခက်ခဲသော ဒေါနအရှေ့ခြမ်း၊ မဲလနယ်တစ်ခွင်တွင် တစ်ကြိမ်တစ်ခါမျှ မကိုင်ဆောင်ခဲ့ရဘူးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပြုလုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထွန်းထွန်းထွေး



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အပိုင်း(၁)၊ (၁-က)ရပ်ကွက်၊ မြေကွက်အမှတ် ၁၄၊ မြေအကျယ် (အလျား ၄၁ပေ×အနံ၆၈ပေ)၊ ဧရိယာ ၀ ဒသမ ၀၆၄၈ဧက၊ နှစ် ၆၀ဂရန် အမည်ပေါက် ဦးထင်ကျော်ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်လွဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးထင်ကျော် ၇/ရကန(နိုင်)၀၃၆၅၄၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန် LL.B, D.B.L
ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေးရှေ့နေ
ဒေါ်အိရွှေစင် LL.B, D.B.L, D.I.L **ဒေါ်နှင်းနွယ်ထွေးLL.B, D.B.L, LL.M**
အထက်တန်းရှေ့နေ (စဉ်-၁၈၉၄၃) **အထက်တန်းရှေ့နေ (စဉ်-၄၁၆၄၀)**
အမှတ်(က/၇၂)၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၁၄၃၈၈၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၇

၁။ ဦးဝင်းမြင့်	နှင့်	၁။ ဒေါ်ခင်ခင်စိန်
(၄င်း၏ကိုယ်စားလှယ်စာရသူ		၂။ ဦးမောင်မောင်ရွှေ
မနန်းစုစုလှိုင်)		၃။ ဦးမောင်မောင်လင်း
၂။ ဦးမောင်မောင်တင်		၄။ ဦးထွန်းမြင့်
တရားလိုများ		**တရားပြိုင်များ**

ဦးထွန်းမြင့် (ဘ)ဦးလင်းစိန် အိမ်အမှတ် ၃၈၉၊ ၈၁ လမ်းနှင့် ၃၁ လမ်းထောင့်၊ အမှတ် ၅၈၂၊ အောင်နန်းရိပ်သာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းမြင့် (၄င်း၏ကိုယ်စားလှယ်စာရသူ မနန်းစုစုလှိုင်)၊ ဦးမောင်မောင်တင်တို့က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၄ ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

သွာနုတ္တသားများအဖြစ် သတ်မှတ်လိုက်ကြောင်း

ဦးညီမြင့် ၉/ရမသ(နိုင်)၀၉၉၉၂၂၊ ဦးညီဆန်း ၉/ရမသ(နိုင်)၀၉၉၉၁၆ နှင့်

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အင်တောကြီးကျေးရွာအုပ်စု၊ သာယာကုန်းရွာနေ ဦးအောင်ဒင် ၉/ရမသ(နိုင်)၀၉၉၉၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏အမှုသည် ဦးအောင်ဒင်-(ဒေါ်အုံးရင်)တို့မှ သားသမီးရင်း (၁၁)ဦး ထွန်းကားခဲ့ရာ ယခုအချိန် ဦးအောင်ဒင်သည် အသက် (၈၃)နှစ်ရှိပြီး အိုမင်းရင့်ရော်နေချိန်တွင် ဦးညီမြင့်၊ ဦးညီဆန်းအပါအဝင် သားသမီးကိုးဦးသာ ကျန်ရှိပါသည်။ ဦးအောင်ဒင်၏ကျန်းမာရေးအပါအဝင် စားဝတ်နေရေးကိစ္စအဝဝအား အတူနေသမီးများဖြစ်သော မကြည်ဆင့်၊ မကြည်နွဲ့တို့မှ တာဝန်ယူစောင့်ရှောက်နေရပါသည်။ ဦးညီမြင့်သည် ဖခင်ကြီးဦးအောင်ဒင်အား ရဲဒင်း၊ ဒုတ်များအသုံးပြု၍ အသက်အန္တရာယ်စိုးရိမ်ရသည်အထိ ရန်သူသဖွယ် ခြိမ်းခြောက်ရန်မူခဲ့ခြင်း၊ ဦးညီဆန်းသည်လည်း ဦးညီမြင့်နှင့်အတူ ဖခင်ဖြစ်သူအား မကြာခဏ မကြားဝံ့မနာသာဖြစ်အောင် ဆဲဆိုခြင်း၊ ကြုံးဝါးရန်မူနေခြင်းဖြင့် ဦးအောင်ဒင်အား ကိုယ်စိတ်နှစ်ပါးအမြဲထိခိုက် ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူဆက်ဆံနေပါသည်။ ထို့ကြောင့် ယနေ့မှစ၍ ဦးညီမြင့်၊ ဦးညီဆန်းတို့အား သွာနုတ္တသားများအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ဦးညီမြင့်၊ ဦးညီဆန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်စိုး(ညောင်ဦး) LL.B **ဒေါ်ငုဝါဝါ LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၅၈) **အထက်တန်းရှေ့နေ (စဉ်-၂၆၆၃၂)**
အမှတ် ၁၀၈၊ ခရေပင်ရိပ်မွန် ၁ လမ်း၊ ၁/က စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၉-၇၃၁၂၈၈၀၅၊ ၀၉-၄၉၃၃၀၃၆၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လယ်ယာလုပ်ငန်းသုံး စက်ကိရိယာနှင့် နည်းပညာပြပွဲ ဖြူးမြို့၌ကျင်းပ

ဖြူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဘောလုံး အားကစားကွင်းတွင် လယ်ယာသုံး စက်ကိရိယာပြပွဲနှင့် စိုက်ပျိုးရေးနည်းပညာပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။

ပြပွဲကို ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ဒေါက်တာစိုးထွန်း၊ ဒေါက်တာမျိုးအောင်ကျော်နှင့် မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်း မြို့နယ်ဥက္ကဋ္ဌ ဦးလွင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စိုက်ပျိုးရေးနည်းပညာပြပွဲနှင့် လယ်ယာသုံးစက်ကိရိယာ အရောင်းပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၄၂ ခန်းဖြင့် လယ်ယာသုံးစက်ပစ္စည်းများ လယ်ယာသုံး ဆေးအမျိုးမျိုး၊ လယ်ယာသုံး နည်းပညာပေးဆိုင်ခန်းများ ပါဝင်ကာ လယ်ယာသုံးစက်ကိရိယာ ဝယ်ယူမည့် တောင်သူလယ်သမားများအား Hinae Purchara စနစ်၊ Astomer စသည့် အရစ်ကျစနစ်တို့ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ လယ်ယာထုတ်ကုန် တိုးတက်ထွက်ရှိရေးအတွက် နေ့စဉ် နံနက်နှင့် ညနေပိုင်းများတွင် စိုက်ပျိုးရေး ပညာရှင်များဖြစ်သည့် ဒေါက်တာဘဟိန်းက ဆန်စပါးအထွက်တိုးနည်း၊ ဒေါက်တာမျိုးအောင်ကျော်က ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ဒေါက်တာဥမ္မာခိုင်က စိုက်ပျိုးရေးနည်းပညာ၊ ဆရာဦးနှင်းဦးက အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာများကို ပညာပေးဟောပြောဆွေးနွေးခဲ့ကြသည်။

အဆိုပါပြပွဲသို့ ဖြူးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူလယ်သမား အများအပြားက စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ကျိုင်းတုံဒေသခံတို့ ဝမ်းသာကြိုဆိုလျက်ရှိသည့် နမ့်ပူးချောင်းနှင့် နမ့်လပ်ချောင်းများ တိုးချဲ့ခြင်းလုပ်ငန်း

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်း နမ့်ပူးချောင်း၊ နမ့်လပ်ချောင်းနှင့် နမ့်ခင်ချောင်းများ ဖြတ်သန်းစီးဆင်းလျက်ရှိနေပြီး နှစ်စဉ်ဆိုသလိုပင် ရေကြီးရေလျှံရေနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်စီစဉ်မှုဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရန်ပုံငွေများအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆည်မြောင်းဦးစီးဌာနက တာဝန်ယူကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် နမ့်ပူးချောင်းနှင့် နမ့်လပ်ချောင်းများအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ နမ့်ပူးချောင်း သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ခြင်းလုပ်ငန်းအား ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈၀ သန်းဖြင့် ကပ်ထိုက်ကျေးရွာအုပ်စု၊ လွိုင်ခိုက်ကျေးရွာ၊ လွိုင်ခိုက်တံတားအောက်ဘက်အထိ စုစုပေါင်း အလျားပေ ၁၆၁၈၀ အား အကျယ် ၂၆ ပေ၊ အနက် ခုနစ်ပေဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ လုပ်ငန်းပြီးစီးမှုအခြေမှာ ၄၅ ရာခိုင်နှုန်းရှိနေပြီဖြစ်သည်။ နမ့်လပ်ချောင်း သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ခြင်းလုပ်ငန်းအား ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၁ သန်းဖြင့် ကျိုင်းတုံ-လွယ်မွေ သွားကားလမ်းဖြတ်သန်းရာ စိုက်ပျိုးရေးတံတားအနီးမှ နမ့်လပ်ရေလွှဲဆည်အထိ စုစုပေါင်း အလျားပေ ၈၄၀၀ ကို အနံ ၂၆ ပေ၊ အနက် ခုနစ်ပေဖြင့် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးမှုအခြေအနေမှာ ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

> **မိုးရာသီ တစ်သီးစားဘဝမှ ဆောင်းသီးနှံနှင့် နွေသီးနှံပါ သုံးသီးစားအဖြစ် စိုက်ပျိုးလုပ်ကိုင်နိုင်ကြတော့မည် . . .**

အဆိုပါ နမ့်ပူးချောင်းနှင့် နမ့်လပ်ချောင်းများအား သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးမည့် မတ်လ ၃၁ ရက်မတိုင်မီ လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ နမ့်ပူးချောင်းနှင့် နမ့်လပ်ချောင်းများကို သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးမှုကြောင့် ကျိုင်းတုံမြို့နယ်အတွင်းရှိ ကပ်ထိုက်ကျေးရွာအုပ်စု၊ ဝပ်ဆောင်းကျေးရွာအုပ်စု၊ ယန်းလောကျေးရွာအုပ်စု၊ နောင်ကုန်ကျေးရွာအုပ်စု၊ မြို့ပေါ် အမှတ်(၃)နှင့် အမှတ်(၄)မြို့သစ်ရပ်တို့အတွင်းရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လယ်ယာမြေများ၊ စိုက်ပျိုးရေးခြံများ၊ မွေးမြူရေးခြံများ၊ စားသောက်ဆိုင်များမှာ ရေကြီးရေလျှံရေနစ်မြုပ်မှုများကင်းဝေးကာ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရအောင် ကြိုတင်ကာကွယ်မှုဖြစ်စေပြီး နမ့်ပူးချောင်းနှင့် နမ့်လပ်ချောင်းများ ရေစီးရေလာကောင်းမွန်သွားခဲ့ပြီ ဖြစ်ခြင်းကြောင့် ရေကောင်းမွန်စွာ ရရှိလာတော့မည် ဖြစ်သည့်အတွက် မိုးရာသီ တစ်သီးစားဘဝမှ ဆောင်းသီးနှံနှင့် နွေသီးနှံပါ သုံးသီးစားအဖြစ် စိုက်ပျိုးလုပ်ကိုင်နိုင်ကြတော့မည်ဖြစ်သည်။ သို့ပါ၍ ကျိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကျေနပ်အားရဝမ်းသာပျော်ရွှင်မှု ဖြစ်ပေါ်ခံစားနေကြရကြောင်း သိရသည်။ **နိုင်နိုင်အောင်ဝေ**

နွေရာသီ၌ ရန်ကုန်တိုင်းဒေသကြီး အတွက် မီးသတ်ယာဉ်အစီး ၂၀၀ ကျော်ဖြည့်တင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း မတော်တဆမီးဘေးအန္တရာယ် ကြုံတွေ့လာပါက အကာအကွယ်ပေးနိုင်ရေးအတွက် မီးသတ်ဦးစီးဌာနချုပ်မှ မီးသတ်ယာဉ်အစီး ၂၀၀ ခန့် ဖြည့်တင်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ "ယမန်နှစ်က မီးသတ်ယာဉ်အစီးပေါင်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအတွက် ဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။ ယခုနှစ် နွေရာသီအတွက်ကတော့ မီးသတ်ယာဉ် ၂၀၀ ခန့်ကို မီးဘေးအန္တရာယ် ကျရောက်တဲ့အခါ အသုံးပြုနိုင်ရေးအတွက် ထပ်မံဖြည့်ဆည်းပေးသွားဖို့ စီစဉ်ထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးက မီးလောင်မှုအကြိမ်များပြားတဲ့ တိုင်းဒေသကြီး ဖြစ်တာကြောင့် အစီး ၂၀၀ အထိ တိုးမြှင့်ဖြည့်တင်းရခြင်း ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မင်းက ပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီးအတွင်း ပေါ့ဆမီးများ လောင်ကျွမ်းမှု မဖြစ်ပွားစေရေး လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့်ဟောပြောပွဲများ ကျင်းပခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး နေရာအနှံ့အပြားတွင် မီးလောင်မှုအကြိမ်ရေ စုစုပေါင်း ၃၀ ခန့် ရှိနေပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် မီးလောင်မှုအကြိမ်ရေ ၁၂၀ ဝန်းကျင်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်မှုအားလုံးအနက် အများစုမှာ ပေါ့ဆမှုကြောင့် လောင်ကျွမ်းခြင်းဖြစ်ပြီး ဝိုင်ယာရှော့ခ်မှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုအကြိမ်ရေမှာလည်း မြင့်တက်လျက်ရှိသည်။ မီးလောင်မှုအများဆုံးဖြစ်ပွားသည့် ကာလမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင်ဖြစ်ကြောင်း သိရသည်။ **ခင်ရတနာ**

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း
ဒသမအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးနှင့် ပဉ္စမအကြိမ် မြန်မာနိုင်ငံသက်ကြီးဘူမိဗေဒပညာရှင်များ
ကန်တော့ပွဲအခမ်းအနား ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ ဒသမအကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဘူမိဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ပဉ္စမအကြိမ် မြန်မာနိုင်ငံသက်ကြီး ဘူမိဗေဒပညာရှင်များ ကန်တော့ပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်တွင် Sedona Hotel တွင် ညနေ ၄း၀၀ နာရီ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘူမိပညာရှင်များ၊ တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခ/ဌာနမှူးများ၊ ဆရာ/ဆရာမများ ကျောင်းသား ကျောင်းသူများ၊ အသင်း၏ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများနှင့် ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ အားလုံး(မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

၂၈-၂-၂၀၁၄ရက်မတိုင်မီ ဘူမိအသင်းရုံးနှင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်ကြပါရန်နှင့် အလှူငွေများလည်း ပါဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံပါသည်။

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံး၊ MES အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၉၆၇၃ လိုင်းခွဲ (၅၀၁)၊ ဦးစိုးမြင့် ဖုန်း-၀၁-၅၀၃၉၈၁၊ ဒေါက်တာမြင့်သိန်း ဖုန်း-၀၂-၃၆၆၂၈၊ ဦးကြိုင်စိန် ဖုန်း-၀၉-၂၀၄၂၀၅၄၊ ဦးအေးလွင် ဖုန်း-၀၉-၅၀၀၆၂၅၈၊ ဦးညွန့်ဌေး ဖုန်း-၀၁-၆၄၄၁၇၅၊ ၀၉-၇၃၀၉၄၈၁၂၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၅၁၃၀၉၊ ဦးတင်ကျော်သန်း ဖုန်း-၀၁-၅၇၁၀၂၈၊ ၀၉-၅၀၀၂၅၈၁၊ ဦးရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ဒေါက်တာတင်ဌေးမူ ဖုန်း-၀၉-၅၁၅၃၄၄၁၊ ဦးရီစိန် ဖုန်း-၀၉-၅၀၄၀၄၁၁၊ ဦးကောင်းနိုင် ဖုန်း-၀၉-၇၃၁၅၄၂၉၉၊ ဦးစိုးသူရထွန်း ဖုန်း-၀၁-၅၅၂၉၀၁၊ ၀၉-၅၁၄၄၀၀၅၊ ဦးမြတ်ဇော် ဖုန်း-၀၉-၇၃၁၅၄၄၃၃ ဦးအောင်မြတ်ကျော် ဖုန်း-၀၉-၅၁၆၂၁၆၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၁၇၀၈၉ ဂျာလင်း၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်မြင့် ၅/ကလထ(နိုင်)၁၅၂၃၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

တစ်ဦးတည်း ဖြစ်ကြောင်း

ကျိုက်လတ်မြို့၊ လှည်းဆိပ်ကျေးရွာအုပ်စု၊ ကရင်ကဲကျေးရွာနေ မခိုင်ဇင်ဦး ၁၄/ကလန(နိုင်)၁၀၆၂၀၁၊ မစုဝေလှိုင်၊ မအိအိဝင်း၊ မောင်ကျော်ဇင်မင်းထက်တို့၏ဖခင်အမည်မှာ ဦးတင်ဝင်း ၁၄/ကလန(နိုင်)၀၁၈၄၀၇ နှင့် ဦးထွန်းလှသည် တစ်ဦးတည်းဖြစ်ကြောင်း။

ကြော်ငြာ

[illegible] ဖေဖော်ဝါရီ ၂၂၊၂၃ (၃၂)ကြိမ်မြောက် [illegible]

ဖေဖော်ဝါရီ (၂၂၊၂၃)ရက်တွင် [illegible] ၃၂ ကြိမ်မြောက် [illegible] (၁)ဦးအတွက် [illegible] ၄၀၀၀ိ/-ကို [illegible]

[illegible]

[illegible] KBZ Bank(Account No.00730200701690301)နှင့် [illegible] (၁၂/မရက(သ)၀၀၀၀၅) ဖုန်း-၀၉ [illegible]

[illegible]

ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(ရန်ကုန်)

အသင်းကြီး၏ပဓာန နာယကဆရာကြီး ဦးဌေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ) တစ်လပြည့်အလှူပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တပည့်အပေါင်းမှ မပျက်မကွက်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၂-၂-၂၀၁၆ ရက် (စနေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ကျေးလက်ဦးစီးဌာနဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း - ၀၉-၅၀၀၀၁၆၆၊ ၀၉-၇၃၀၇၈၃၉၄

ထေရဝါဒဗုဒ္ဓဒေသနာနှင့်
ဝိပဿနာပြန့်ပွားရေးအသင်း
(ရန်ကုန်)

[illegible]

Dawei Beauty
Travels & Tours

[illegible] - [illegible]

- [illegible] (၅ရက်) 12 APR
- [illegible] (၅ရက်) 12 APR
- [illegible] (၄ရက်) 13 APR
- [illegible] (၁ရက်) 12 APR
- [illegible](shopping)-[illegible] (၃ရက်) 12 APR/18 APR
- [illegible] (၆ရက်) 12 APR
- [illegible] (၇ရက်) 12 APR
- [illegible] (၁ရက်) 12 APR
- [illegible] (၁ရက်) 14 APR
- [illegible] (၁ရက်) 12 APR

*** [illegible] Special Discount [illegible] ***

[illegible] E-mail : [illegible]
[illegible] Ph : 099 23987, [illegible]

SKYWARD

VACANCY ANNOUNCEMENT (FOR LOCAL ONLY)

SKYWARD INTERNATIONAL TRADE LIMITED. is a distribution Company of Peace Myanmar Group Co., Ltd., ISO 9001:2008 Certified Company. We are currently searching for enthusiastic and dynamic people to join our company.

1. Marketing Manager **Male/Female (1) Post**
- Any University Graduate, A diploma (or) certificate in Marketing & Sales is of additional advantage
- Age under 45 years
- At least 5 years experience in Marketing field
- Development and implementation of strategic marketing plans, Sales forecasting and budget management
- Computer literate- MS Word, Excel, Power Point & E-mail

2. Asst: Marketing Manager **Male/Female (1) Post**
- Any University Graduate
- Age under 35 years
- At least 2 years experience in Sponsorship, Event, Promotion, Merchandizing field
- Computer literate- MS Word, Excel, Power Point & E-mail
- Able to travel in anywhere

3. Sales Manager **Male/Female (3) Post**
(National / Regional / Area)
- Any University Graduate, A diploma (or) certificate in Marketing & Sales is of additional advantage
- Age under 45 years
- At least 5 years experience in Managerial level Sales of FMCG lines with reputable company
- Computer literate- MS Word, Excel, Power Point & E-mail

4. Sales Supervisor **Male (2) Post**
- Any University Graduate (Driving licence is of additional advantage)
- Age under 35 years
- At least 3 years experience in sales supervisor field.
- Good interpersonal communication, negotiation skills, knowledge in sales analysis with reporting system, implement in sales plan management of sales policy
- Able to travel in anywhere

5. Audit Manager **Male/Female (1) Post**
- B.Com, CPA (or) Any University Graduate with ACCA
- Age under 50 years
- At least 5 years experience in relevant working in auditing, accounting or financial management
- Responsible of leading and reviewing the work of and audit team measuring level of internal controls, implementation of policies and procedures in operating activities
- Must be computer literate and especially in Excel and Accounting knowledge

6. Auditor **Male (3) Post**
- B.Com (or) LCCI (Level-3)
- Age under 35 years
- At least 2 years experience in Audit Field
- Must be computer literate and especially in Excel and Accounting knowledge
- Able to travel in anywhere

7. Office Secretary **Female (1) Post**
- Any University Graduate
- Age between 25 to 35 years
- At least 2 years experience in secretarial and administrative coordination and paper translation
- Good command of English in 4-skills
- Computer literate- MS Word, Excel, Power Point & E-mail
- Good personality, must have initiative and self motivated

8. Maintenance (M&E) **Male (1) Post**
(Officer/Supervisor)
- B.E (or) A.G.T.I
- Age between 30 to 40 years
- At least 3 years experience in M&E maintenance field
- Must have knowlege in PABX System, Copier, Printer, Fax, CCTV maintenance field. Good Communication skills, Service Oriented and Leadership skills

9. ယာဉ်မောင်း **ကျား(၅)ဦး**
- အသက် (၂၃-၄၅)နှစ်အတွင်း မည်သည့်ယာဉ်မဆို ရန်ကုန်နယ်မြေတွင်း ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်ရမည်။ လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။ ယာဉ်လေးမောင်းအတွက် (ခ)လိုင်စင်၊ ၁၀-ဘေး ၁၄-ဘေး ယာဉ်ကြီးမောင်းအတွက် (ဃ/င) လိုင်စင် ကိုင်ဆောင်ထားသူများဖြစ်ရမည်။

10. Promotion Girl (အမြဲတမ်းဝန်ထမ်း) **မ(၁၅)ဦး**
- အသက်(၁၈-၂၅)နှစ်အတွင်း အခြေခံပညာ အထက်တန်းအဆင့် (ဘွဲ့ရ ဦးစားပေးမည်) ရုပ်ရည် သန့်ပြန့်ချောမော၍ ဆက်ဆံရေးကောင်းမွန် ရမည်။ နယ်ခရီး သွားနိုင်ရမည်။

11. သန့်ရှင်းရေးဝန်ထမ်း **ကျား/မ(၂)ဦး**
- အသက်(၃၅)နှစ်အောက်၊ သန့်ရှင်းရေးကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်မှုသော အတွေ့အကြုံရှိရမည်။ ဆက်ဆံရေးအထူးကောင်းမွန်ရမည်။ တစ်ကိုယ်ရည် သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်သူဖြစ်ရမည်။ ကျန်းမာရေး အထူးကောင်းမွန်သူဖြစ်ရမည်။

Qualified & interested persons are requested to send the applications with updated CV in detail of pervious working experience with academic transcripts (copy), recent passport size photo, NRC & labor card copy, family registration copy, police & ward authorized recommendation letter copy and working experience transcript to the following address;

No.(1), Zawtika Lane & Bayint Naung Main Road, Ward (4), Kamayut Township, Yangon.
pmghrd.2012@gmail.com

[illegible]

စဉ်	အမည်	မှတ်ပုံတင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဖေဖေ ဗိုလ်ချုပ် သူရ သီဟသူရ စစ်မောင် (၁၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဖေဖေ . . . ခွဲခွာခဲ့တာ ၁၃ နှစ် ကြာခဲ့သော်လည်း မိသားစုနဲ့အတူတူ ရှိနေသလိုပါပဲ . . . .

ယနေ့အချိန်ထိ ဖေဖေ ရဲ့ မိတ်ဆွေတွေနဲ့ လုပ်ဖော်ကိုင်ဖက် တပည့်တွေကလည်း အမြဲသတိတရ ရှိနေတဲ့ အကြောင်းကို အမြဲ တမ်းကြားနေရပါတယ် . . . .

ဖေဖေ့ရဲ့ စိတ်ဓာတ် နဲ့ ဂုဏ်ကျေးဇူးတွေကိုအမြဲသတိရနေပါတယ် . . . .

ဖေဖေ . . . တာဝန်တွေကျေခဲ့ပါပြီ . . ဖေဖေ့လို တာဝန်ကျေတဲ့သူ ဖြစ်အောင်အမြဲကြိုးစားနေပါမယ် . .

ဖေဖေ့အတွက်ရည်မှန်းပြီး ပြုခဲ့သမျှ ကုသိုလ် ကောင်းမှုအစုစုနှင့် နေ့စဉ်အားထုတ်ဆဲဖြစ်သော သမထ ဝိပဿနာ ကုသိုလ် တွေကိုလည်း အမျှပေးဝေပါတယ် ရောက်ရာ ဘုံဌာနက သာဓု ခေါ်လိုက်ပါ

ဖေဖေ . . . အမျှ . . . . . အမျှ . . . . . အမျှ . . . . .

ချစ်ဇနီး–ဒေါ်ခင်မြဲ့ဝင်း

ဦးကျော်စိုး+ဒေါ်သီရိဝင်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး)

ဦးတေဇမောင်+ဒေါ်ယဉ်မွန်ဇွေး (Managing Director) (DRAGON 74 TRADING CO.,LTD)

ဦးမျိုးမင်းအောင်+ဒေါ်မေသူမောင် (မေသူမောင် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း)

ဦးရဲထွန်း+ဒေါက်တာကြည်ဖြူမောင်

မောင်စစ်ဘုန်းထွန်း၊ မောင်သန့်သူတ၊ မကြည်စင်သန့်၊ မဘုန်းထွဋ်ဇေ၊ မောင်လင်းသစ်တေဇ

ဒုတိယဗိုလ်ချုပ်ကြီးမဟာသရေစည်သူတင်ဦး (၁၃)နှစ်ပြည့်ကောင်းမှုဆုတောင်း

ကျေးဇူးရှင်ဖေဖေကြီး ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ (၁၃)နှစ်ပြည့်မြောက်သည့် (၁၉-၂-၂၀၁၄)ရက်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ် လှူဒါန်းခြင်းနှင့် ပြုပြုခဲ့သမျှသော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ဖေဖေကြီးအနေဖြင့် အမျှရရှိပြီး သာဓုခေါ်ဆိုနိုင်သည်ဖြစ်၍ ယခုရောက်ရှိရာဘုံဘဝမှ သည် မြတ်နိဗ္ဗာန်သို့တိုင်အောင် တက်လှမ်းရောက်ရှိ နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှပေးဝေ အပ်ပါသည်။

ဇနီး - ဒေါ်ခင်သန်းနွဲ့

သားသမီးများ - ဦးမောင်မောင်ကျော်(စစစ)+ဒေါ်ချိုလဲ့ဦး
ဖြူဖြူတင်ဦး
ဒေါက်တာမြတ်နိုး + ယဉ်မာဦး
ဇော်ထွန်းဦး + ခင်သီတာ
နေထွန်းဦး

မြေးများ - ဟိန်းထက် ၊ ယဉ်မြတ်နိုး
ဖူးငုံကျော် ၊ သန့်သီဟန်ဇော်(ဖိုးသီလ)

---

(၁၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးစိုးနိုင်(ကိုကိုမောင်)

D.S.A(23) ရဟတ်ယာဉ်မှူး

ချစ်လှစွာသောခင်ပွန်းသည် ခွဲခွာသွားသည်မှာ ၁၉-၂- ၂၀၁၄ ရက်တွင် (၁၃)နှစ်ပြည့်ပြီ ဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရနေဆဲပါ။ နေ့စဉ် သံဃာတော်အရှင်သူမြတ်များအား ကောင်းမှုကုသိုလ်များ ပြုလုပ်အပ်ပါသည်။ အစ်ကို သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ရာသို့ရောက်အောင် ရောက်ရာဘုံဘဝမှ ပြုပြုသမျှ ကောင်းမှုအစုစုတို့ကို သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး - **ဒေါ်ခင်စပါယ်လှတင်**

ချစ်သားသမီးများ - **မောင်ဇော်ထက်လူ–မဝင့်ဖြူကိုကိုမောင်**
ဗိုလ်ကြီးဝင်းထက်အောင်–မရွှန်းလဲ့ကိုကိုမောင်
ရွှေနှင်းဆီလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

---

(၁၃)နှစ်မြောက် သတိရခြင်းနှင့် ကောင်းမှုကုသိုလ်ဒါန

သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းမောင်

(ဝန်ကြီးချုပ်ရုံးဝန်ကြီး)

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၉-၂-၂၀၁၄ရက်တွင် (၁၃)နှစ်ပြည့်ပြီးဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။(၁၃)နှစ်ပြည့်မြောက်သော ယနေ့၁၉-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃဆေးရုံနှင့် ရဟန်းသံဃာတော် အရှင်သူမြတ်တို့အား လှူဒါန်းအပ်သော ကောင်းမှုကုသိုလ်၊ ဝါးရုံကုန်း ကျေးရွာအုပ်စု မီးလင်းရေးအတွက် လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်နှင့် တစ်နှစ်ပတ်လုံးလှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်အစုစုတို့အား ကျေးဇူးရှင် ဖခင်ကြီး ရောက်ရာဘဝ ဘုံဌာနမှ သာဓု သာဓု သာဓု ခေါ်နိုင်ပါစေ။

ဇနီး - **သီရိသုဓမ္မသီဂီဒေါ်ရွှေသက်**

သား၊ သမီးများနှင့်

မြေးများ - **ဒေါက်တာမင်းသန်းထွဋ်၊ စိုးမင်းထွဋ်၊ စည်သူထွဋ်**
- **ပြည့်စုံထွဋ်၊ ပြည့်စုံမောင်၊ အောင်လွန်းခေါင်**
- **ခန့်ညားလွင်၊ ရဲရင့်လွင်**
- **ရဲချစ်လွန်း၊ ဘုန်းမြတ်သူ**
- **သစ်လွင်စိုး၊ ဝေယံလွန်းမောင်**
- **ဝေဖြိုးထက်၊ ကျော်ဇင်ထက်**

---

(၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးကျား B.A, BL. DMA

(တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)

၁၉-၂-၂၀၀၇

အသက် (၈၃)နှစ်

ဖေဖေ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ (၇)နှစ်ပြည့်မြောက်ခဲ့သော်လည်း ဖေဖေ ရဲ့မိသားစုအပေါ်ထားရှိသည့် အတိုင်းအဆမရှိကြီးမားလှသော မေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားအပေါင်းတို့ကို နေ့စဉ်အမြဲသတိရလျက် ပြုသမျှကုသိုလ်အပေါင်းအား ဖေဖေရောက်ရှိရာဘဝမှ သာဓုခေါ်ဆိုနိုင်စေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဇနီး - ဒေါ်အုံးခင်

ညီမ - ဒေါ်ခင်ခင်၊ ဒေါ်တင်အေးကြည်

သမီး - ဗိုလ်မှူးကြီးနွယ်နွယ်ဝင်း

သား - ဗိုလ်မှူးမင်းဇော်(ငြိမ်း)-ဒေါ်ချိုချိုဦး

မြေးများ - ကိုအောင်အောင်သန့်၊ ဗိုလ်မှူးကျော်ဝင်း-မလွင်မာ

မြစ်များ - မေဇော်ဦး၊ ချစ်ဆုလာဘ်ဝင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၁၈

ဦးအေးမင်းဟန် **နှင့်** ၁။ ဦးချစ်လွင် ၂။ ဦးခင်မောင်ထွေး
တရားလို **တရားပြိုင်များ**

အမှတ် ၄၈၀၊ မာဃ ၁၃လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုလိပ်စာမသိ)နေ ဦးချစ်လွင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၅ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေရီ)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး မျိုးထွန်း(ငြိမ်း)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန

စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)

အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ ဒေါ်သန္တာထူး၏ခင်ပွန်း၊ မမြတ်နိုးထွန်း၊ မအင်ကြင်းထူးတို့၏ ချစ်လှစွာသောဖခင်၊ ငယ်သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး မျိုးထွန်း(ငြိမ်း)သည် ၁၂-၂-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ တို့တွေအားလုံးစုပြီး သူငယ်ချင်းအတွက် ရည်စူးလှူဒါန်းပေးတဲ့ ကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (TTC-83) မှ သူငယ်ချင်းများ

ဦးဟုတ်စွမ် (မော်လမြိုင်)

အသက်(၇၈)နှစ်

မော်လမြိုင်မြို့၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ (ဦးပဲလှော်-ဒေါ်ကွမ်းပါး)တို့၏သား၊ (ဒေါ်အုံးမေ)၏ခင်ပွန်း၊ ဒေါ်မြတင်၊ ဒေါ်ကျင်ငွေ၊ ဦးရင်တိတ်-ဒေါ်ရှုအိမ်တို့၏ညီ/မောင်၊ အမှတ် ၄၂/ B၊ ဓမ္မာရုံဖြတ်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်နေ ဦးအောင်ဝင်း-ဒေါ်ကင်ကြူ၊ (ဦးသိန်းဟို-ဒေါ်ကျင်မြ)၊ ဦးမြင့်ဝင်း-ဒေါ်ကင်မွှာ၊ ဦးဝင်းနိုင်-ဒေါ်ကင်အေး၊ ဦးညွန့်ဝင်း-ဒေါ်စံပယ်၊ ဦးအေးနိုင်-ဒေါ်ငြိမ်းစီ၊ ဦးမျိုးမြင့်အောင်-ဒေါ်ကျင်ထွေး တို့၏ဖခင်၊ မြေး ၁၈ယောက်တို့၏အဘိုးသည် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်မြင့်သိန်း (မြိတ်)

အသက်(၇၄)နှစ်

မြိတ်မြို့၊ အမှတ် ၁၄၂၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်နေ (ဦးရွှေမြ-ဒေါ်ကြင်တွန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ခြံအမှတ်(၁)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးကြည်စိုင်-ဒေါ်အင်မြူ)၊ (ဦးအင်ကြိုင်)-ဒေါ်ရှင်ပို၊ (ဦးစိုးဝင်း-ဒေါ်စောရီ)တို့၏ညီမ၊ မအေးအေးသန်း၊ မအေးအေးသိန်း-မောင်သောင်းထွန်းဝင်းတို့၏အဒေါ်သည် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၅း၅၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ခြံအမှတ် ၁၊ အင်းလျားလမ်း နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲကြောင်း

မြန်မာ့လက်ရွေးစင်နှင့် အကောက်ခွန်ဘောလုံးသမားဟောင်း ဦးဇော်မင်း အသက် (၇၃)နှစ်သည် ၁၄-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲမိပါကြောင်း။

အကောက်ခွန်ဘောလုံးသမားဟောင်းအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးပြည်စိုး (M.D Grand City Co.,Ltd.)

အသက်(၆၀)

ဒေါ်ထိုက်ထိုက်ဖြိုး(Director,Grand City Company Ltd.)၏ချစ်လှစွာသော ခင်ပွန်း ဦးပြည်စိုး အသက်(၆၀)သည် ၁၃-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းမြင့်ဦး-ဒေါ်မျိုးကေသီမိသားစု

အများသိစေရန်အသိပေးကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဈေးတောင်ဘက်လမ်းနေ (ဘ)ဦးအောင်သန်း ၁၂/ကတတ(နိုင်)၀၁၈၉၃၈၊ (အမိ)ဒေါ်မြင့်မြင့်စိန် ၉/မမန(နိုင်)၀၁၅၁၅၂တို့၏သမီး မအိသဇင်အောင် ၁၂/ကတတ(နိုင်)၀၃၁၂၃၀ ကိုင်ဆောင်သူသည် မိဘဆုံးမစကားကို နားမထောင်ဘဲ ၎င်း၏ဆန္ဒအတိုင်းပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဦးအောင်သန်း LL.B
၁၂/ကတတ(နိုင်)၀၃၁၂၃၀

ပျောက်ဆုံးကြောင်း

မယမုံသွင်(ဘ)ဦးစိုးသွင်၏ နိုင်ငံကူး လက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၅၁၁၀၅၇၆**

ပျောက်ဆုံးကြောင်း

ကျွန်မ စန်းစန်းညွန့် ၁၂/ကတတ(နိုင်) ၀၂၅၄၇၃၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၅၀၈၀၂၈၅**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ် [illegible] (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ [illegible]
အမှတ် - [illegible] (A-1) [illegible]
[illegible] ရန်ကုန်မြို့။ ဖုန်း - [illegible]

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း(ငြိမ်း) အသက်(၄၇)နှစ်

ကြည်း-၂၀၇၇၉၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

၁၂-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားခဲ့ပါသော ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း(ငြိမ်း)အား နာမကျန်းဖြစ်နေစဉ် အဘက်ဘက်မှအထူးမေတ္တာရှေ့ထားပြီး ကြိုးစားကြပ်မတ်ကုသပေးခဲ့ပါသော မြောက်ဥက္ကလာပဆေးရုံကြီး သွေးရောဂါဌာန ဌာနမှူး၊ သမားတော်ကြီး ပါမောက္ခ ဒေါ်အေးအေးကြီးနှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ကွယ်လွန်သည့်ရက်မှရက်လည်သည်အထိ နာရေးကိစ္စအဝဝတို့တွင် လိုလေသေးမရှိ ပြည့်စုံစွာ ဆောင်ရွက်လိုက်ပါ ပို့ဆောင်ကူညီပေးကြပါသော ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၉)မှ ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် မိသားစုဝင်များ TTC ကျောင်းမှ ကျောင်းနေဖက် သူငယ်ချင်းများ၊ တယ်လီဖုန်း၊ သတင်းစာများနှင့် လူကိုယ်တိုင် နှစ်သိမ့်အားပေးခြင်း၊ ကိုယ်စိတ်နှလုံးတို့ဖြင့်မေတ္တာပြသကြပါသော ကူညီပံ့ပိုးပေးကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးသူရစော B.Sc (Maths)

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုန်ရိပ်သာ၊ အမှတ်(၇၀/ဈ)နေ(ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ငြိမ်း-ဒေါ်အေးရီ)တို့၏သားထွေး၊ ဦးသီဟစော(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သူဇာမြင့်ကြည်၊ ဒေါက်တာစိုပြေ-ဒေါက်တာကေသီစောတို့၏ညီ/မောင်၊ မောင်နန္ဒစောမြင့်မောင်၊ မခင်စိမ်းလန်း၊ မကြည်စင်အေးတို့၏ဦးလေးသည် ၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်ကောင်းမြတ်(ခ)ကောင်းစစ်ဝန်

ကြည်း-၆၂၀၃၆

အသက်(၂၂)နှစ်

ဟင်္သာတမြို့၊ ဘုရားကြီး ၃လမ်းနေ (ဦးညီထွေး)-ဒေါ်ခင်ရွှေ၊ [ဗိုလ်မှူးလေးမြင့်(ငြိမ်း)-ဒေါ်ခင်ခင်စီ]တို့၏မြေး၊ ချောက်မြို့နေ ဦးအောင်သန်းထွန်း (အမှုဆောင်ဘူမိဗေဒအရာရှိ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါ်ခင်လေးသန္တာတို့၏သားငယ်၊ မောင်ကျော်စစ်မှူး၏ညီ၊ ဒုရဲမှူးကြီးကျော်ညွှန့်(သတင်းတပ်ဖွဲ့)-ဒေါ်ရီရီဝင်း၊ ဦးဇော်ဝင်း-ဒေါ်ခင်လေးဥမ္မာ၊ ဒေါက်တာတိုးတိုးအောင် (စည်ပင်သာယာရေးဝန်ကြီး၊ မွန်ပြည်နယ် အစိုးရအဖွဲ့) - ဒေါ်ခင်လေးသိင်္ဂီ၊ ကိုအောင်ကောင်းမြတ်(ရွှေသမင်သင်္ကန်းတိုက်၊ဟင်္သာတမြို့)-မတင်မာဝင်း၊ မခင်လေးအိန္ဒြာတို့၏တူသည် ၁၇-၂-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံမှမင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၃၀-B၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၂)ရက်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဦးခင်ဇော်

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၈၃၊ ဗားဂရာလမ်းနေ (ဦးကြီးမြင့်)-ဒေါ်သန်းနွဲ့တို့၏သားကြီး၊(ဦးဘိုးအောင်-ဒေါ်ခင်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်နွယ်နွယ်အောင် (အမက-၁၀၊ လ/ခွဲ၊ လှိုင်)၏ခင်ပွန်း၊ ဦးထွန်းလင်း-ဒေါ်ဖြူဖြူမြင့်(ထ-၃၊စမ်းချောင်း) တို့၏မောင်၊ဦးဝင်းဇော်-ဒေါ်မြတ်သွယ်၊ (ဦးအောင်နိုင်)၏အစ်ကို၊ ဒေါက်တာအောင်ပြည့်ဖြိုး (လက်ထောက်ဆရာဝန်၊ မအူပင် ပြည်သူ့ဆေးရုံ)၏ ဖခင်၊ ဒေါက်တာဖြိုးမြတ်၊ မောင်ဘုန်းမြတ်သူ (ဆေး-၁)၊ မသဉ္ဇာထွန်းလင်း (C.B ဘဏ်ရုံးချုပ်)၊ မခြိုးစိမ့်သွယ်(ထ/၁၊ ကြည့်မြင်တိုင်)တို့၏ဘကြီးသည် ၁၈-၂-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကိုကိုဇော်

Chief Officer (CDC-31933)
M.V Fujisuka (Trade wind Co.,Ltd.)

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်(၁) လမ်း၊အမှတ် ၃နေ(ဦးကြီးမြင့်)-ဒေါ်ခင်ထွေးရီတို့၏သားကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၈)ရပ်ကွက်၊ တိုက် ၄၊ အခန်း ၄၂နေ ဦးညွှန့်ရှိန်-ဒေါ်အေးအေးမြင့်တို့၏သားသမက်၊ ဦးသိန်းအောင်-ဒေါ်မူမူမြင့်၊ ဦးဇော်ဟိန်း-ဒေါ်နွယ်နွယ်လွင်၊ ဦးရဲလင်းအောင်-ဒေါ်အေးသီတာညွှန့်ရှိန်၊ မောင်ဝင်းသူရှိန်တို့၏အစ်ကို၊ မဟေမာညွှန့်ရှိန်၏ခင်ပွန်း၊ မောင်ရွှေသွေး၏ဖခင်သည် ၁၄-၂-၂၀၁၄ရက် ည၇း၃၅နာရီတွင် Australia နိုင်ငံ Albany ဆိပ်ကမ်း၌ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကိုဇာနည်လင်းထင် (မုံရွာ)

အသက်(၃၄)နှစ်

မုံရွာမြို့၊ အမှတ် ၅၅/၆၊ ထန်းတောအလံတိုင်ရပ်နေ ဦးဗိုလ်လင်း-ဒေါ်သန်းအေးတို့၏သားကြီး၊ တာမွေမြို့နယ်၊ မြို့သစ် ၁လမ်း၊ အမှတ် ၁၆(လေးလွှာ)နေ ဦးငွေအောင် - (ဒေါ်ငွေငွေဝင်း)တို့၏သားသမက်၊ အမှတ် ၃၆၀-ခ၊ အပေါ်ထပ်၊ မိဂသီ ၁၆လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်နေ မပန်းနုဇာ(မပုံ့) (Bright-Preschool)၏ခင်ပွန်း၊ မစိန်ရတီလင်း(Grade-6၊ အလက-၄၊ ရန်ကင်း)၏ဖခင်၊ မကေခိုင်လင်း-ဦးရန်နောင်စိုး (AE ၊ အာရှတော်ဝင်ဆေးရုံ)၊ မဇာခြည်လင်း-ကိုသန့်ဇင်ဝင်း (81 စားသောက်ဆိုင်)၊ ကိုထိုက်အောင်(လ/ထ လဝကမှူး၊ ရေဆိပ်)-မနန္ဒာကျော်ငြိမ်း (လ/ထ လဝကမှူး၊ ဒဂုံ-ရှေ့)တို့၏မောင်၊ မောင်ကျော်နီလင်းထင်၏အစ်ကိုသည် ၁၈-၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုကျော်စိုးမင်း(ခ)မင်းမင်း

(သုံးဆယ်)

(GBC) Global Beverages Co.,Ltd.

အသက်(၃၈)နှစ်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့နေ (ဦးမြလှိုင်)-ဒေါ်မြင့်စိန်တို့၏သားထွေး၊ ဒေါ်မာမာဦး(ခရိုင်စိုက်ပျိုးရေး၊သာယာဝတီမြို့)၊ တကကဇော်မိုး(ခမရ-၂၀၈၊ ကျိုက်မရော)၊ မစန္ဒာဦးတို့၏ညီ/မောင်၊ မချောစုလှိုင် (အလက ကျပ်ချောင်း)၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၁၈၊ စောမဟာလမ်း၊ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ(ဦးကံထူး-ဒေါ်တင်ခိုင်)တို့၏သားသမက်၊ ဒေါ်ထွေးထွေးမော်၏ခင်ပွန်း၊မခိုင်လဲ့ရည်မင်း(စတုတ္ထတန်း-A ၊ အလက-၂၊ ဒဂုံ)၏ ဖခင်သည် ၁၈-၂-၂၀၁၄ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၄ ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရင်ရွှေ (သထုံ)

အသက်(၉၃)နှစ်

ဦးဝင်းစိန် (ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း)-ဒေါ်စိန်စိန်မြင့်တို့၏မိခင် ဒေါ်ရင်ရွှေသည် ၃၁-၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၄း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးကြည် (ဖျာပုံ)

အသက်(၉၂)နှစ်

ဖျာပုံမြို့နေ (ဦးဘိုးခွမ်-ဒေါ်ရင်)တို့၏သမီးကြီး၊ (ဦးကျင်စီ-ဒေါ်နှင်းအုံ)တို့၏သမီးချွေးမ၊ [ဦးကြင်အုန်း(ခ)ဦးကောက်]၏ဇနီး၊ ဒေါ်ကြည်ကြည်အုန်း (ထက်ပြ၊ ငြိမ်း၊ အထက-၃၊ ဒဂုံ)၊ ဦးအောင်ကျော်-(ဒေါ်တင့်တင့်အုန်း)၊ ဦးအောင်ကြီး(ဌာနခွဲမှူး၊ ငြိမ်း)-ဒေါ်မြင့်မြင့်အုန်း (စာရင်းကိုင်၊ ငြိမ်း၊ မြန်မာ့ရပ်ရှင်လုပ်ငန်း)၊ ဒေါ်စုစုကြည်(ထက်ပြ၊ ငြိမ်း၊ အထက-၃၊ ဒဂုံ) (တွဲဖက်/အခြေခံ-၃)၊ ဦးခင်မောင်ဇော် (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ လျှပ်စစ်ဝန်ကြီးဌာန)-ဒေါက်တာယုယုကြည် (နနလအထူးကုဆရာဝန်ကြီး၊ ငြိမ်း၊ အရှေ့ပိုင်းဆေးရုံ)၊ ဦးကြည်မင်း(အုတ်လုပ်ငန်း)-ဒေါ်ညွှန့်ညွှန့်၊ ဒေါ်ကြည်ကြည်နိုင်(မြန်မာ့အာမခံလုပ်ငန်း၊ငြိမ်း)၊ ဒေါ်ကြည်ကြည်ခိုင်(အထက-၃၊ဒဂုံ)တို့၏မိခင်ကြီး၊ မြေးရှစ်ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၁၈-၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် နှင်းဆီကုန်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။[အမှတ် ၆၅-E၊ ဗဟိုလမ်း၊(၃-ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ပါမောက္ခ ဒေါ်အုံးကြည် (ငြိမ်း)

သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်

(အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် ၁၂၇ (အေ)နေ (ဦးလှအောင်-ဒေါ်ညွှန့်ညွှန့်)တို့၏သမီးချွေးမ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးမြင့်၏ဇနီး၊ (ဦးတင်အောင်မြင့်)၊ ဒေါက်တာသန်းမေဦး (လက်ထောက်ဆေးရုံအုပ်ကြီး၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ မန္တလေး)၊ ဒေါက်တာရဲထွဋ်(Salisbury Hospital, UK)၊ ဒေါက်တာသီတာမြင့် (John Tasker House Surgery-UK)၊ ဦးသက်တင် (Aviat Networks, S'pore)၊ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်နီတာ(Joy Connection,S'Pore)၊ ဒေါက်တာဇင်အောင်မြင့်(လက်ထောက်ဆရာဝန်၊ သင်္ဃန်းကျွန်း၊ စံပြဆေးရုံကြီး)၊ ဒေါ်ခင်စိုးနွယ်(City mart Co., Ltd.)တို့၏မိခင်ကြီး၊ ဒေါက်တာအိအိဖြူထွဋ်(Broomfield Hospital, UK)၊ ဒေါက်တာမြတ်နိုးထင်အောင်မြင့် (မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးရုံး)၊ မစိုးသက်သက်အုံး(ခ)အိနီတာသက် (Service Source international S'pore)၊ မအိငယ်ထွဋ် (Cambridge University UK)၊ မအိသဉ္ဇာအောင်(Final Part II ဆေး-၁)၊ (ဦးဖေဝင်း-ဒေါ်ခင်ခင်စိန်)၊ ဦးဝင်း-[ဒေါ်ဇင်သွယ်(ခ)ဒေါ်ညွှန့်ရွှေ]၊ ဦးမြကွယ်-ဒေါ်ညွှန့်ရည်တို့၏အစ်မကြီး၊ တူ၊ တူမ ကိုးယောက်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိုးတင့် (ကနောင်)

လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)

အမှတ်(၃၂)အကြီးစားစက်ရုံ(ကွံခင်း)

အသက်(၆၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ ရွာသစ်ရပ်၊ အိမ်တော်ယာလမ်း၊ အမှတ် ၁၄၈နေ ဒေါ်မြသန်းစိန် [လက်ထောက်မန်နေဂျာ၊ အမှတ်(၃၂)အကြီးစားစက်ရုံ၊ ကြံခင်း]၏ခင်ပွန်း၊ ဦးသက်ပိုင်ထွန်း (လက်ထောက်မီးသတ်ဦးစီးမှူး၊ စလင်းမီးသတ်စခန်း)-ဒေါ်ဖြိုးဝေလှိုင် [သူနာပြု၊ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်]၊ ဒေါက်တာခန့်ကြည်သာ (Women's Centre S.S.C)တို့၏ဖခင်သည် ၁၈-၂-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၀၀း၄၅နာရီတွင်မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ နေ့လယ်တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးကိုကိုဦး

အသက်(၆၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၁၇၈၊ ပထမထပ် (ဝဲ)၊ ၃၇လမ်းနေ (ဦးဟန်စိန်)-ဒေါ်မြသိန်းတို့၏သားကြီး၊ ဦးထွန်းအုန်း-ဒေါ်စန်းစန်းရီ၊ ဦးမြင့်ဝေ-ဒေါ်တင်တင်မြတို့၏မောင်၊ ဦးမျိုးဝင်း-ဒေါ်အေးအေးမြင့်၊ ဦးဘုန်းနိုင်၊ ဦးဘုန်းကျော်-ဒေါ်ချိုချိုမြင့်၊ ဦးနေလင်းအောင်-ဒေါ်မိုးမိုးဟန်၊ ဦးကျော်ဦး-ဒေါ်နီနီဟန်တို့၏အစ်ကိုသည် ၁၇-၂-၂၀၁၄ရက် ည ၈း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလှအောင်(ခ)ရပ်ထျှန်လျှန်

အသက်(၈၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၂လမ်း၊ အမှတ် ၂၁နေ (ဦးရပ်ကင်လျောင်-ဒေါ်တန်ရင်ဟူ)တို့၏သား၊ (ဦးတန်ထျှန်ရှော့-ဒေါ်ရင်ကျော့)တို့၏ သားသမက်၊ ဒေါ်အေးအေးသန်း(ခ) ဒေါ်တန်ဖိတ်ဟာ၏ခင်ပွန်း၊ ဦးစံသိန်း-ဒေါ်ယဉ်ယဉ်ငွေ၊ မဝင်းဝင်းကြည်-ဦးမောင်မြ၊ မခင်ခင်ကြည်-စိုင်းရှဲန်သန်း၊ဦးမျိုးမြင့်-မရင်ရင်မြင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းတင်(ခ)ကြီးသန်း

ဧဓမျိုးဆက်

ကျောင်းသားခေါင်းဆောင်

(ဧဓမျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၈၅၈(က)နေ (ဆရာကြီး ဦးညွှန့်မောင်-ဒေါ်အုံးသင်)တို့၏သားငယ်၊ (ဦးဝင်းရှိန်)-ဒေါ်သန်းသန်း၊ (ဦးဝင်းမြင့်-ဒေါ်ခင်ခင်တာ)တို့၏ညီ၊ ဦးမြင့်အောင်-ဒေါ်သန်းသန်းငွေ၊ ဆရာမဒေါ်ချိုချိုမြင့်တို့၏အစ်ကို၊ တူ၊ တူမ ၁၄ယောက်တို့၏ဦးလေးသည်၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) ည ၁၁း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ဧဓမျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းကြည်

(ဂုဏ်ပိုးထည်တိုက်)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၆-စီ၊ ကမ္ဘာအေးဘုရားလမ်း၊ဆရာစံရပ်ကွက်၊ဗဟန်းမြို့နယ်နေ (ဦးလုကြည်-ဒေါ်နှင်းညွှန့်) (ဂုဏ်ပိုးထည်တိုက်)တို့၏ သမီးကြီး၊ (စည်သူ ဦးအေးကျော်)၏ဇနီး၊ (ဦးထွန်းအောင်ကျော်၊ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဒေါ်ခင်ဥမ္မာသိန်း (ဒု-ကြီးကြပ်ရေးမှူး၊ ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက် သင်တန်းကျောင်း)၊ ဒေါ်နုနုအေးတို့၏မိခင်ကြီး၊ မောင်စိုးဝေယံထွန်း (ဒုတိယနှစ်၊ ဆေး-၁)၊ မမြတ်သဉ္ဇာကျော်(အထက-၂၊ ဗဟန်း)တို့၏အဘွားသည် ၁၈-၂-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြင့် (မြောင်းမြ)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ အမှတ် ၁၁၀နေ (ဦးဘန်ခင်-ဒေါ်ငွေ)တို့၏သမီးထွေး၊ ဦးတင်ဦး-ဒေါ်အေးလိတ်၊ ဒေါ်သန်းသန်းမြင့်-ဦးအေးဖေ၊ ဦးကြည်မြင့်-ဒေါ်မို့မို့၊ ဒေါ်ချိုချိုသန်း-ဦးစိန်ညွှန့်မောင်တို့၏မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှမြင့် (ဝါးခယ်မ)

(ကုန်သွယ်ရေး၊ ငြိမ်း)

အသက်(၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွာလယ်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၅၁၊ (စံထိပ်ထား သနပ်ခါးစက်)နေ (ဦးဘိုးကျန်-ဒေါ်မယ်ဝံ)တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ ကိုမျိုးမင်းခိုင်-မဇာဇာဖြိုး၊ ကိုထက်ကျော်-မတင်တင်လတ်၊ကိုရဲမင်းသူ၊ကိုရဲမင်းသန်း၊မခိုင်ချိုချိုလတ်တို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည် ၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ် ၆၊ လေးလွှာ(က) နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ဝင်း(ခ) ဒေါ်အကျို့(ခ)ဒေါ်တရုတ်မ

အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၅ လမ်း၊ အမှတ် ၃၁၁နေ (ဦးအောင်ဝင်း-ဒေါ်အေးတင်)တို့၏သမီး(ဦးဘီးကြမ်း-ဒေါ်မွေး)တို့၏ချွေးမ၊ (ဦးကြံ့ရီ)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်အုန်းတင်၊ ဦးလှဝင်း-ဒေါ်ဝင်းဝင်းမာ၊ ဦးအောင်စိုး-ဒေါ်သီသီဝင်း၊ ဦးဝင်းမြင့်-ဒေါ်ဥမ္မာဝင်း၊ ဦးကျော်ကျော်ဦး - ဒေါ်ဝင်းဝင်းမော်၊ ဦးခင်ဝင်း-ဒေါ်အေးအေးဝင်း (Khine Khine Leather & Enie)၊ ကိုမောင်မောင်မြင့်တို့၏မိခင်၊ မြေး ၁၄ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဇာဂရ

သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

